ရောင်းမှန်

The Mirror Daily

၁၉၅၇ ခုနှစ် ပြီ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ 10, Sunday July 2016 (စဓ၁၈)

ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့ဌ ကျလေ့ရှိ၏။ ထိုစိတ်ကိုနှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့ သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၅)

အကြီးစားပြုပြင်မွမ်းမံထားသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(အပေါ်ပုံ)နှင့် အထူးအစီအစဉ်အဖြစ်ပြသမည့် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တု (ယာပုံ) အားတွေ့ရစဉ်။

(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ပြည်သူလူထုအဆင်ပြေစွာ ဂါရဝပြုနိုင်ရေး မှာကြား

ရန်ကုန် ဇူလိုင် ၉

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီတွင် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အာဇာနည်ဗိမာန်ရှိ နားနေဆောင်၌ ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့်တွေ့ဆုံပြီး နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူလူထုတို့ အဆင်ပြေချောမွေ့စွာ လာရောက်ဂါရဝပြုနိုင်ရေး၊ လုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်၍ အထူးဂရုပြုရေး၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအလိုက် ထောင့်စေ့ကွက်စေ့အောင် ပူးပေါင်းဆောင်ရွက်ရေး၊ တစ်နှစ်ထက်တစ်နှစ် အားနည်းချက်များလျော့နည်းအောင် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးမြင့်ဆွေက ညှိနှိုင်းပေါင်းစပ် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာရှ-ဥရောပဆွေးနွေးပွဲ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် မွန်ဂိုလီးယားနိုင်ငံသို့ မကြာမီသွားရောက်မည်

နေပြည်တော် ဇူလိုင် ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အာရှ-ဥရောပဆွေးနွေးပွဲ(အေဆမ်)၏ (၁၁)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့သို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ဒေါ်အောင်ဆန်းစုကြည်ပုံတူ ဆီလီကွန်ရုပ်တု သြဂုတ်လမှစတင်၍ ဂုဏ်ပြုထုလုပ်မည်

ရန်ကုန် ဇူလိုင် ၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ပုံတူ ဆီလီကွန်ပန်းပု ဂုဏ်ပြုထုလုပ်ရန် စီစဉ်ထားပြီး လာမည့်သြဂုတ်လတွင် စတင်လုပ်ဆောင်ရန် စီစဉ်ထားကြောင်း ပန်းချီ၊ ပန်းပု၊ ဆီလီကွန်ပညာရှင် ဦးအောင်ကျော်ထွန်းထံမှ သိရသည်။

လာမည့် ဇူလိုင် ၁၉ ရက် ဖြစ်သော အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်နေအိမ်ပြတိုက်သို့ အများပြည်သူများ လာရောက်လေ့လာကြည့်ရှုရာတွင် မြင်တွေ့ရမည့် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တုကိုလည်း အောင်မြင်စွာ ဖန်တီးလုပ်ဆောင်နိုင်ခဲ့သလို ဇူလိုင် ၂ ရက်က ပို့ဆောင်ထားခဲ့ပြီးနောက် လာမည့်သြဂုတ်လတွင်လည်း ယင်းကဲ့သို့ စီစဉ်ခြင်းဖြစ်သည်။

အဆိုပါပုံတူဆီလီကွန်ရုပ်တုကို ထုလုပ်ရာတွင် ပထမဆုံးအဖြစ် ကိုယ်တစ်ပိုင်းပုံကို ထုလုပ်မည်ဖြစ်ပြီး ယင်းနောက်မှ တစ်ပေအရွယ် ဆီလီကွန်ရုပ်တုကို ဆက်လက်စမ်းသပ်ထုလုပ်မှုများပြုလုပ်ပြီးမှ လူ၏အရွယ်အစားအတိုင်း ပုံတူထုလုပ်ကာ လုပ်ဆောင်သွားမည်ဟု သိရသည်။ ၎င်းသည် ဆီလီကွန်ရုပ်တုများထုရာတွင် စိတ်ခံစားချက်အပြည့်ဖြင့် လုပ်ဆောင်လေ့ရှိပြီး ဗိုလ်ချုပ်ရာပြည့် အထိမ်းအမှတ်အဖြစ် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ထားရှိရန် ဗိုလ်ချုပ်ပုံတူဆီလီကွန်ရုပ်တုကိုလည်း ထုလုပ်ခဲ့သေးသည်။

ထိုသို့သော ဆီလီကွန်ရုပ်တုထုသည့် အထိမ်းအမှတ်အဖြစ်လည်း ရှစ်လက်မအရွယ် ဗိုလ်ချုပ်ရုပ်တုများကို အများပြည်သူတို့အတွက် လက်ဆောင်အဖြစ် မဲဖောက်ပေးလေ့ရှိသလို ယခုတစ်ဖန် ဆန်းပြားသော အစီအစဉ်မျိုးဖြင့် ရွေးချယ်၍ လက်ဆောင်အဖြစ် ပေးဝေရန် စီစဉ်ထားကြောင်း သိရသည်။

(စန်း)

ကလေးဝမြို့၌ ချင်းတွင်းမြစ်ရေစိုးရိမ်ရေအမှတ် ကျော်လွန်ရောက်ရှိ

ကလေးဝ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ဇူလိုင် ၉ ရက်နံနက်ပိုင်းမှစတင်၍ ချင်းတွင်းမြစ်ရေသည် မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စိုးရိမ်ရေအမှတ် ၁၅၆၃ စင်တီမီတာအထိ ရောက်ရှိနေပါသဖြင့် ကလေးဝမြို့အနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် အမှတ်(၁)ရပ်ကွက်မြို့သာရပ်နှင့် ချင်းတွင်းမြစ်ကမ်းဘေးကျေးရွာများဖြစ်သော မထု၊ ဂဇက်၊ ယောစု၊ ဆင်ခေါင်း၊ တုန်နန်း၊ ကျော်ဇင်ကျေးရွာတို့၌ ရေစတင်ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းရေဝင်ရောက်သည့် ကျေးရွာများသို့ ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများသည် အဖွဲ့များခွဲ၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် စာရင်းကောက်ယူနေကြကြောင်းသိရသည်။ **(ကျိုးနက်)**

သိန္နီမြို့နယ်၌ အခြေခံအပ်ချုပ်သင်တန်းဆင်း

သိန္နီ ဇူလိုင် ၉

လားရှိုးခရိုင် သိန္နီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ အတွင်းဆောင်ရွက်ခဲ့သည့် အခြေခံအပ်ချုပ်သင်တန်းဆင်းပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခန်းမ၌ကျင်းပသည်။

အခြေခံအပ်ချုပ်သင်တန်းဆင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်၊ ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ စုစုပေါင်း ၆၀ တက်ရောက်ကြသည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွဏ်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံအပ်ချုပ်သင်တန်းကာလမှာ တစ်လဖြစ်ပြီး သင်တန်းတွင်ထူးချွန်ဆုရသူ သုံးဦးတို့အား ဆုများချီးမြှင့်ခဲ့ရာ ပထမဆုရ ကောင်းချို့ကျေးရွာမှ မနန်းလိန်ခမ်းအား မြို့နယ်ဦးစီးမှူးက အပ်ချုပ်စက်အသစ်တစ်လုံးကို ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

(သီပေါကိုလတ်)

■

နယ်မြေလုံခြုံရေးအတွက် လှည့်ကင်းဆောင်ရွက်

လားရှိုး ဇူလိုင် ၉

ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့(လားရှိုး) နယ်မြေ၌ ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီမှစတင်၍ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများကို သိသာထင်ရှားစွာဖြင့် ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုး ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်အင်အား ၁၂၀ နှင့် လားရှိုးနယ်မြေ၌ လုံခြုံရေးအင်အားပြည့် လှည့်ကင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

မြေးမှုံ

လူသားအားလုံးအရေး ဝိုင်းဝန်းထိန်းသိမ်း

ဥတုရာသီတောကိုမှီ၏ဟူသော ဆောင်ပုဒ်ကလေးသည် သစ်တောသစ်ပင်များကို အစဉ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ချက်ကို လမ်းမှန်ညွှန်ပြထားသည်။ အစဉ်ညွှန်ပြနေသော ထိုဆောင်ပုဒ်လေးသည် ယခုရာသီဥတုဖောက်ပြန်မှုနှင့်တလွဲ ဖြစ်နေသည်။ ဥတုတည်မှီရာ သစ်တောသစ်ပင်များ နည်းပါးလာခြင်းနှင့် ဆက်နွယ်နေသည်။

ယနေ့ ကမ္ဘာနှင့်တစ်ဝန်းလွှမ်းခြုံကာ လူသားများနှင့်သက်ရှိများ အားလုံးကို ဒုက္ခပေးနိုင်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပါဝင်မှုအားကောင်းလာသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို သစ်ပင်များကချေဖျက်သည်ဆိုငြားလည်း လူတို့ကြောင့် တိုးပွားလာသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့လွန်ကဲမှုကို လျော့ပါးအောင် သစ်ပင်များကခြေဖျက်ရန် မစွမ်းဆောင်နိုင်တော့ပေ။ သစ်တောပြန်းတီး၍ ကာဗွန်ဖြစ်စဉ်လွန်ကဲမှုကို လူသားတို့ပင်ခံစားလာကြရသည်။

ပြီးခဲ့သည့်နွေရာသီမှာ အယ်နီညိုရာသီဥတုဖောက်ပြန်မှုကြောင့် ပူပြင်းသည့်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရပြီးဖြစ်သည်။ ထို့နောက် မြန်မာနိုင်ငံ၏ ထုံးစံအတိုင်း မုန်တိုင်းငယ်တစ်ခုနှင့်အတူ မုတ်သုံမိုးအပြိုးနှင့် ရွာချလာသည်။ သစ်ပင်သစ်တောနည်းပါးမှု၏ အကျိုးဆက်အဖြစ် တောင်ပြိုကမ်းပြိုနှင့် ရေစီးသန် ရေလျှံဒုက္ခကြုံရသည်။ ပူပြင်းစဉ်က သစ်ရိပ်ဝါးရိပ်အောက်တွင် ခိုနားကာအပူရှောင်နိုင်ခဲ့သော်လည်း ကြမ်းတမ်းသောမိုးရာသီတွင် အချို့သောနေအိမ်များ ရေနစ်မြုပ်၍ ခိုကိုးရာမဲ့ဖြစ်ရသည်။ လမ်း၊ တံတားများမှာလည်း ကျိုးပျက်ကာ သွားလာရေးအခက်ကြုံရသည်။

ပမာအားဖြင့် သဘာဝတရားသည် မုန်ယိုနေသောဆင်ပြောင်ကြီးကဲ့သို့ ထိုးနှက်နင်းချေဖျက်ဆီးသကဲ့သို့ဖြစ်သည်။ အချို့နေရာဒေသများတွင် နေအိမ်၊ အဆောက်အအုံတို့ပျက်စီးခြင်း၊ လမ်း၊ တံတားများပျက်စီးခြင်းတို့အပြင် လူနှင့်တိရစ္ဆာန်တို့ပင် ဆုံးရှုံးမှုနှင့်ကြုံတွေ့ရသည့်အပြင် လေကြောင်းသွားလာရေးတွင်ပါ အနှောင့်အယှက်အခက်အခဲ၊ အန္တရာယ်တို့နှင့် ကြုံတွေ့ခဲ့ရသည်။ ရေကြီးရေလျှံ၊ ရေကျော်သောအရပ်ဒေသများတွင် ခရီးသွားနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့ပါ ခေတ္တပြတ်တောက်ခဲ့ရသည်။

ဤကဲ့သို့ ပြင်းထန်သောရာသီဥတုကို မိမိတို့မည်သို့ထိန်းကျောင်းပေးမည်နည်း။ ကြမ်းတမ်းသောရာသီဥတုကို လတ်တလောတွင် ကြုံကြိုခံရင်ဆိုင်ကျော်လွှားနေထိုင်ရင်း ရာသီကြမ်းကို ယဉ်ပါးစေနိုင်မည့် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းကို အချိန်ယူကုစားရမည်ဖြစ်သည်။ သန်း ၇၀၀၀ ကျော်သော ကမ္ဘာ့လူသားများ၊ သန်း ၇၀၀၀ မကသစ်ပင်များ စိုက်ပျိုးရင်း တစ်ဖက်တွင်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ် လျော့ကျရေးကို အလေးထားလျှော့ချကာ သန့်ရှင်းသော အောက်ဆီဂျင်တိုးပွားအောင် ဆောင်ရွက်ကြ ရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးရေးမှာ ဥတုရာသီပုံမှန်ဖြစ်ရေးအတွက် အထောက်အပံ့ကောင်းဖြစ်သည်။သစ်ပင်စိုက်ပျိုးကြရာတွင် တစ်ဖက်က တရားဝင် သစ်ပင်ခုတ်ခြင်း၊ တရားမဝင်သစ်ပင်ခုတ်ခြင်းတို့ လျော့နည်းကျဆင်းမှသာလျှင် ရည်မှန်းချက်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ယခုပြည်သူ့အစိုးရသစ်က သစ်ပင်ခုတ်ထွင်ခြင်းကို ထိထိရောက်ရောက် ဟန့်တားပေးသည့် ဆောင်ရွက်ချက်တစ်ရပ်ကြောင့် သစ်တောသစ်ပင်ရှင်သန်ရေးအတွက် အားတက်ဖွယ်ပင်ဖြစ်သည်။ ပဲခူးရိုးမအတွင်း သစ်တောသစ်ပင်ခုတ်ထွင်ခြင်းကို ၁၀ နှစ်တာ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သိရသည်။ အမှန်တကယ်တွင် အနှစ် ၂၀ မက ရိုးမတောအတွင်း ခုတ်ထွင်ရှင်းလင်းခြင်းကြောင့် သစ်တောသစ်ပင်များ ကုန်သလောက်နီးပါးဖြစ်ခဲ့ရသည်။ လက်ကျန်သစ်ပင်များရှင်သန်ရေးအတွက် ယခုဆောင်ရွက်ချက်မှာ အထောက်အပံ့ကောင်း ဖြစ်သည်။

သစ်ပင်များရှင်သန်ရေးမှာ အချိန်ယူဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်၍ စိတ်ရှည်သည်းခံ ကြိုကြိုခံရင်း လမ်းကြောင်းမှန်ကို စောင့်ကြရဦးမည်။ ဤအတောအတွင်း တရားမဝင်သစ်ပင်ခုတ်ထွင်ခြင်းများ ရှိနေဦးမည်ဖြစ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သစ်တောကာကွယ်ရေးအဖွဲ့များသာမက နယ်မြေဒေသအလိုက် ပြည်သူများကလည်း သစ်တောသစ်ပင်များရှင်သန်ရေးသည် လူသားအားလုံး၏အရေးအဖြစ်ခံယူပြီး တာဝန်ရှိရှု၊ တာဝန်သိသိ သစ်တောသစ်ပင်များကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

မြေးမှုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလုံ

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၁၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြှင့်
ကြေးပုံသတင်းစာတိုက်က ထုတ်ဝေသည်။

ခေတ္တ၇၈ပြီ ၁၆ တွင် စတင်စာတည်းထောင်ထည်း

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆-၃၄၁၂၆၊ စာတည်းအဖွဲ့ ၀၆-၃၄၁၂၇၊ ၀၆-၃၄၁၃၀၀၊ ဖက်စ် ၀၆-၃၄၁၃၃၀၊
ရန်ကုန်မြို့နယ် - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ဈေးမ/ဌေးရင်း ၀၁-၂၉၁၄၇၄၊ ပြန်ကိုယူရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၂၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

ကြေးမုံ

ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်

မိမိတို့အစိုးရအဖွဲ့ဟာ တိုင်းပြည်အတွက် လုပ်ငန်းတွေ နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေကြရတာမှာ အချိန်အားရတယ်မရှိဘူး။ တချို့ကိစ္စတွေဟာ တိုင်းပြည်မှာ ဖြစ်နေကြရတာက ဟိုကတစ်မျိုး ဒီကတစ်ဖုံ ဆိုတာလိုဖြစ်တော့ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်ဘူး။ ဒီတော့ မိမိတို့အစိုးရအဖွဲ့ တကယ့်အခက်အခဲတွေထဲမှာ အလုပ်လုပ်နေရတော့ တချို့နေရာမှာ မအောင်မြင်တာလေး တွေလည်း ရှိတယ်။ အောင်မြင်တာတွေလည်း ရှိတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများနှင့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)

❒ **ရှေ့ဖုံးမှ**

ဆောင်ရွက်ပေးသည်။ ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပမည့် အာဇာနည်ဗိမာန်သို့ ရောက်ရှိပြီး အာဇာနည်ဗိမာန်အတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းရာဇဝင်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများနှင့် အဆိုအမိန့်များကို ချိတ်ဆွဲပြသမည့် Graphic Board ပြုလုပ်ဆောင်ရွက်ထားရှိမှု၊ စိမ်းလန်းစိုပြည်ရေးအတွက် ပန်းခြံများပြုပြင်ထိန်းသိမ်းထားရှိမှု၊ အာဇာနည်ဗိမာန်မှ ကြွေလွင့်လာသော ကြယ်တစ်ပွင့်အား ပုံဖော်ဆောင်ရွက်ထားရှိမှုအပါအဝင် အကြီးစားပြုပြင်မွမ်းမံထားရှိမှုများ၊ အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုလွမ်းသူပန်းခွေချရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ အာဇာနည် (၉)ဦး၏ မော်ကွန်းကမ္ဘည်းကြေးပြားတပ်ဆင်နေမှု၊ ပြည်သူများလာရောက်ဂါရဝပြုမည့် လမ်းတစ်လျှောက် ယာဉ်လမ်းကြောင်းအခြေအနေ စသည့်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရောက်ရှိပြီး ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအတွက် အကြီးစားပြုပြင်မွမ်းမံပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တုပြသထားရှိမှု၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓာတ်ပုံများပြသရန်စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(ယခင် အတွင်းဝန်များရုံး) သို့ သွားရောက်ပြီး လွတ်လပ်ရေးရသည့်နေ့တွင် ယူနီယံဂျက်အလံအားဖြတ်ချ၍ မြန်မာနိုင်ငံတော်အလံကို ပြန်လည်လွှင့်တင်သည့် အလံတိုင်နေရာ၊ တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပရာနေရာနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးရာအစည်းအဝေးခန်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင်မော်ကွန်းကျောက်စာတိုင်နှင့် အဆိုပါကျောက်စာတိုင်ရှေ့မြက်ခင်းပြင်၌ ၂၀၁၆ ခုနှစ် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် နိုင်ငံတော်အလံအား တိုင်ဝက်သို့လွှင့်ထူမည့်အစီအစဉ်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ပြည်သူများ ဂါရဝပြုလေ့လာကြည့်ရှုနိုင်ရန် စီစဉ်ထား

ရန်ကုန် ဇူလိုင် ၉

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုအလေးပြုကြမည့် ပြည်သူများအဆင်ပြေချောမွေ့စေရန် သောက်ရေသန့်များ၊ မိုဘိုင်းသန့်စင်ခန်းများ ထားရှိပေးမည်ဖြစ်သလို အာဇာနည်ဗိမာန်အနီး အနောက်ရွှေဂုံတိုင်လမ်းနှင့် ရွှေဂုံတိုင်(၁)လမ်းဆုံ၊ ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံ စသည့်နေရာနှစ်ခုတို့တွင် အာဇာနည်နေ့အခမ်းအနားကျင်းပနေပုံကို LED ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

အလားတူ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(ယခင် အတွင်းဝန်များရုံး)အတွင်း လာရောက်ကြည့်ရှုလေ့လာကြမည့် ပြည်သူများအတွက် ဗိုလ်ချုပ်အောင်ဆန်း တိုင်းပြုပြည်ပြုလွှတ်တော် တက်ရောက်ခဲ့သည့် ပါလီမန်အဆောက်အအုံကို ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားရှိပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးရာအစည်းအဝေးခန်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင်မော်ကွန်းကျောက်စာတိုင်နှင့် အဆိုပါကျောက်စာတိုင်ရှေ့ မြက်ခင်းပြင်၌ ၂၀၁၆ ခုနှစ် အာဇာနည်နေ့အခမ်းအနားတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် နိုင်ငံတော်အလံအား တိုင်ဝက်သို့လွှင့်ထူမည့်အစီအစဉ်များပါဝင်ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုကြမည့် ပြည်သူများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း စာဖတ်နေသည့်ဟန် ပုံတူဆီလီကွန်ရုပ်တုနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓာတ်ပုံများကို ပြတိုက်အဝင်လျှောက်လမ်းတစ်လျှောက်တွင် ပြသသွားမည်ဖြစ်ပြီး ဇူလိုင် ၁၉ ရက် အာဇာနည်နေ့အခမ်းအနားအပြီး ဇူလိုင် ၂၀၊ ၂၁ ရက်များတွင်လည်း ပြည်သူများ အခမ့်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ရန်စီစဉ်ထားကြောင်း (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ အစည်းအဝေးမှ သိရသည်။

ယခုကျင်းပမည့် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ယခင်နှစ်များနည်းတူ လာရောက်ကြည့်ရှု ဂါရဝပြုကြမည့် မိဘပြည်သူများအနေဖြင့် လက်ကိုင်ဖုန်း အမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်းဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်၊ သံပိုက်များကို ယူဆောင်၍ဝင်ရောက်ခြင်းမပြုရန်နှင့် ဒရုန်းများ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် တားမြစ်ထားပြီး အဆိုပါအသိပေးတားမြစ်ချက်ကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ပြည်သူများသိရှိစေရန် အသိပေးကြော်ငြာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြသည့် ဧည့်ပရိသတ် ၁၄၀၀၀ ကျော်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူပေါင်း ၁၅၀၀၀ ကျော်ရှိကြောင်း သိရသည်။

သတင်း - ဝင်းဝင်းမော်
ဓာတ်ပုံ - ဇော်မင်းလတ်

အစုရှယ်ယာရှင်တောင်သူများပါဝင်သည့် မအူပင်စက်မှုဇုန်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်မည်

မအူပင် ဇူလိုင် ၉

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်အတွင်းရှိ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရေးအတွက် ကေပေါင်း ၂၈၃ ဒသမ ၄၁ ကေအကျယ်အဝန်းရှိ အစုရှယ်ယာရှင်တောင်သူများ ပါဝင်သည့် မအူပင်စက်မှုဇုန်စီမံကိန်းအား မအူပင်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်သည်။

အဆိုပါမအူပင်စက်မှုဇုန်စီမံကိန်းကို မအူပင်မြို့နယ် ညောင်ဝိုင်းကွင်း ပံတပွတ်အနောက်ကွင်းရှိ ညောင်ဝိုင်း ကျေးရွာအုပ်စုနှင့် ပံတပွတ်ကျေးရွာအုပ်စု ဆက်စပ်နေရာ အနီး၌ဘဲတည်ဆောက်ဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းဒေသကြီးအတွင်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် ရည်ရွယ်ဖော်ဆောင်ခြင်းဖြစ်ကာ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန်အတွက်လည်းကောင်း၊ လူတစ်ဦးချင်းစီအလိုက် ဝင်ငွေမြင့်မားတိုးတက်လာစေရန်အတွက်လည်းကောင်း၊ ဒေသအတွင်းရှိ လူစွမ်းအားအရင်းအမြစ်များ ထိရောက်စွာအသုံးချနိုင်စေရန်အတွက်လည်းကောင်း၊ ဒေသအတွင်းရှိ သဘာဝအရင်းအမြစ်များအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်စေရန်အတွက်လည်းကောင်း၊ အခြားဒေသများသို့ ရောက်ရှိနေသော လုပ်သားများနှင့် ဒေသခံကျွမ်းကျင်ပညာရှင်များမိသားစုနှင့်အတူတကွ နေထိုင်လုပ်ကိုင်နိုင်စေရန်အတွက်လည်းကောင်း မအူပင်စက်မှုဇုန်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရခြင်းဖြစ်ကြောင်း မအူပင်စက်မှုဇုန်စီမံကိန်းမှ သိရသည်။

မအူပင်စက်မှုဇုန်စီမံကိန်းစတင်ရန်အတွက် မအူပင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ ရင်းနှီးမြှုပ်နှံသူ အစုရှယ်ယာရှင် ၂၆ ဦးဖြင့်စတင်ခဲ့ခြင်းဖြစ်ပြီး မအူပင်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ အစုရှယ်ယာရှင် ၁၃၄ ဦးပါဝင်ကြောင်း၊ Shanghai Yangon Investment ကုမ္ပဏီလီမိတက်မှ ၅၅ ရာခိုင်နှုန်း၊ မအူပင်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ၃၀ ရာခိုင်နှုန်း၊ Southern Metal Industry ကုမ္ပဏီလီမိတက်မှ ၁၅ ရာခိုင်နှုန်း ဖက်စပ်ရင်းနှီးမြှုပ်နှံပါဝင်ကြောင်း သိရသည်။

စီမံကိန်းအတွင်း ဝတ်ဆင်ရေးစက်ရုံ ၄၂ ရုံ၊ စားသောက်ရေးဆိုင်ရာစက်ရုံ သုံးရုံ၊ နေထိုင်ရေးဆိုင်ရာ လုပ်ငန်းစက်ရုံ သုံးရုံ၊ စာပေအနုပညာဆိုင်ရာလုပ်ငန်းစက်ရုံ တစ်ရုံ၊ လျှပ်စစ်ပစ္စည်းစက်ရုံ တစ်ရုံတို့ဖြင့် စက်ရုံစုစုပေါင်း ၅၀ အား ဆောက်လုပ်ရန်လျာထားကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် ခန့်မှန်းပမာဏမှာ ဒွေကျပ်သန်းပေါင်း ၂၆၉၁၀၀ ခန့်မှန်းထားပြီး အခြေခံအဆောက်အအုံများအတွက် ခန့်မှန်းပမာဏမှာ ဒွေကျပ်သန်းပေါင်း ၂၂၁၁၃ သန်းခန့်မှန်းထားကာ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း ဒွေကျပ်သန်းပေါင်း ၂၉၁၂၁၃ သန်း ကုန်ကျခံခန့်မှန်းထားကြောင်း သိရသည်။ စက်ရုံများဆောင်ရွက်ပြီးစီးပါက အလုပ်အကိုင် အခွင့်အလမ်း ခန့်မှန်းအလုပ်သမားဦးရေ ၇၇၀၀၀ အလုပ်အကိုင်ရရှိကြမည်ဖြစ်သည်။

မအူပင်စက်မှုဇုန်စီမံကိန်းမှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းလှိုင်က "ကျွန်တော်တို့ဒေသအတွင်းမှာရှိနေကြတဲ့ ပြည်သူတွေအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအလုပ်အကိုင်တွေဟာ ကြီးကြီးမားမားဆိုတာမရှိပါဘူး။ ဒါကြောင့် ဒီဒေသမှာတော့ စက်မှုဇုန်တစ်ခုရှိရင်ကောင်းမယ်ဆိုပြီး အကောင်အထည်ဖော်ဆောင်ရွက်လိုက်တာပါ။ စီမံကိန်းထဲမှာ တောင်သူ ၁၀၈ ဦးလည်း ရှယ်ယာပါဝင်ကြတာဆိုတော့ တောင်သူတွေလည်း ဝမ်းသာဝီတိုဖြစ်နေကြပါတယ်။ လောလောဆယ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ဖို့၊ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လယ ၃၀ ရရှိဖို့အတွက် သက်ဆိုင်ရာကို တင်ပြထားပြီးပါပြီ။ မကြာခင်ကာလမှာ ကျလာတော့မှာပါ။ နိုင်ငံတော်အစိုးရကလည်း ကျွန်တော်တို့လိုလုပ်ငန်းရှင်တွေ စုပေါင်းပြီး ကြီးမားတဲ့စက်ရုံတွေ ဆောက်လုပ်မှာကို ပံ့ပိုးပေးမယ်ပြောထားပြီးပါပြီ။ MIC ကို တင်ပြဖို့အတွက် လိုအပ်တဲ့ အချက်အလက်တွေကိုလည်း လုပ်ထားပြီးသားပါ။ လက်ရှိ စီမံကိန်းက ခေတ္တရပ်ထားတယ်ဆိုတာကလည်း မိုးရာသီကာလဖြစ်တာအတွက်ကြောင့် လျှပ်စစ်ရရှိဖို့အတွက် ဘယ်တော့ရမလည်းဆိုတာ ခန့်မှန်းပြောလို့မရလို့ပါ။ ဒီလျှပ်စစ်ရရှိဖို့အတွက်ကလည်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်ကနေ ရမယ်လို့ သိရပါတယ်။ နောက်တစ်ခုကလည်း ဆိုလာကုမ္ပဏီကနေ ကျွန်တော်တို့နဲ့ ပူးပေါင်းလုပ်ဆောင်ဖို့ ကမ်းလှမ်းလာတာလည်း ရှိနေပါတယ်။ မအူပင်စက်မှုဇုန်စီမံကိန်းပြီးစီးရင်တော့ လျှပ်စစ်ကဏ္ဍလည်း အဆင်ပြေသွားမှာပါ"ဟု ရှင်းပြသည်။

လက်ရှိအနေအထားအရ မအူပင်စက်မှုဇုန်စီမံကိန်းစတင်ရန်အတွက် စီမံကိန်းအတွင်းရှိ ဖောင်ဒေးရှင်းလုပ်ငန်းများနှင့် လမ်းများအားအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရေဆိုးများ စွန့်ပစ်ရန်အတွက် ရေမြောင်းများတူးဖော်ခြင်းနှင့် စီမံကိန်းအတွက် ခြံစည်းရိုးခတ်ခြင်း ပတ်ဝန်းကျင်လုပ်ငန်းများဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ရှယ်ယာရှင်တောင်သူများအတွက် အိမ်ရာစီမံကိန်း Town Plan ကိုလည်း ဆာဗေးလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

"မအူပင်စက်မှုဇုန်စီမံကိန်းရဲ့ထူးခြားချက်ကတော့ အခြားစက်မှုဇုန်များနဲ့ မတူပါဘူး။ အစုရှယ်ယာရှင်တောင်သူများ ပါဝင်နေလို့ပါ။ ဒေသတွင်းမှာနေထိုင်ကြတဲ့ အမျိုးသား အမျိုးသမီးတွေအတွက် စွမ်းဆောင်ရည်မြင့်မားသင်တန်းတွေ၊ စက်ချုပ်သင်တန်းတွေကိုလည်း မကြာခင် သင်ကြားပို့ချတော့မှာပါ။ စက်မှုဇုန်စီမံကိန်း အောင်မြင်သွားရင်တော့ ကျွန်တော်တို့ဒေသဟာ တိုင်းဒေသကြီး တစ်ခုလုံးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ ရေနက်ဆိပ်ကမ်းလည်း အများကြီး လုပ်ဆောင်လို့ရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလည်း ပါဝင်လာမှာဖြစ်တဲ့အတွက်ကြောင့် စက်ရုံက အလုပ်သမားတွေအတွက် တရုတ်ဘာသာစကားလည်း မကြာမီ သင်ကြားပေးသွားဖို့စီစဉ်ထားပါတယ်"ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် ပထမစက်မှုဇုန်မှာ ရန်ကုန်မြို့ဖြစ်ပြီး ဒုတိယစက်မှုဇုန်မှာ မန္တလေးမြို့ဖြစ်ကာ တတိယစက်မှုဇုန်မြို့ဖြစ်လာမည်ဖြစ်သော ရောဝတီတိုင်းဒေသကြီးရှိ အဆိုပါမအူပင်စက်မှုဇုန်စီမံကိန်းအား သုံးနှစ်တာကာလအတွင်း အပြီးသတ်တည်ဆောက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းစီမံကိန်းမှ သိရသည်။

စိုးဝင်း(MLA)

◆

နေတိုးတပ်ဖွဲ့များကို ပိုလန်နှင့် ဘောလ်တစ်ဒေသသို့ တပ်ဖြန့်ထားမည်

ဝါဆော ဇူလိုင် ၉

ရုရှားနိုင်ငံ၏ ကာကွယ်ရေးမြင့်တင်မှုများကို တုံ့ပြန်သည့် အနေဖြင့် ဘောလ်တစ်ဒေသနှင့် ပိုလန်နိုင်ငံသို့ နေတိုးတပ်ဖွဲ့များကို ဖြန့်ကြက်မည်ဖြစ်ကြောင်း နေတိုးခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

၂၈ နိုင်ငံပါဝင်သည့် နေတိုးအဖွဲ့ခေါင်းဆောင်များသည် ဇူလိုင် ၈ ရက်က ပိုလန်နိုင်ငံမြို့တော်ဝါဆောခ္ဍကျင်းပခဲ့သည့် နေတိုးထိပ်သီးအစည်းအဝေးတွင် အထက်ပါကိစ္စကို သဘောတူညီခဲ့ကြသည်။

ခေါင်းဆောင်များက ရုရှားနိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား မြင့်မားလာမှုကို မည်သို့ပြန်လည် တုံ့ပြန်ရမလဲဆိုသည့် အချက်ကို ဆွေးနွေးအဖြေရှာခဲ့ကြသည်။ ၂၀၁၄ ခုနှစ် ယူကရိန်းပဋ္ဌပကွစပြီး ရုရှားကာကွယ်ရေးစွမ်းပကားမြင့်တက်လာခဲ့သည်ဟု ခေါင်းဆောင်များက ဆိုသည်။

လာမည့်နှစ်ကစပြီး အမေရိကန်၊ ဗြိတိန်၊ အက်စတိုးနီးယား၊ လတ်ဗီးယားနှင့် လစ်သူရေးနီးယားနိုင်ငံများက ဦးဆောင်ပြီး စစ်စခန်းလေးခုကို တပ်ဖြန့်ထားရန် ခေါင်းဆောင်များက ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။

ထို့ပြင် ပင်လယ်နက်ဒေသတွင် ရုရှားနိုင်ငံ၏ ကာကွယ်ရေး စွမ်းပကားမြင့်တက်လျက်ရှိသည့်အတွက် ခေါင်းဆောင်များက ရိုမေးနီးယားနှင့် ဘူလ်ဂေးရီးယားနိုင်ငံတို့တွင် နိုင်ငံပေါင်းစုံပါဝင်သည့် တပ်ဖွဲ့များစစ်ရေးလေ့ကျင့်ရန် သဘောတူညီခဲ့ကြသည်။

ရုရှားနိုင်ငံအနေဖြင့် ၎င်း၏ကာကွယ်ရေးစွမ်းရည်ကို တဖြည်းဖြည်း အဆင့်မြှင့်တင်လျက်ရှိသည်ဟု နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် ဂျန်စ်စတိုတန်ဘက်ဂျ်က ဇူလိုင် ၈ ရက်က မီဒီယာများကို ပြောကြားခဲ့ကြောင်းသိရသည်။

ဥရောပသမဂ္ဂအဖွဲ့မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ခဲ့ပြီးနောက် ဒေသတွင်းလုံခြုံရေးအပေါ် နေတိုးအဖွဲ့က စိုးရိမ်ပူပန်မှုများရှိလင့်ကစား နေတိုးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စည်းလုံးညီညွတ်မှုရှိသည်ကိုပြသရန် ခေါင်းဆောင်များက ဆန္ဒပြင်းပြနေသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

အင်နီအိတ်ချ်ကေ။

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများ၌ပါဝင်ရန် အမျိုးသမီးအရာရှိများကို ဗီယက်နမ်စေလွှတ်မည်

ဟန္တိုင်း ဇူလိုင် ၉

ဗီယက်နမ်နိုင်ငံသည် တောင်ဆူဒန်နှင့် ဗဟိုအာဖရိကသမ္မတနိုင်ငံတို့၌ ဆောင်ရွက်မည့် နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းမှု မစ်ရှင်လုပ်ငန်းများတွင်ပါဝင်ရန် အမျိုးသမီးစစ်အရာရှိများကို စေလွှတ်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများအရသိရသည်။

ဗီယက်နမ် အမျိုးသမီး စစ်အရာရှိများသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု အထူးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိကြောင်း ဗီယက်နမ်ငြိမ်းချမ်းရေးထိန်းသိမ်းမှုဌာန ညွှန်ကြားရေးမှူး ဟောင်ကင်ဖန်၏ ပြောကြားချက်ကို ကိုးကားလျက် ကွမ်ဒွါင်ညံ့ဇ (ပြည်သူ့တပ်မတော်) အမည်ရှိ သတင်းစာက ဇူလိုင် ၇ ရက်တွင် ရေးသားဖော်ပြသည်။

ဗီယက်နမ် ငြိမ်းချမ်းရေးထိန်းသိမ်းမှုဌာနသည် အမျိုးသမီး စစ်အရာရှိများအတွက် လိုအပ်သောလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။ ကုလသမဂ္ဂနှင့် ညှိနှိုင်းချက်အရ အမျိုးသမီးစစ်အရာရှိများကို စေလွှတ်ပေးသွားမည်ဖြစ်သည်။

ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် တစ်ရက်အတွင်း စစ်သွေးကြွ ၁၀ ဦးအား သုတ်သင်

ကဘူး ဇူလိုင် ၉

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း စစ်ဆင်ရေးများလုပ်ဆောင်ခဲ့ရာ စစ်သွေးကြွ ၁၀ ဦးအား သုတ်သင်နိုင်ခဲ့ကြောင်း အစိုးရတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့ (အေအန်အက်စ်အက်ဖ်)သည် လွန်ခဲ့သည့် ၂၄ နာရီအတွင်းက တက်ဟာနှင့် ဟဲလ်မန့်ပြည်နယ်အတွင်း၌ နယ်မြေရှင်းလင်းရေး စစ်ဆင်မှုအကြိမ်အရေအတွက် အချို့ပြုလုပ်ခဲ့ရာ လက်နက်ကိုင် စစ်သွေးကြွခြောက်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကာ ခုနစ်ဦးကို ထိန်းသိမ်းရရှိခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အာဖဂန် အမျိုးသားလုံခြုံရေး တပ်ဖွဲ့ဝင်များက လက်နက်များကို ရှာဖွေတွေ့ရှိပြီး သိမ်းဆည်းရယူခဲ့ကြောင်းနှင့် အာဖဂန်ကြည်းတပ် တပ်ဖွဲ့ဝင်သုံးဦးလည်း စစ်ဆင်ရေးပြုလုပ်စဉ် သီးခြားဖြစ်စဉ်များ၌ ကျဆုံးခဲ့ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကန်ဒုစ်ပြည်နယ် အိုင်မန် ရှာဟစ်ခရိုင်ရှိ အစိုးရတပ်စခန်းတစ်ခုကို ဇူလိုင် ၈ ရက် ညပိုင်း၌ လာရောက်တိုက်ခိုက်သော စစ်သွေးကြွများအား အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များက တွန်းလှန်တိုက်ခိုက်ရာ စစ်သွေးကြွလေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်ဟု အာဖဂန်စစ်ဘက်သတင်းရင်းမြစ်များက ဇူလိုင် ၉ ရက် နံနက်အစောပိုင်းတွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆင်ဟွာ။

ဂျပန်နိုင်ငံတွင် အပူလှိုင်းကျရောက် သုံးဦးသေဆုံးပြီး လူ ၄၉၀ ခန့် ဆေးရုံတင်ပို့

တိုကျို ဇူလိုင် ၉

ဂျပန်နိုင်ငံတစ်ဝန်းတွင် အပူချိန်များ မြင့်တက်လာခြင်းကြောင့် ဇူလိုင် ၇ ရက်က အပူရှပ်ခြင်း သို့မဟုတ် အပူကြောင့် ပင်ပန်းနွမ်းနယ်ခြင်းကြောင့် လူသုံးဦး သေဆုံးပြီး လူပေါင်း ၄၉၀ ခန့်ကို ဆေးရုံသို့တင်ပို့ပေးခဲ့ရကြောင်း ကျိုဒိုသတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် မိုးလေဝသအေဂျင်စီက တိုင်းတာရေးစခန်း ၉၀၂ ခု ဖြန့်ကြက်ထားရာ စခန်းပေါင်း ၄၀၀ ကျော်တွင် အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ထက်မနည်း မှတ်တမ်းရယူခဲ့ပြီး ဒေသ ၅၁ ခုတွင် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ထိ အပူချိန်မြင့်တက်ခဲ့သည်။

ဂျပန်နိုင်ငံအရှေ့ပိုင်း ယာမာနာရှိပြည်နယ်၏ မြို့တော် ကိုရှတွင် အပူချိန် ၃၈ ဒသမ ၈ ဒီဂရီ စင်တီဂရိတ်ရှိပြီး ဂျပန်နိုင်ငံအလယ်ပိုင်း ကာဝါနီဟွန်ချိန္နှင့် ရှီဇူကာပြည်နယ်များတွင် အပူချိန် ၃၈ ဒသမ ၆ ဒီဂရီ စင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဖိအားမြင့်မားသော စနစ်တစ်ခုက ပင်လယ်ပြင်အတွင်း ကျွန်းစုများအဖြစ်တည်ရှိနေသော ဂျပန်နိုင်ငံကို ဖုံးလွှမ်းထားခြင်းမှ ကျယ်ပြန့်သောလေပူထုကို ဖြစ်ပေါ်စေပြီး ယင်းလေထုသည် ဂျပန်ကျွန်းစုတစ်ခုလုံးကို ဖုံးအုပ်ထားကြောင်း ဂျပန် မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ဆင်ဟွာ။

တောင်ဆူဒန်သမ္မတနန်းတော်၌ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီး လူ ၁၁၅ ဦးသေဆုံး

ဂျူဘာ ဇူလိုင် ၉

တောင်ဆူဒန်နိုင်ငံမြို့တော် ဂျူဘာရှိ သမ္မတနန်းတော်၌ ဇူလိုင် ၈ ရက် ညနေပိုင်းက အပြင်းအထန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူ ၁၁၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဇူလိုင် ၉ တွင် အတည်ပြုပြောကြားသည်။

အဆိုပါပစ်ခတ်မှု၌ သေဆုံးသွားသည့်အလောင်းအများစုမှာ အစိုးရတပ်မတော်ဘက်မှဖြစ်ပြီး ဂျူဘာဆေးရုံရှိအအေးခန်းမှာ လူသေအလောင်းများဖြင့်ပြည့်နေကြောင်း အတိုက်အခံဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ပြောရေးဆိုခွင့်ရှိသူ ဝီလျံဂတ်ဂျစ်က ပြောကြားသည်။

အလားတူပင် တောင်ဆူဒန်ဒုတိယသမ္မတ ရိုက်ခ်မာချာဦးဆောင်သည့် အတိုက်အခံ ဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဘက်မှလည်း အများအပြား သေကျေဒဏ်ရာရရှိခဲ့ကာ တာဝန်ရှိသူများသည် သမ္မတနန်းတော်နှင့် ဂျူဘာမြို့၏ဆင်ခြေဖုံးအရပ်များတွင် ရှာဖွေရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

"အခင်းဖြစ်တဲ့နေရာမှာ အတိုက်အခံ ဆူဒန်လွတ်မြောက်ရေးတပ်မတော်မှ ကျွန်တော်တို့ရဲ့ကိုယ်ရံတော် ၃၅ ဦးရဲ့အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဒါ့အပြင် သမ္မတနန်းတော်ခြံစည်းရိုးအပြင်ဘက်မှာ တာဝန်ချထားတဲ့ အစိုးရထောက်ခံတဲ့ ဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဘက်မှ အလောင်း ၈၅ လောင်းကို လည်း ရှာဖွေတွေ့ရှိခဲ့ပါတယ်" ဟုဂတ်ဂျစ်က ပြောကြားသည်။

လက်နက်ကြီးပစ်ခတ်မှုများပါဝင်သည့် အဆိုပါပစ်ခတ်မှု၏အသံများကို တောင်ဆူဒန်သမ္မတ ဆာလ်ဗာကီးရ၊ ဒုတိယသမ္မတ ရိုက်ခ်မာချာနှင့် ဒုတိယသမ္မတ ဝါနီအစ်ဂါတို့ အစည်းအဝေးပြုလုပ်လျက်ရှိရာ သမ္မတနန်းတော်ခြံဝင်းမှ ညနေ ၅ နာရီခွဲ ခန့်ကတည်းက ကြားခဲ့ရခြင်းဖြစ်သည်။ သမ္မတ ဆာလ်ဗာကီးရ၊ ဒုတိယသမ္မတ ရိုက်ခ်မာချာနှင့် ဒုတိယသမ္မတဝါနီအစ်ဂါတို့သည် ဇူလိုင် ၇ ရက်က ရန်ပွဲဖြစ်ပွားပြီး စစ်သည်ငါးဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ပြီးနောက် ယခုကဲ့သို့အစည်းအဝေးပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းပစ်ခတ်မှုသည် ဒုက္ခသည် ၂၈၀၀၀ ခန့်ခိုလှုံလျက်ရှိ တောင်ဆူဒန်ဆိုင်ရာ ကုလသမဂ္ဂအခြေစိုက် စခန်းအပါအဝင် မြို့နှင့်အနီးဝန်းကျင်နေရာအားလုံးသို့ပျံ့နှံ့သွားခဲ့သည်။ သို့သော် ယင်းပစ်ခတ်မှုဖြစ်ပွားရခြင်းအကြောင်းကိုမူ အသေးစိတ်မသိရသေးပေ။

ဆင်ဟွာ။

အာဇာနည်ခေါင်းဆောင်ကြီး အတွင်းဝန်ဦးအုန်းမောင်၏သားက ပြောပြသည့် အာဇာနည်နေ့နှင့် မိသားစုအကြောင်း

ရန်ကုန် ဇူလိုင် ၉

"အဖေ ကျဆုံးချိန်မှာ သယ်ယူပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနမှာ အတွင်းဝန်ပါ။ အဲဒါမတိုင်မီကတော့ မြစ်ကြီးနားမှာ တိုင်းမင်းကြီးပါ။ အဖေက မြစ်ကြီးနားမှာ နေခဲ့တော့ ပင်လုံညီလာခံလုပ်ဖို့အတွက် ဗိုလ်ချုပ်ရဲ့ညွှန်ကြားချက်အရ ကချင်ခေါင်းဆောင် ဆမားဗူးဝါးဆင်ဝါးနောင်ကို အဖေကဖိတ်ခေါ်ခဲ့တယ်။ နောက်ပိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့တယ်။ တွေ့ဆုံဆွေးနွေးမှု အောင်မြင်ခဲ့တဲ့အတွက် ကချင်ခေါင်းဆောင်ကြီးက အမှတ်တရ ကချင်ရိုးရာဝေးတစ်ချောင်း အဖေ့ကိုလက်ဆောင်ပေးခဲ့တယ်။ အဖေနဲ့ ဆမားဗူးဝါးဆင်ဝါးနောင်က တော်တော်ရင်းနှီးတယ်လို့ သိရပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အဖေ ကျဆုံးသွားခဲ့ပါတယ်"ဟု အာဇာနည်ခေါင်းဆောင်ကြီး အတွင်းဝန်ဦးအုန်းမောင်၏သားဖြစ်သူ ဒေါက်တာမင်းမြင့်က ပြောသည်။

ဖခင်ကျဆုံးခဲ့ပြီးနောက် ၎င်းတို့မိသားစု ဘဝဖြတ်သန်းမှုပုံရိပ်များနှင့် အမှတ်တရ အကြောင်းအရာအချို့နှင့် စပ်လျဉ်း၍"မိသားစုတွေ အနေနဲ့ကတော့ အဖေကျဆုံးသွားတဲ့နောက်ပိုင်းမှာ စားဝတ်နေရေးအတွက် လုပ်ငန်းအခက်အခဲတွေဖြစ်ကုန်တယ်။ အဖေ့အတွက် အင်္ဂလန်ကပေးတဲ့ ICS ပင်စင်နဲ့ နိုင်ငံတော်ကပေးတဲ့ပင်စင်ရတယ်။ အခုထိ အဲဒီပင်စင်နှစ်ခုလုံးရနေပါသေးတယ်။

ဒေါက်တာမင်းမြင့် ပါမောက္ခ/ဌာနမှူး(ပြိမ်း)ကုန်ထုတ်ဓာတုဗေဒဌာန

အခုဆိုရင် အမေကလည်း အသက်ကြီးပြီဆိုတော့ ကျန်းမာရေးလည်း မကောင်းတော့ဘူး။ ဟိုတုန်းကတော့ အာဇာနည်မိသားစုတိုင်းကို ဓာတ်ဆီဆိုင်ပေးခဲ့တယ်။ ကျဆုံးတဲ့မိသားစုအားလုံးကို ပေးခဲ့ပါတယ်။ အဲဒီတုန်းကတော့ အမေက ဓာတ်ဆီဆိုင်ဖွင့်ခဲ့လို့ လည်ပတ်တယ်။ နောက်ပိုင်း ၁၉၆၃ ခုနှစ်လောက်မှာတော့ ပြည်သူပိုင်သိမ်းတဲ့အထဲပါသွားတယ်။ ဘာလျော်ကြေးမှ မရလိုက်ပါဘူး။ ဓာတ်ဆီဆိုင်ဖွင့်ခဲ့တဲ့မြေကွက်ကတော့ ကျန်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော်လည်း နိုင်ငံခြားကို ပညာတော်သင်သွားခဲ့တဲ့အတွက် သိပ်မသိတော့ပါဘူး။ ၁၉၇၄ ခုနှစ် မေလမှာ ပြန်ရောက်လာတယ်။ အဲဒီကစပြီး ရန်ကုန်တက္ကသိုလ်ကုန်ထုတ်ဓာတုဗေဒဌာနမှာ ပါမောက္ခ/ဌာနမှူးအဖြစ် သင်ကြားပေးခဲ့တယ်။ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှာ ပင်စင်ယူခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး အတွင်းဝန်ဦးအုန်းမောင်သည် ၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်မြင်ပြီး ၁၉၃၇ ခုနှစ်တွင် အိုင်စီအက်(စ်) စာမေးပွဲ ဝင်ရောက်ဖြေဆိုရာ ဖြေဆိုသူ သုံးဦးအနက် ပထမရရှိခဲ့သူ ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး အတွင်းဝန်အဖြစ် ဆောင်ရွက်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ကျဆုံးခဲ့ခြင်းဖြစ်သည်။ "အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့အချိန်မှာ ကျွန်တော် တစ်နှစ်နဲ့ဆယ်လပဲ ရှိသေးတယ်။ ကျွန်တော်က ညီအစ်ကိုသုံးယောက်ရှိတဲ့အထဲမှာ အငယ်ဆုံးပါ။ အာဇာနည်ခေါင်းဆောင်တွေ ကျဆုံးခဲ့မှုနဲ့ပတ်သက်လို့ အရွယ်ရောက်ပြီး အာဇာနည်နေ့အခမ်းအနားတွေတက်တော့မှ အာဇာနည်တွေရဲ့တန်ဖိုးကို ပိုပြီးသိလာခဲ့တယ်။ စိတ်မကောင်းလည်း ပိုဖြစ်မိတယ်။ အဲဒီမှာပိုပြီးခံစားရတာ သားသမီးတွေထက်စာရင် အမေ ဒေါ်သိန်းကြွယ်က ပိုပြီးခံစားရတာကို တွေ့ရတယ်။ အဖေကျဆုံးချိန်တုန်းက အမေ့အသက်က (၂၂) နှစ်လောက်ပဲရှိသေးတယ်။ အခု အမေက ၉၂ နှစ်ရှိပြီ။ အဖေ့အတွက် အမြဲတမ်းဆွမ်းကပ်လှူတယ်။ အမေက နှစ်တိုင်းဒီအချိန်ရောက်ရင် အခုထိနေထိုင်မကောင်းဖြစ်ပြီး အိပ်မက်လိုလိုအတိတ်ကို ပြန်သတိရနေတယ်။ တစ်ယောက်တည်းဆိုရင် ပြန်တွေးပြီးစိတ်မကောင်းဖြစ်နေတတ်တယ်"ဟု ဒေါက်တာမင်းမြင့်က ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး အတွင်းဝန်ဦးအုန်းမောင် ကျဆုံးခဲ့ရမှုကလည်း ကြေကွဲဝမ်းနည်းဖွယ်ရာ ကောင်းလှသည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်တွင် ကျင်းပသည့် ဝန်ကြီးများအစည်းအဝေးသို့ အမှန်တကယ် တက်ရောက်ရမည့်သူမှာ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဝန်ကြီးဖြစ်သူ စောစံဖိုးသင် ဖြစ်သော်လည်း ခရီးလွန်နေ၍ အတွင်းဝန်ဦးအုန်းမောင်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ရခြင်း ဖြစ်သည်။

ဝန်ကြီးများအစည်းအဝေး ကျင်းပနေစဉ်အတောအတွင်း၌လည်း အတွင်းဝန်ဦးအုန်းမောင်သည် နံနက် ၁၀ နာရီ ၃၅ မိနစ်အရောက်မှ အလှည့်ကျ၍ အစည်းအဝေးခန်းမသို့ ဝင်ရောက်ခဲ့ရာ နှစ်မိနစ်အကြာတွင် မသမာသူ လူတစ်စုက ဝင်ရောက်လုပ်ကြံပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အာဇာနည်နေ့ အခမ်းအနားနှင့်ပတ်သက်၍ "အရင်တုန်းကဆိုရင် အာဇာနည်နေ့ အခမ်းအနားမှာ သမ္မတကြီးမန်းဝင်းမောင်ကိုယ်တိုင် လာတယ်။ အာဇာနည်တွေရဲ့မိသားစုတွေအားလုံးကို အားပေးစကားပြောတယ်။ အားလုံး အတူတကွ အာဇာနည်ဗိမာန်ပေါ်တက်ပြီး ပန်းခွေအတူချကြတယ်။ အလေးပြုတာလည်း အတူတူလုပ်ကြတယ်။ အဲဒီအစဉ်အလာကို တော်လှန်ရေးကောင်စီ အစိုးရ ဗိုလ်ချုပ်ကြီးနေဝင်း လက်ထက်မှာလည်း လုပ်ခဲ့တယ်။ အခုခေတ်မှာတော့ နိုင်ငံတော်လူကြီးတွေဂါရဝပြုပြီးရင် အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုဝင်တွေက တစ်ဖွဲ့ချင်း ဂါရဝပြုကန်တော့ကြရတယ်။ ဖြစ်နိုင်ရင်တော့ အရင်တုန်းကလို ပြန်ဖြစ်စေချင်ပါတယ်။ အာဇာနည်နေ့ဆိုတာ အရင်တုန်းက တခြားနိုင်ငံက ခေါင်းဆောင်တွေတောင် လာရောက်ပြီး ဂါရဝပြုကြတာဖြစ်လို့ ပိုပြီးအလေးထားဆောင်ရွက်စေချင်ပါတယ်"ဟု ဒေါက်တာမင်းမြင့်က ၎င်း၏ခံစားချက်ကို ပြောပြသည်။

၁၉၆၂ ခုနှစ် ဦးအုန်းမောင်၏ဇနီး ဒေါ်သိန်းကြွယ် သားကြီးဘွဲ့ယူစဉ်က ရိုက်ကူးထားသော မိသားစုဓာတ်ပုံမှတ်တမ်း

အတွင်းဝန်ဦးအုန်းမောင် ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူနှင့်အတူ သားသုံးယောက် ကျန်ရှိခဲ့ပြီး ယခုအခါ ဇနီးဖြစ်သူ ဒေါ်သိန်းကြွယ်သည် အငယ်ဆုံးသားဖြစ်သူ ဒေါက်တာ မင်းမြင့်နှင့်အတူ ရန်ကုန်မြို့ကမာရွတ်မြို့နယ် ချင်းတွင်းလမ်း အမှတ်(၆၂)ရှိ နေအိမ်တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

သတင်းဆောင်းပါး - မင်းသစ်(သတင်းစဉ်)၊ဇော်ကြီး(ပဇီတ)

ဓာတ်ပုံ - ဇော်မင်းလတ်

စာရင်းနှင့်စာရင်းစစ်ပြပွဲ(၂၀၁၆) ကျင်းပ

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရက် ၁၀၀ စီမံချက်၏ ပထမလုပ်ငန်းစဉ်ဖြစ်သော စာရင်းနှင့်စာရင်းစစ်ပြပွဲ(၂၀၁၆)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ဤပြပွဲကျင်းပရခြင်းမှာ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများတွင် စာရင်းစံများနှင့်စာရင်းစစ်စံများကို လိုက်နာကျင့်သုံးရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့က တာဝန်ခံဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စာရင်းနှင့်စာရင်းစံများသည် လွန်စွာအရေးကြီးသဖြင့် လုပ်ငန်းဆောင်ရွက်ချက်စာရင်းများနှင့်စစ်ဆေးပြီး စာရင်းများသည် မှန်တစ်ချပ်သဖွယ်စာရင်းအမှန်ကို ထင်ဟပ်ပေါ်လွင်စေရန်၊ တိုင်းပြည်၏ အသားတင်တန်ဖိုး စာရင်းအမှန်ဖော်ပြနိုင်ပါက နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ စာရင်း၏အရေးပါမှုကို ပြည်သူများသိရှိနားလည်ပြီး ပါဝင်ကြိုးပမ်းရန်လိုကြောင်းနှင့် အလုပ်ရှင်နှင့် အလုပ်လိုအပ်သူများ ချိတ်ဆက်နိုင်ရန်တို့ကို ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကသူရဦးတင်ဦးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီဝင် ဦးဝင်းသင်တို့က အမှာစကားများပြောကြားကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာသူများသည် ပြပွဲတွင်ခင်းကျင်းပြသသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲကို အမျိုးသားကဇာတ်ရုံတွင် ယနေ့မှ ဇူလိုင် ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ပြသသွားမည်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများဖြစ်သည့် အခွန်ဆိုင်ရာ၊ နိုင်ငံပိုင်ကဏ္ဍ စာရင်းစံဆိုင်ရာ၊ ပုဂ္ဂလိကပိုင်ကဏ္ဍ စာရင်းစံဆိုင်ရာ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေဆိုင်ရာ၊ စာရင်းပညာကျင့်ဝတ်ဆိုင်ရာနှင့် ရန်ကုန်စတော့အိတ်ချိန်းဆိုင်ရာ ဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စာရင်းနှင့်စာရင်းစစ်ပြပွဲ (၂၀၁၆)ကို စာရင်းပညာခေတ်မီရေး၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၏ ကျင့်ဝတ်သိက္ခာမြင့်မားရေးနှင့် စာရင်းလုပ်ငန်းအရည်အသွေးပြည့်မီရေး၊ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို နိုင်ငံတကာစာရင်းစံ၊ စာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်နိုင်စေရေးနှင့် စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးပွားလာခြင်းဖြင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများ ပိုမိုလာစေရေးဟူသည့် ရည်ရွယ်ချက်များနှင့်အညီ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၉

အင်စိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်စိန်မြို့နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအေးမင်းက (၁/၂၀၁၇) ခုနှစ်ပထမအကြိမ် အစည်းအဝေးတွင် စီမံကိန်းဆိုင်ရာ ရည်မှန်းချက်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများက အကြံဉာဏ်များ ပေးသွားရန် လိုကြောင်းတို့ကို အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး မြို့နယ်စီမံကိန်းမှူး ဒေါ်ဝင်းဝင်းကျော်က စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် စက်မှုဇုန်ကိုယ်စားလှယ်များက ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်နှင့် ဦးဝေဖြိုးဟန်တို့က ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ကြရမည့် လုပ်ငန်းများကို အကြံပြုဖြည့်စွက်ဆွေးနွေးကြကာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း(အင်းစိန်)

ဗိုလ်မျှူးကြီးဗထူးနှစ်တစ်ရာပြည့်ဂုဏ်ပြုဆောင်းပါး

ပထူးဂုဏ်ရည်မြင့်မားတည် ကမ္ဘာတည်သရွေ့ မြဲခိုင်ကြည် ဦးညွှတ်အလေးပြုပါသည်

"တူယှဉ်ကာလေ တကယ်ပဲအစွမ်းပြချင်တယ်၊ ဗမာ့သတ္တိ ကမ္ဘာကသိအောင် ငါတို့ တိုက်ခိုက်မယ်၊ သေပစေ တို့အသက်ကို ဖက်ရွက်မှတ်ပါတယ်၊ တောတောင် အထပ်ထပ် ချီတက်တိုက်ခိုက်မယ်၊ မိုးတွေကလည်းမစဲဘဲ ရွာသွန်းတယ်၊ မြစ်ချောင်းအင်းအိုင် ရေတွေပြည့်လို့ ငါတို့တိုက်ရတယ်။ ဘယ်မှာလည်း အိပ်ရတယ် ရှိလိမ့်မယ်၊ အမြဲတမ်း ချီတက်လို့သာ တိုက်ခိုက်နေရတယ်၊ စစ်မြေပြင်မှာလည်းမစဲဘဲ ပစ်ခတ်တယ်၊ ကျည်ဆန်များဟာ တဖွဲဖွဲနဲ့ ရွာသွန်းမိုးသို့နှယ် တို့ဗိုလ်က ဓားကိုဆွဲလို့ ရှေ့က တက်ပါတယ်၊ ဘယ်မှာကြောက်စိတ်ရှိမလဲ ငါတို့စစ်သားရယ် " ဆိုသည့် မြန်မာ့တပ်မတော်၏ ဂန္ဓဝင်စစ်ချီတေးသီချင်းကဲ့သို့ပင် ဗမာ့လွတ်လပ်ရေးအတွက် အသက်ကိုပင် မငဲ့ကွက်ဘဲ စွန့်လွှတ်စွန့်စားခဲ့သည့် မြန်မာ့သူရဲကောင်း ဗိုလ်မှူးကြီးဗထူး၏ အမည်ကလည်း ပစ္စက္ခတိုင် ပြောထုံးဖြစ်အောင် သမိုင်းတွင်ကျန်ရစ်နေခဲ့သည်။

ဗိုလ်မှူးကြီးဗထူးကို ၁၉၁၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လေးသွန်းခံရွာမှ တောင်သူ ဦးဘထွန်းနှင့် ဒေါ်စိန်မြရင်တို့က ဖွားမြင်သည်။ မွေးချင်းငါးယောက်အနက် တတိယမြောက်သားဖြစ်သည်။

ကိုဗထူးသည် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ မဝင်မီက ထားဝယ်မြို့နယ်ရှိ ဟိန္နားသတ္တုတွင်းခ္ဍဝင်ရောက်လုပ်ကိုင်ခဲ့သည်။ သတ္တုတွင်းမန်နေဂျာ ဦးလွန်းပင်နှင့် ဒေါ်စိန်ချယ်တို့၏သမီး မအုန်းတင်နှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီးသုံးဦး ထွန်းကားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)တပ်များ ထားဝယ်မြို့သို့ ချီတက်သိမ်းပိုက်ခဲ့သည့် ၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် ကိုဗထူးသည် တစ်လသားအရွယ် အငယ်ဆုံးသမီးလေးနှင့် မိသားစုကိုထားရစ်ခဲ့ပြီး ဘီအိုင်အေတပ်နှင့်အတူ လိုက်ပါသွားခဲ့သည်။

နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများတွင် ရွပ်ရွပ်ခ္ပါခ္ပါ တိုက်ပွဲဝင်ခဲ့သည့်အတွက် သာမန်အကြပ်ကလေးဘဝမှ ဗိုလ်မှူးကြီးအဆင့်သို့ အဆင့်ဆင့်တိုးမြင့်ခံခဲ့ရသည်။

သူသည် ဖက်ဆစ်ဂျပန်များကို လက်ဦးမှုရယူ၍ ပထမဆုံးတော်လှန်တိုက်ခိုက်နိုင်ခဲ့သော မြန်မာ့တပ်မှူးကြီးတစ်ဦးလည်းဖြစ်သည်။ ဗိုလ်မှူးကြီးဗထူး၏ ရဲစွမ်းသတ္တိ၊ တိုက်ရည်ခိုက်ရည်၊ စစ်ဘက်ရေးရာ စွမ်းဆောင်ရည်၊ ဦးဆောင်နိုင်မှု၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကောင်းမွန်မှုတို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ရဲဘော်သုံးကျိပ်ဝင်များ၏ လေးစားတန်ဖိုးထားခံခဲ့ရသူတစ်ဦးလည်းဖြစ်သည်။

၁၉၄၄ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်မှူးကြီးဗထူးသည် စက်မှုလက်မှုတပ်ရင်း(၁)ကို ဦးစီးကွပ်ကဲအုပ်ချုပ်ခဲ့စဉ်အတွင်း "ငါတို့တပ်ရင်းတာဝန်က စက်မှုလက်မှုပညာရပ်တွေကို ပထမသင်ကြားကြရမယ်။ အဲဒီပညာရပ်တွေကို တတ်မြောက်ပြီးတာနဲ့ စစ်မြေပြင်ကို ချီတက်ထွက်ခွာပြီး ရန်သူမှန်သမျှကို သုတ်သင်ချေမှုန်းရမယ်။ တို့ရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ရေးကို မရရအောင်ယူမယ်။ တကယ့်အချုပ်အခြာအာဏာ ပိုင်ဆိုင်ခွင့်ရတဲ့ လွတ်လပ်ရေးမျိုးကို အရတိုက်ယူရမယ်။ ဒါဟာ ငါတို့ရဲ့ အဓိကတာဝန်ပဲမှတ်ကြပါ"ဟု ၎င်း၏ တပ်သားများကို မှာကြားခဲ့သည်။ သူ၏စကားသည် ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲတွင် တိုက်ပွဲဝင်ရဲဘော်များအတွက် ဇာတိသွေး ဇာတိမာန်ထက်သန်စေသော ဂန္ဓဝင်စကား ဖြစ်ခဲ့သည်။

တိုင်းပြည်လွတ်လပ်ရေးအတွက် ဖက်ဆစ်တို့ကို တော်လှန်ရေးဆင်နွှဲရန် ပြင်ဆင်နေသည့်ကာလတွင် ဘယ်သူ့အုပ်ချုပ်မှု၊ ကျွန်ပြုမှုကိုမှမခံဘဲ ရအောင်တိုက်ယူကြရန် တက်ကြွနိုးကြားနေချိန်တွင် ဗိုလ်မှူးကြီးဗထူး၏ အမှာစကားက တပ်မတော်တစ်ရပ်လုံးနှင့် ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲဝင်မည့် ပြည်သူများအတွက် မီးခဲပြာဖုံးစိတ်ဓာတ်ကို တပ်လှန့်နှိုးဆော်နိုင်ခဲ့သည်။

၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်မှုဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ဖက်ဆစ်ဂျပန်များကို ဆန့်ကျင်တော်လှန်တိုက်ခိုက်ရန် ပြင်ဆင်ထားသော်လည်း မဟာမိတ်အင်္ဂလိပ်တပ်များ၏ ရခိုင်နှင့် ကချင်ပြည်နယ်တို့တွင် စစ်ရေးအခြေအနေ ပြောင်းလဲလာမှုများကြောင့် အထက်မြန်မာပြည် ဖက်ဆစ်တော်လှန်ရေး စစ်တိုင်းတာဝန်ခံ ဗိုလ်မှူးကြီးဗထူးသည် သတ်မှတ်ရက်ထက်စော၍ မတ် ၈ ရက်တွင် စတင်တော်လှန်တိုက်ခိုက်ခဲ့ရသည်။

ထိုသို့ စတင်တော်လှန်တိုက်ခိုက်ရချိန်တွင် ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်နေသည့် ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)နှင့် ဖက်ဆစ်တော်လှန်ရေးတပ်သားများအတွက် အခက်အခဲမရှိစေရန် ဗိုလ်မှူးကြီးဗထူး အနေဖြင့် ဖက်ဆစ်ဂျပန်နှင့် ဘီဒီအေတို့ကို ဆန့်ကျင်တော်လှန်တိုက်ခိုက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထိုကြေညာချက်ကြောင့်ပင် မြန်မာနိုင်ငံ၏ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကမ္ဘာ့စစ်ရာဇဝင်တွင် တစ်နိုင်ငံလုံး လွတ်လပ်ရေးအတွက် ဖက်ဆစ်ဆန့်ကျင်ရေး ပြောက်ကျားတော်လှန်မှု သမိုင်းမော်ကွန်းကို ရေးထိုးနိုင်ခဲ့သည်။

ဗိုလ်မှူးကြီးဗထူး၏စစ်ရေးစွမ်းရည်နှင့် သေနင်္ဂဗျူဟာ

ဆောင်းပါး - တာရာ
ဓာတ်ပုံ - အင်တာနက်

ကျွမ်းကျင်မှုတို့ကြောင့် မတ် ၈ ရက်မှ ၁၂ ရက်အထိ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တိုက်ပွဲကြီးငယ် ၂၁ ခု ဆင်နွှဲခဲ့ပြီး အဆိုပါဒေသများရှိ ဂျပန်တပ်မများကို မောင်းထုတ်နိုင်ခဲ့သည့်အပြင် မြန်မာပြည်အလယ်ပိုင်းခံစစ်ပြင်ဆင်၍ မဟာမိတ်တပ်များကို တားဆီးရန်အကြံကို ဂျပန်တို့ စွန့်လွှတ်ခဲ့ရသည်။

ထိုကဲ့သို့ မြန်မာ့လွတ်လပ်ရေးအတွက် ဘဝကို မြှုပ်နှံကာ အိုးပစ်အိမ်ပစ်၊ သားပစ်မယားပစ်ဖက်ဆစ်တို့ကို စစ်မျက်နှာဖွင့်ခဲ့သော်လည်း ၁၉၄၅ ခုနှစ် ဇွန် ၂ ရက်တွင် ရွာငံမြို့နယ် တဲ့လုစခန်း၌ ၄ှက်ဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ကွယ်လွန်ခါနီးတွင် **"ငါတော့ ရေတိမ်နစ်တော့မယ် ကွာ။ ဗိုလ်ချုပ်အောင်ဆန်းဆီ ဆက်သားအမြန်လွှတ်ပါ။ ငါမရှိတော့ရင် ကျန်တဲ့ဗိုလ်တွေက ဦးဆောင်ပြီး ဂျပန်တပ်တွေကို အနိုင်တိုက်ပါ"** ဟူ၍ နောက်ဆုံးမှာကြားချက်ကို လေသံဖျော့ဖျော့ဖြင့် မှာကြားခဲ့ပါသေးသည်။

ဗိုလ်မှူးကြီးဗထူးကျဆုံးသည့်နေ့ရက်နှင့်စပ်လျဉ်း၍ ဇွန် ၂ ရက်နှင့် ဇွန် ၂၁ ရက် ဟူ၍ ဝိဝါဒကွဲလွဲမှုများရှိရာ တပ်မတော်မော်ကွန်းတိုက်၏ ၁၉၅၉ ခုနှစ်ထုတ် တပ်မတော်နေ့စာစောင်တွင် "ဗိုလ်မှူးဗထူးနှင့် ဗိုလ်ရဲခေါင်တို့သည် အလူးအလဲဖျားကြသည်။ တယ်လူးရွာတွင် ဗိုလ်မှူးဗထူးနှင့် ဗိုလ်ရဲခေါင်တို့ကို ဆေးမှူးကြီး စောနောင်ခန့်နှင့် ကုသသည်။ ဂလူးကို့စ်ထိုးဆေးတစ်လုံး ရှိသည်ကို ဗိုလ်မှူးဗထူးက ဗိုလ်ရဲခေါင်အား ထိုးစေသည်။ ၎င်းကိုယ်တိုင် ဤဆေးထိုးရန်လိုအပ်ပါလျက် မထိုးဘဲ ဗိုလ်ရဲခေါင်အား ထိုးစေခဲ့သည်။ ဇွန် ၂၁ ရက်တွင် တယ်လူးရွာစခန်း၌ ဗိုလ်မှူးဗထူး အဖျားနှင့်ကျဆုံးရလှာသည်။" ဟု ဖော်ပြထားသည်။

ဗိုလ်မှူးကြီးဗထူး ရေတိမ်နစ်ခဲ့ရခြင်းအပေါ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "ဗိုလ်မှူးဗထူးသည် နာမည်နှင့်လိုက်အောင် ထူးသည့်သူဖြစ်သည်။ အကယ်၍ ၎င်းသာ ဆက်လက်ရှိနေသေးပါမူ ရှေ့တက်လမ်းများစွာရှိသည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။ သူသည် အကျင့်သိက္ခာရှိ၏၊ ဉာဏ်ရှိ၏၊ သတ္တိရှိ၏၊ ဝီရိယရှိ၏၊ သူ့ကိုကောင်းစွာ မြေတောင်မြှောက်ပေးလျှင် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်လွှားတွင်ပါ ကျော်ကြားသည့် စစ်ခေါင်းဆောင် စစ်သူရဲဖြစ်နိုင်၏။" သူသည် နိုင်ငံရေးဘက်တွင် များစွာအတွေ့အကြုံမရှိသေးလင့်ကစား သူ့တွင် နိုင်ငံရေးသန္တေဇာဏ်ရှိသည်ဟု ကျွန်ုပ်ယူဆသည်" ဟု ချီးကျူးပြောကြားခဲ့သည်။

နိုင်ငံနှင့် လူမျိုးအတွက် ကိုယ်ကျိုးမဖက် ဇွဲသတ္တိအပြည့် ရွပ်ရွပ်ခ္ပါခ္ပါ တိုက်ပွဲဝင်ရင်း မထင်မရှားကွယ်လွန်ခဲ့ရှာသည့် မြန်မာမျိုးချစ်သူရဲကောင်း ဗိုလ်မှူးကြီးဗထူးကို ဂုဏ်ပြုသောအားဖြင့် ရပ်စောက်မြို့မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် ဗထူးတပ်မြို့ဟူ၍ ဂုဏ်ပြုခေါ်ဝေါ်ခဲ့သည်။ ဗိုလ်မှူးဗထူးလမ်း၊ ဗိုလ်မှူးဗထူးစျေး၊ ဗိုလ်မှူးဗထူး တန်ဖိုးမျှအိမ်ရာ၊ ဗထူးအားကစားကွင်းစသဖြင့်လည်း အမည်တွင်စေခဲ့သလို အချိန်ကျတိုင်းလည်း ဂုဏ်ပြုအခမ်းအနားများကို ပြုလုပ်ပေးခဲ့သည်။

၁၉၁၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် မွေးဖွားခဲ့သော ဗိုလ်မှူးကြီးဗထူးသည် ဇူလိုင် ၁၂ ရက်တွင် အသက်(၁၀၀)ပြည့်မည်ဖြစ်ရာ ရာပြည့်ပွဲတော်ကျင်းပရန် စီစဉ်လျက်ရှိသည်။

ဗိုလ်မှူးကြီးဗထူး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် ဗိုလ်မှူးကြီးဗထူး နှစ်တစ်ရာပြည့် သမိုင်းမော်ကွန်းစာမျက်နှာများစာအုပ်ကိုလည်း ထုတ်ဝေခဲ့ရာ နိုင်ငံတော်သမ္မတဦးထင်ကျော်က "ဗိုလ်မှူးကြီးဗထူးကား လူပင်သေသော်လည်း နာမည်ကား မသေသူဖြစ်သည်။ ယနေ့ကျရောက်သည့် ဗိုလ်မှူးကြီးဗထူး၏ နှစ်တစ်ရာပြည့်သည် နိုင်ငံတော်အသွင်ကူးပြောင်းရေးကာလ အစအဦးနှင့်လည်း ထူးထူးခြားခြားတိုက်ဆိုင်လျက်ရှိသည်" အစရှိသဖြင့် အဆိုပါစာအုပ်တွင် သဝဏ်လွှာအဖြစ် ဖော်ပြထားသည်။

ထို့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း "ဗိုလ်မှူးကြီးဗထူး ကျဆုံးခဲ့တဲ့ ရွာငံမြို့နယ် တဲ့လုရွာတွင်ပြုလုပ်မယ့် အထိမ်းအမှတ်အခမ်းအနားတွေကို မလာရောက်နိုင်ပေမယ့် ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလမှာ ကျဆုံးသွားသူတွေအားလုံးကို ဂုဏ်ပြုပါကြောင်း အလေးအနက်ပြောကြားလိုပါတယ်။ ဗိုလ်မှူးကြီးဗထူးလို လူသိထင်ရှားကွယ်လွန်ခဲ့သူတွေရှိသလို မှတ်တမ်းမတင် မော်ကွန်းမဝင်ဘဲ ကျဆုံးခဲ့ရသူတွေလည်း အများကြီးရှိကြမှာပါ။ ဇူလိုင် ၁၂ ရက်မှာ ပြုလုပ်မယ့်ပွဲက သူတို့အားလုံးအတွက်လည်း အထိမ်းအမှတ်ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်" စသဖြင့် အဆိုပါစာအုပ်တွင် သဝဏ်လွှာအဖြစ် ဖော်ပြထားသည်။

ဗိုလ်မှူးကြီးဗထူး နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဖြစ်မြောက်ရေးဗဟိုကော်မတီနာယက ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ လူထုဆက်ဆံရေးနှင့် လူ့အခွင့်အရေးဌာနတာဝန်ခံ ဦးဂျင်မီက "ဗိုလ်မှူးဗထူးဆိုတာ လွတ်လပ်ရေးကြိုးပမ်းမှုအတွက် အသက်ကိုပေးဆပ်ပြီး ရွပ်ရွပ်ခ္ပါခ္ပါတိုက်ပွဲဝင်သွားသူ တစ်ဦးလည်း ဖြစ်ပါတယ်။ ဖက်ဆစ်တော်လှန်ရေးမှာ မထင်မရှားကျဆုံးသွားတဲ့ အညတရရဲဘော်တွေကို ဗိုလ်မှူးဗထူးနဲ့အတူ ဂုဏ်ပြုတာလည်းဖြစ်ပါတယ်"ဟု ပြောသည်။

ဇူလိုင် ၁၀ ရက်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရွာငံရွာတွင် စာပေဟောပြောပွဲ၊ ဇူလိုင် ၁၂ ရက်တွင် ဗိုလ်မှူးကြီးဗထူးကြေးရုပ်ဖွင့်ပွဲနှင့် ရင်ပြင်ဖွင့်ပွဲကိုလည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင် ဗိုလ်မှူးကြီးဗထူး ခေါင်းချသွားခဲ့ရာ ရွာငံမြို့နယ် တဲ့လုရွာတွင် အထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

ထားဝယ်သားအာဇာနည် ဗမာ့လွတ်လပ်ရေးသူရဲကောင်း ဗိုလ်မှူးကြီးဗထူးအား ဂုဏ်ပြုသောအားဖြင့် အလေးပြုခြင်း၊ သံယာတော်အပါး ၁၀၀ ဆွမ်းကျွေးခြင်း၊ စေတနာရှင် ၁၀၀ တို့ကလည်း စုပေါင်း၍ သွေးလှူဒါန်းကြခြင်း၊ ပရိတ်တရားတော်နာယူခြင်း၊ ထားဝယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း ခင်းကျင်းပြသခြင်း၊ ထားဝယ်တိုင်းရင်းသားရိုးရာအကဖြင့်ဖျော်ဖြေခြင်း၊ ထားဝယ်တိုင်းရင်းသားရိုးရာ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ဗိုလ်မှူးကြီးဗထူးရုပ်တုစိုက်ထူခြင်း၊ ဗိုလ်မှူးကြီးဗထူး ဖောင်ဒေးရှင်းထူထောင်ခြင်း၊ ဗိုလ်မှူးကြီးဗထူး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် ရာပြည့်မော်ကွန်း မဂ္ဂဇင်းထုတ်ဝေခြင်း စသဖြင့် ရာပြည့်ပွဲတော်ကျင်းပမည် ဖြစ်သည်။

တိုင်းပြည်လွတ်လပ်ရေးအတွက် ဖက်ဆစ်ဆန့်ကျင်ရေးခေါင်းဆောင်ကောင်းတစ်ဦးအဖြစ် သမိုင်းမော်ကွန်းတွင်ခဲ့သူ ဗိုလ်မှူးကြီးဗထူးကို ဦးညွှတ်ဂါရဝဂုဏ်ပြုလိုက်ရပါတော့သည်။ ။

ကိုးကား။ ။ဗိုလ်မှူးကြီးဗထူး နှစ်တစ်ရာပြည့် သမိုင်းမော်ကွန်းစာမျက်နှာများ
။၁၉၅၉ ခုနှစ်ထုတ် တပ်မတော်နေ့စာစောင်

ငါတို့တပ်ရင်းတာဝန်က စက်မှုလက်မှုပညာရပ်တွေကို ပထမသင်ကြားကြရမယ်။ အဲဒီပညာရပ်တွေကို တတ်မြောက်ပြီးတာနဲ့ စစ်မြေပြင်ကို ချီတက်ထွက်ခွာပြီး ရန်သူမှန်သမျှကို သုတ်သင်ချေမှုန်းရမယ်။ တို့ရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ရေးကို မရရအောင်ယူမယ်။ တကယ့်အချုပ်အခြာအာဏာ ပိုင်ဆိုင်ခွင့်ရတဲ့ လွတ်လပ်ရေးမျိုးကို အရတိုက်ယူရမယ်။ ဒါဟာ ငါတို့ရဲ့ အဓိကတာဝန်ပဲမှတ်ကြပါ။

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

ဆိုရေးရှိ၍ ဆိုလိုက်ချင်

စာပေသစ္စာ

"ငါ့အောက်ပညာ၊ နုသေးစွာသား၊ သမ္ဘာမပြန့်၊ လူအဂုန်အား၊ စိတ်ဖြားပညာ၊ ပွားပါလိမ့်မည်၊ သူဖို့ရည်၍၊ သာကြည်ရွှင်လန်း၊ လက်ဘည်ွန်းသော်၊ ရဟန်းသူတော်၊ ခပ်မလျော်ဟု၊ သိမြော်ကျမ်းဂန်၊ ငါ့နောက်ကျန်သည်၊ နှုတ်လွန်သူများ၊ အပါယ်လားလိမ့်၊ ဘုရားလူ့ဘာ၊ မုနိန္ဒလျက်၊ မိန်းမယောက်ျား၊ လူစကားဖြင့်၊ မကြားစကောင်း၊ မဆိုတောင်းကို၊ အကြောင်းဆောင်သွေး၊ ဆိုတုံသေးရှင့်၊ ဆိုရေးရှိက၊ ဆိုအပ်လှ၏၊ ဆိုစများလျား၊ ထားပခေါ်မိ၊ ငါ့ဝန်ရှိခဲ့"

အင်းဝခေတ်စာဆိုကျော် ရှင်မဟာရဋ္ဌသာရ ရေးဖွဲ့တော်မူခဲ့သော ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့လာ ကောက်နုတ်ချက်ဖြစ်ပါသည်။ ထိုကောက်နုတ်ချက်ကဲ့သို့ပင် ပြည်သူအများ အသိမမှားစေရန် ဆိုရေးရှိ၍ ဆိုလိုက်ချင်ပါသည်။

၃-၇-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာတွင် "ပြည်သူ့သဘောထားစင်မြင့်"ကဏ္ဍ၌ ဆောင်းပါးရှင် ပုညခင်၏ **"ဆုဆိုသည်မှာ"** ဆောင်းပါးကို ဖတ်ရသည်။ ဆုနှင့်ပတ်သက်၍ ဆောင်းပါးရှင် နိဒါန်းချီပုံလေးမှာ နှစ်သက်ဖွယ်ပင်။ ဆုနှင့်ပတ်သက်သည့် ဆောင်းပါးရှင်၏ ခံယူချက်ကို-

"ဆုရလျှင် လိုချင်ခဲ့ရိုး အမှန်ဖြစ်သော်လည်း စာပေ၏ တန်ဖိုးသည် ဆုတစ်ခုတည်းပေါ်တွင် မမှီအပ်ကြောင်းကိုလည်း ကျွန်မနားလည်သဘောပေါက်ခဲ့ပါသည်။ စာပေအနုပညာသာမက အခြားသော ပညာရပ်၊ လုပ်ငန်းရပ်များစွာတွင်လည်း ထိုကဲ့သို့ပင် ဖြစ်ပါသည်။ ဆုဟူသည် ဆုရွေးချယ်ရေးအဖွဲ့တစ်ခု၏ အကြိုက်ဖြစ်သလို ထိုဆုအတွက် ချမှတ်ထားသော မူဘောင်၊ စည်းမျဉ်း၊ စံနှုန်း၊ သတ်မှတ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်ရမည်ဆိုသော အချက်လည်း ပါဝင်နေခဲ့သည်။ ထိုအချက်များနှင့် အံဝင်ခွင်ကျမဖြစ်တိုင်းလည်း ကိုယ့်တွင်အရည်အချင်းမရှိ၊ ကိုယ့်ဖန်တီးမှုသည် ညံ့ဖျင်းနေသည်ဟု သိမ်ငယ်စရာမလိုပေ။ ဆုမရသဖြင့် စိတ်ဓာတ်ကျခဲ့ပါလျှင် စာရေးဆရာ ပုညခင်ဆိုတာလည်း ပေါ်ပေါက်လာစရာ အကြောင်းမရှိချေ" ဟု ရေးသားထားသည်မှာလည်း လေးစားဖွယ်ပင်။

သို့သော် ဆောင်းပါးရှင်က "စာပေလောကနှင့် ပတ်သက်သော အချို့သောကိစ္စရပ်များသည် စာပေကို တကယ်ချစ်မြတ်နိုးပြီး စာပေကို တစိုက်မတ်မတ် ရေးသားနေသူများ၏ လက်ထဲတွင်ရှိသလော။ အခြားမည်သူမည်ဝါ များလက်ထဲတွင် ရှိသလောဟု အတွေးနက်စရာဖြစ်ခဲ့ရလေသည်"ဟု လည်းကောင်း၊

"ဆုရွေးချယ်ရေးအဖွဲ့၏ မျက်စိများ၊ နားများသည် ကိုယ့်ရှေ့မှောက်သို့ တရားဝင်တင်ပြလာသော စာအုပ်များမှတစ်ပါး မမြင်ရ၊ မကြားရပြီလောဟု စဉ်းစားစရာဖြစ်ရလေသည်"ဟု လည်းကောင်း၊

"စာရေးဆရာဟူသည် ဆုရရကောင်းစေဟု မျှော်ကိုးရေးသားခြင်း မဟုတ်သည့်တိုင် ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံရလျှင်တော့ ကျေနပ်ကြမည်ဖြစ်ပါသည်။ ထိုသတင်းကြောင့် ကျွန်မစိတ်မကောင်းသဖြင့် စုံစမ်းကြည့်ရာ ထိုသို့ စာအုပ်လက်ခံခြင်းကိစ္စများကို ဆုရွေးချယ်ရေးအဖွဲ့က ဆောင်ရွက်ခြင်းမဟုတ်ဟု သိရပေသည်။ သို့ဆိုလျှင် မည်သူမည်ဝါများက ဆုံးဖြတ်သတ်မှတ်လေသနည်းဟု အတွေးနက်ရပြန်လေသည်"ဟု လည်းကောင်း ရေးသားထားသည်။

ဆောင်းပါးရှင်က **"အတွေးနက်စရာဖြစ်ခဲ့ရလေသည်၊ စဉ်းစားစရာဖြစ်ရလေသည်၊ အတွေးနက်ရပြန်လေသည်"** ဟု ရေးသားထားသည်မှာ အဖြေမှန်မရောက်ဘဲ ဖြစ်စဉ်ကို မသိနားမလည်သူများ သံသယပွားကာ အထင်လွဲမှားစေနိုင်သည်ဟု ဆိုချင်သည်။ တစ်ကိုယ်တည်း ထိုင်ပြီး တွေးနေမည့်အစား၊ စဉ်းစားနေမည့်အစား အမျိုးသားစာပေဆုများ ချီးမြှင့်နိုင်ရေး နိုင်ငံတော်ကိုယ်စားဆောင်ရွက်နေသော ပြန်ကြားရေးဝန်ကြီးဌာန၏ Call Center သို့ ဂယနဏမေးမြန်းကြည့်သင့်ဟု အကြံပြုလိုသည်။ ဆောင်းပါးရှင်ညွှန်းဆိုနေသော ဘာသာပြန်စာရေးဆရာကြီးကိုယ်တိုင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်ဖြစ်သည်ဟု ကြားသိရ၍ ၎င်းမှတစ်ဆင့် မည်သူ့ကို မေးရမည်ကို မေးမြန်းပြီး တိကျမှန်ကန်သော အဖြေပေးစွမ်းနိုင်မည့်သူကို မေးသင့်ကြောင်း အကြံပြုလိုသည်။

ဆောင်းပါးရှင်က "ကျွန်မ စိတ်မကောင်းသဖြင့်စုံစမ်းကြည့်ရာ"ဟု ရေးထားရာ "မည်သူ့ကိုများစုံစမ်းတာလဲ" ဟု သိချင်မိသည်။

ဆောင်းပါးရှင်၏ ဝေဝိုက်သော ရေးသားမှုများက "၎င်းကိုယ်တိုင် အတွေးနက်ရုံသာမက စာရှုသူတို့ကိုပါ အတွေးနက်စေလိုသလော"ဟု စောဂြောမိသည်။ ဤတွင် နိုင်ငံတော်အဆင့် စာပေဆုဖြစ်သော အမျိုးသားစာပေဆုရွေးချယ်ရေးနှင့်ပတ်သက်၍ တာဝန်ရှိသူ အဆင့်ဆင့်သည် တရားလက်လွတ်မပြုလုပ်တန်ရာဟု ဆင်ခြင်မိသည်။ ထို့ကြောင့် အမျိုးသားစာပေဆုရွေးချယ်ရေး၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲတို့ကို ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား တာဝန်ယူဆောင်ရွက်ပေးနေသော စာပေဗိမာန်မှ တာဝန်ရှိသူတစ်ဦးကို ဆက်သွယ်မေးမြန်းဖြစ်သည်။

ထိုသို့ မေးမြန်းရာတွင် တာဝန်ရှိသူက "၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီကို ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌလေးဦး၊ အတွင်းရေးမှူး တစ်ဦး၊ အဖွဲ့ဝင် ၆၂ ဦး စုစုပေါင်း ၆၈ ဦးဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း၊ ယင်းကော်မတီက ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ပထမအကြိမ် ရိုက်နှိပ်ဖြန့်ချိသော စာအုပ်များအနက်မှ ဘာသာရပ် ၁၆ မျိုးခွဲခြားပြီး ဆုချီးမြှင့်နိုင်ရန် စိစစ်ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း ပထမအကြိမ်ထုတ် စာအုပ်များကို လက်ခံရာ၌ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ လက်ခံပေးခဲ့ကြောင်း၊ စာပေစိစစ်ရေးရှိစဉ်က အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ဖတ်ရှုရွေးချယ်နိုင်ရန် စာအုပ်များက တရားဝင်ရရှိခဲ့ကြောင်း၊ စာပေစိစစ်ရေးမရှိတော့သည့်နောက်ပိုင်း ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့် စာအုပ်စာရင်းတွင် ကော်မတီအတွက် မပါရှိတော့ကြောင်း၊ ကော်မတီဝင်များသည် စာရေးဆရာကြီးများ၊ စာပေပညာရှင်များဖြစ်ကြကြောင်း၊ သို့သော်အမျိုးသားစာပေဆုရွေးချယ်ရာတွင် ဖတ်ရှုရန်စာအုပ်များ တောင်းခံနိုင်သည့် အခွင့်အာဏာမရှိကြောင်း၊ ဝယ်ယူရန်လည်း ရန်ပုံငွေ မရှိကြောင်း၊ ထို့ကြောင့် ကော်မတီအတွက် ဖတ်ရှုရမည့် စာအုပ်များရရှိရေးသည် စာပေဗိမာန်၏ ပခုံးပေါ်သို့ ကျရောက်လာကြောင်း၊ စာပေဗိမာန်တွင်လည်း ရန်ပုံငွေ မရှိသဖြင့် စာအုပ်များ လာရောက်ပေးပို့ကြရန် နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်း၊ မေတ္တာရပ်ခံခြင်းနည်းတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ စာရေးသူများ၏ အခွင့်အရေး မနစ်နာရေး၊ ဆုရသင့်ရထိုက်သောစာအုပ်များ မကျန်ခဲ့စေရေး အတွက် စာအုပ်များ ပေးပို့ကြရန် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်၊ နိုဝင်ဘာလတွင် တစ်ကြိမ်၊ နိုင်ငံပိုင်သတင်းစာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ မေတ္တာရပ်ခံနှိုးဆော်ခဲ့ကြောင်း၊ ဤသည်မှာ အမျိုးသားစာပေဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်စေခြင်း မဟုတ်ကြောင်း၊ ဆုရွေးချယ်ရာတွင် စာအုပ်များ မကျန်စေရေး လာပို့ပေးရန် မေတ္တာရပ်ခံနှိုးဆော်ခြင်းသာဖြစ်ကြောင်း၊ ထိုသို့ မေတ္တာရပ်ခံနှိုးဆော်သဖြင့် အချို့စာရေးဆရာများနှင့် ထုတ်ဝေသူများက စာအုပ်ပေးပို့ခဲ့ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ အချို့ကလည်း ပြိုင်စရာမလိုဟူသော မာန်မာနတရား အရင်းခံဖြင့် မပို့ကြကြောင်း၊ အချို့ကလည်း ကို ငဲ့၍ စာရေးသူနှင့် စာအုပ်အမည်တို့ကို မပြောလိုကြောင်း၊ ၎င်းစာအုပ်ကို လက်ခံလျှင် ဆောင်းပါးရှင်ပြောသည့် ဘာသာပြန်စာအုပ်ကို ထပ်တင်ရန်ကြံရွယ်ခြင်းဖြစ်ကြောင်း၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီသည် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သောအဖွဲ့အစည်းဖြစ်ကြောင်း၊ မည်သည့်ကိစ္စကိုဖြစ်စေ တစ်ဦးတစ်ယောက်၏ ဆန္ဒအတိုင်းမဆောင်ရွက်ဘဲ အများဆန္ဒဖြင့် ဒီမိုကရေစီနည်းကျဆောင်ရွက်ကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်၍ Facebook မှာ သာမက စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတစ်ခုမှာပါ ခံစားချက်ဖြင့် တစ်ဖက်သတ်ပြောဆိုမှုများရှိခဲ့ကြောင်း၊ သို့သော် မိမိကနိုင်ငံ့ဝန်ထမ်းဖြစ်၍ စောင့်စည်းခဲ့ကြောင်း၊ ယခုလည်း ပြည်သူများ သက်ာကင်းစေရန် မေးလာသဖြင့် ဖြေဆိုရခြင်းဖြစ်ကြောင်း၊ စာပေဆုများ စိစစ်ရွေးချယ်နိုင်ရေးအတွက် စာအုပ်များလက်ခံရာတွင် ပြဋ္ဌာန်းထားသော မူဝါဒ၊ စည်းကမ်းများနှင့်အညီ စာပေဗိမာန်က ဆောင်ရွက်နေကြောင်း၊ စာအုပ်များ ပြည့်စုံစွာရရှိနိုင်မည့် အစီအမံများကိုလည်း တင်ပြဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့ပါသည်။

နှစ်ဖက်မြင်၊ နှစ်ဖက်နားဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်ရေးသားခြင်း

မပြုဘဲ ပုဂ္ဂလိကဓိဋ္ဌာန်ဖြင့် "ကျား။ ။ကျား။ ။မီးယပ်"ပဲဟု ပြောဆိုရေးသားချင်သူများရှိခဲ့ပါလျှင် ၎င်းတို့ကို "ပန်းထိမ်ဆရာက ပန်းထိမ်လုပ်သည်၊ ပန်းရန်ဆရာက ပန်းရန်လုပ်သည်၊ ပန်းပုဆရာက ပန်းပုထုသည်၊ သူတို့အတွက် သူတို့လုပ်လျှင်ပြီးသည်။ စာရေးဆရာကတော့ စာရေးသည်ဆိုရုံနှင့် ပြီးသည်မဟုတ်။ ။

"ဆုရလျှင် လိုချင်ခဲ့ရိုး အမှန်ဖြစ်သော်လည်း စာပေ၏ တန်ဖိုးသည် ဆုတစ်ခုတည်းပေါ်တွင် မမှီအပ်ကြောင်းကိုလည်း ကျွန်မနားလည်သဘောပေါက်ခဲ့ပါသည်။ စာပေအနုပညာသာမက အခြားသော ပညာရပ်၊ လုပ်ငန်းရပ်များစွာတွင်လည်း ထိုကဲ့သို့ပင် ဖြစ်ပါသည်။ ဆုဟူသည် ဆုရွေးချယ်ရေးအဖွဲ့တစ်ခု၏ အကြိုက်ဖြစ်သလို ထိုဆုအတွက် ချမှတ်ထားသော မူဘောင်၊ စည်းမျဉ်း၊ စံနှုန်း၊ သတ်မှတ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်ရမည်ဆိုသော အချက်လည်း ပါဝင်နေခဲ့သည်။ ထိုအချက်များနှင့် အံဝင်ခွင်ကျမဖြစ်တိုင်းလည်း ကိုယ့်တွင်အရည်အချင်းမရှိ၊ ကိုယ့်ဖန်တီးမှုသည် ညံ့ဖျင်းနေသည်ဟု သိမ်ငယ်စရာမလိုပေ။ ဆုမရသဖြင့် စိတ်ဓာတ်ကျခဲ့ပါလျှင် စာရေးဆရာ ပုညခင်ဆိုတာလည်း ပေါ်ပေါက်လာစရာ အကြောင်းမရှိချေ" ဟု ရေးသားထားသည်မှာလည်း လေးစားဖွယ်ပင်။

သို့သော် ဆောင်းပါးရှင်က "စာပေလောကနှင့် ပတ်သက်သော အချို့သောကိစ္စရပ်များသည် စာပေကို တကယ်ချစ်မြတ်နိုးပြီး စာပေကို တစိုက်မတ်မတ် ရေးသားနေသူများ၏ လက်ထဲတွင်ရှိသလော။ အခြားမည်သူမည်ဝါ များလက်ထဲတွင် ရှိသလောဟု အတွေးနက်စရာဖြစ်ခဲ့ရလေသည်"ဟု လည်းကောင်း၊

"ဆုရွေးချယ်ရေးအဖွဲ့၏ မျက်စိများ၊ နားများသည် ကိုယ့်ရှေ့မှောက်သို့ တရားဝင်တင်ပြလာသော စာအုပ်များမှတစ်ပါး မမြင်ရ၊ မကြားရပြီလောဟု စဉ်းစားစရာဖြစ်ရလေသည်"ဟု လည်းကောင်း၊

"စာရေးဆရာဟူသည် ဆုရရကောင်းစေဟု မျှော်ကိုးရေးသားခြင်း မဟုတ်သည့်တိုင် ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံရလျှင်တော့ ကျေနပ်ကြမည်ဖြစ်ပါသည်။ ထိုသတင်းကြောင့် ကျွန်မစိတ်မကောင်းသဖြင့် စုံစမ်းကြည့်ရာ ထိုသို့ စာအုပ်လက်ခံခြင်းကိစ္စများကို ဆုရွေးချယ်ရေးအဖွဲ့က ဆောင်ရွက်ခြင်းမဟုတ်ဟု သိရပေသည်။ သို့ဆိုလျှင် မည်သူမည်ဝါများက ဆုံးဖြတ်သတ်မှတ်လေသနည်းဟု အတွေးနက်ရပြန်လေသည်"ဟု လည်းကောင်း ရေးသားထားသည်။

ဆောင်းပါးရှင်က **"အတွေးနက်စရာဖြစ်ခဲ့ရလေသည်၊ စဉ်းစားစရာဖြစ်ရလေသည်၊ အတွေးနက်ရပြန်လေသည်"** ဟု ရေးသားထားသည်မှာ အဖြေမှန်မရောက်ဘဲ ဖြစ်စဉ်ကို မသိနားမလည်သူများ သံသယပွားကာ အထင်လွဲမှားစေနိုင်သည်ဟု ဆိုချင်သည်။ တစ်ကိုယ်တည်း ထိုင်ပြီး တွေးနေမည့်အစား၊ စဉ်းစားနေမည့်အစား အမျိုးသားစာပေဆုများ ချီးမြှင့်နိုင်ရေး နိုင်ငံတော်ကိုယ်စားဆောင်ရွက်နေသော ပြန်ကြားရေးဝန်ကြီးဌာန၏ Call Center သို့ ဂယနဏမေးမြန်းကြည့်သင့်ဟု အကြံပြုလိုသည်။ ဆောင်းပါးရှင်ညွှန်းဆိုနေသော ဘာသာပြန်စာရေးဆရာကြီးကိုယ်တိုင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်ဖြစ်သည်ဟု ကြားသိရ၍ ၎င်းမှတစ်ဆင့် မည်သူ့ကို မေးရမည်ကို မေးမြန်းပြီး တိကျမှန်ကန်သော အဖြေပေးစွမ်းနိုင်မည့်သူကို မေးသင့်ကြောင်း အကြံပြုလိုသည်။

ဆောင်းပါးရှင်က "ကျွန်မ စိတ်မကောင်းသဖြင့်စုံစမ်းကြည့်ရာ"ဟု ရေးထားရာ "မည်သူ့ကိုများစုံစမ်းတာလဲ" ဟု သိချင်မိသည်။

ဆောင်းပါးရှင်၏ ဝေဝိုက်သော ရေးသားမှုများက "၎င်းကိုယ်တိုင် အတွေးနက်ရုံသာမက စာရှုသူတို့ကိုပါ အတွေးနက်စေလိုသလော"ဟု စောဂြောမိသည်။ ဤတွင် နိုင်ငံတော်အဆင့် စာပေဆုဖြစ်သော အမျိုးသားစာပေဆုရွေးချယ်ရေးနှင့်ပတ်သက်၍ တာဝန်ရှိသူ အဆင့်ဆင့်သည် တရားလက်လွတ်မပြုလုပ်တန်ရာဟု ဆင်ခြင်မိသည်။ ထို့ကြောင့် အမျိုးသားစာပေဆုရွေးချယ်ရေး၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲတို့ကို ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား တာဝန်ယူဆောင်ရွက်ပေးနေသော စာပေဗိမာန်မှ တာဝန်ရှိသူတစ်ဦးကို ဆက်သွယ်မေးမြန်းဖြစ်သည်။

ထိုသို့ မေးမြန်းရာတွင် တာဝန်ရှိသူက "၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီကို ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌလေးဦး၊ အတွင်းရေးမှူး တစ်ဦး၊ အဖွဲ့ဝင် ၆၂ ဦး စုစုပေါင်း ၆၈ ဦးဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း၊ ယင်းကော်မတီက ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ပထမအကြိမ် ရိုက်နှိပ်ဖြန့်ချိသော စာအုပ်များအနက်မှ ဘာသာရပ် ၁၆ မျိုးခွဲခြားပြီး ဆုချီးမြှင့်နိုင်ရန် စိစစ်ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း ပထမအကြိမ်ထုတ် စာအုပ်များကို လက်ခံရာ၌ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ လက်ခံပေးခဲ့ကြောင်း၊ စာပေစိစစ်ရေးရှိစဉ်က အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ဖတ်ရှုရွေးချယ်နိုင်ရန် စာအုပ်များက တရားဝင်ရရှိခဲ့ကြောင်း၊ စာပေစိစစ်ရေးမရှိတော့သည့်နောက်ပိုင်း ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့် စာအုပ်စာရင်းတွင် ကော်မတီအတွက် မပါရှိတော့ကြောင်း၊ ကော်မတီဝင်များသည် စာရေးဆရာကြီးများ၊ စာပေပညာရှင်များဖြစ်ကြကြောင်း၊ သို့သော်အမျိုးသားစာပေဆုရွေးချယ်ရာတွင် ဖတ်ရှုရန်စာအုပ်များ တောင်းခံနိုင်သည့် အခွင့်အာဏာမရှိကြောင်း၊ ဝယ်ယူရန်လည်း ရန်ပုံငွေ မရှိကြောင်း၊ ထို့ကြောင့် ကော်မတီအတွက် ဖတ်ရှုရမည့် စာအုပ်များရရှိရေးသည် စာပေဗိမာန်၏ ပခုံးပေါ်သို့ ကျရောက်လာကြောင်း၊ စာပေဗိမာန်တွင်လည်း ရန်ပုံငွေ မရှိသဖြင့် စာအုပ်များ လာရောက်ပေးပို့ကြရန် နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်း၊ မေတ္တာရပ်ခံခြင်းနည်းတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ စာရေးသူများ၏ အခွင့်အရေး မနစ်နာရေး၊ ဆုရသင့်ရထိုက်သောစာအုပ်များ မကျန်ခဲ့စေရေး အတွက် စာအုပ်များ ပေးပို့ကြရန် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်၊ နိုဝင်ဘာလတွင် တစ်ကြိမ်၊ နိုင်ငံပိုင်သတင်းစာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ မေတ္တာရပ်ခံနှိုးဆော်ခဲ့ကြောင်း၊ ဤသည်မှာ အမျိုးသားစာပေဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်စေခြင်း မဟုတ်ကြောင်း၊ ဆုရွေးချယ်ရာတွင် စာအုပ်များ မကျန်စေရေး လာပို့ပေးရန် မေတ္တာရပ်ခံနှိုးဆော်ခြင်းသာဖြစ်ကြောင်း၊ ထိုသို့ မေတ္တာရပ်ခံနှိုးဆော်သဖြင့် အချို့စာရေးဆရာများနှင့် ထုတ်ဝေသူများက စာအုပ်ပေးပို့ခဲ့ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ အချို့ကလည်း ပြိုင်စရာမလိုဟူသော မာန်မာနတရား အရင်းခံဖြင့် မပို့ကြကြောင်း၊ အချို့ကလည်း မပို့သေးဘဲ စောင့်ကြည့်ပြီး စိစစ်ဖတ်ရှုရမည့် စာအုပ်စာရင်းသိရသည့်အချိန်မှ လာပေးပို့ကြကြောင်း၊ စာအုပ်စာရင်းသိမှ လာပို့ခြင်းသည် စည်းကမ်းနှင့်အညီ အချိန်မီလာပို့ထားသော စာရေးဆရာများအပေါ် တရားမျှတမှုမရှိနိုင်ဟု ကော်မတီက သုံးသပ်ပြီး စာအုပ်နောက်ဆုံးပို့ရမည့်ရက်ကို ကော်မတီဝင် အများစုဆန္ဒဖြင့် ဆုံးဖြတ်သတ်မှတ်ခဲ့ကြောင်း၊ သတ်မှတ်ချိန်အမီပေးပို့လာလျှင် အငြင်းပွားဖွယ်ရာ မဖြစ်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်။

ထို့အပြင် စာဖတ်ပရိသတ်များထံမှ ဆုရသင့်သည်ဟု ယူဆသောစာအုပ်များ အကြံပြုလိုပါကလည်း အကြံပြုပေးကြရန် ထည့်သွင်းဖိတ်ခေါ်ခဲ့ရာ အကြံပြုချက်များ လက်ခံရရှိခဲ့ကြောင်း၊ ယင်းတို့ အကြံပြုသည့်စာအုပ်များကို ဝယ်ယူပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် ချိတ်ဆက်၍ အမျိုးသားစာပေဆုများ ရွေးချယ်နိုင်ရေး စာအုပ်များပေးပို့ကြရန် ထုတ်ဝေသူများထံလည်း မေတ္တာရပ်ခံစာများ အချိန်မီပေးပို့ခဲ့ကြောင်း၊ ကော်မတီဝင်များက ဖတ်သင့်စာအုပ်များ တွေ့ရှိလျှင်လည်း စာတည်းမှူးချုပ်ကို အချိန်မီပြောကြားရန် ကော်မတီအစည်းအဝေးတွင် ဥက္ကဋ္ဌက မှာကြားပြီးဖြစ်ကြောင်း၊ သို့သော် မည်သူမျှ မပြောကြောင်း၊ ဆောင်းပါးရှင်ညွှန်းသော စာအုပ်ကို ဆုရွေးချယ်ရေးအဖွဲ့သို့ တင်ပြရမည့်ရက်ကို အနည်းငယ်ကျော်လွန်ပြီးမှ တင်ပြမိသဖြင့် ဆုအတွက် ထည့်သွင်းစဉ်းစားမည်မဟုတ်ဟု ပယ်ချခံလိုက်ရသည်ဟု ဆိုသည်"ဟု ရေးခြင်းမှာ မှားကြောင်း၊ တကယ်တော့ လုံးဝ(လုံးဝ)လာရောက်ပေးပို့ခြင်း မရှိကြောင်း၊ အဖွဲ့ငယ်များခွဲ၍ ဘာသာရပ်အလိုက် စိစစ်ရွေးချယ်ချိန်(ဇွန်လတတိယပတ်)ရောက်မှ စာရေးဆရာမတစ်ဦး၏စာအုပ်ကို Pioneer သဘောလာရောက်တင်ခြင်းဖြစ်ကြောင်း၊ ၎င်း၏ သိက္ခာမပို့သေးဘဲ စောင့်ကြည့်ပြီး စိစစ်ဖတ်ရှုရမည့် စာအုပ်စာရင်းသိရသည့်အချိန်မှ လာပေးပို့ကြကြောင်း၊ စာအုပ်စာရင်းသိမှ လာပို့ခြင်းသည် စည်းကမ်းနှင့်အညီ အချိန်မီလာပို့ထားသော စာရေးဆရာများအပေါ် တရားမျှတမှုမရှိနိုင်ဟု ကော်မတီက သုံးသပ်ပြီး စာအုပ်နောက်ဆုံးပို့ရမည့်ရက်ကို ကော်မတီဝင် အများစုဆန္ဒဖြင့် ဆုံးဖြတ်သတ်မှတ်ခဲ့ကြောင်း၊ သတ်မှတ်ချိန်အမီပေးပို့လာလျှင် အငြင်းပွားဖွယ်ရာ မဖြစ်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်။

ထို့အပြင် စာဖတ်ပရိသတ်များထံမှ ဆုရသင့်သည်ဟု ယူဆသောစာအုပ်များ အကြံပြုလိုပါကလည်း အကြံပြုပေးကြရန် ထည့်သွင်းဖိတ်ခေါ်ခဲ့ရာ အကြံပြုချက်များ လက်ခံရရှိခဲ့ကြောင်း၊ ယင်းတို့ အကြံပြုသည့်စာအုပ်များကို ဝယ်ယူပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် ချိတ်ဆက်၍ အမျိုးသားစာပေဆုများ ရွေးချယ်နိုင်ရေး စာအုပ်များပေးပို့ကြရန် ထုတ်ဝေသူများထံလည်း မေတ္တာရပ်ခံစာများ အချိန်မီပေးပို့ခဲ့ကြောင်း၊ ကော်မတီဝင်များက ဖတ်သင့်စာအုပ်များ တွေ့ရှိလျှင်လည်း စာတည်းမှူးချုပ်ကို အချိန်မီပြောကြားရန် ကော်မတီအစည်းအဝေးတွင် ဥက္ကဋ္ဌက မှာကြားပြီးဖြစ်ကြောင်း၊ သို့သော် မည်သူမျှ မပြောကြောင်း၊ ဆောင်းပါးရှင်ညွှန်းသော စာအုပ်ကို ဆုရွေးချယ်ရေးအဖွဲ့သို့ တင်ပြရမည့်ရက်ကို ထည့်သွင်းစဉ်းစားမည်မဟုတ်ဟု ပယ်ချခံလိုက်ရသည်ဟု ဆိုသည်"ဟု ရေးခြင်းမှာ မှားကြောင်း၊ တကယ်တော့ လုံးဝ(လုံးဝ)လာရောက်ပေးပို့ခြင်း မရှိကြောင်း၊ အဖွဲ့ငယ်များခွဲ၍ ဘာသာရပ်အလိုက် စိစစ်ရွေးချယ်ချိန်(ဇွန်လတတိယပတ်)ရောက်မှ စာရေးဆရာမတစ်ဦး၏စာအုပ်ကို Pioneer သဘောလာရောက်တင်ခြင်းဖြစ်ကြောင်း၊ ၎င်း၏ သိက္ခာ

ကို ငဲ့၍ စာရေးသူနှင့် စာအုပ်အမည်တို့ကို မပြောလိုကြောင်း၊ ၎င်းစာအုပ်ကို လက်ခံလျှင် ဆောင်းပါးရှင်ပြောသည့် ဘာသာပြန်စာအုပ်ကို ထပ်တင်ရန်ကြံရွယ်ခြင်းဖြစ်ကြောင်း၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီသည် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သောအဖွဲ့အစည်းဖြစ်ကြောင်း၊ မည်သည့်ကိစ

✱ ကျောဖုံးမှ

အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာန အမြတမ်းအတွင်းဝန်တို့က မူလပိုင်ရှင်တောင်သူ ၃၂ ဦးထံ ပြန်လည်စွန့်လွှတ်မြေ ၂၀၈ ဒသမ ၃၅ ဧကမှ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် (ပုံစံ -၃)များ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဒုတိယသမ္မတက မတ္တရာမြို့နယ်အတွင်းရေနံ့သာ အနာကြီးရောဂါကုဆေးရုံအတွက် သိမ်းဆည်းထားသည့်မြေ ၁၉၄၆ ဒသမ ၄၀ ဧက အနက်မှ ဆေးရုံအတွက် အသုံးပြုရန် အမှန်တကယ်လိုအပ်သည့် ၆၁၇ ဒသမ ၁၁ ဧကကိုသာ အသုံးပြုမည်ဖြစ်ကြောင်း၊ ပြန်လည်စွန့်လွှတ်သည့် ၁၃၂၉ ဒသမ ၂၉ ဧက အထဲမှ မြေယာအငြင်းပွားမှု ကင်းရှင်းသည့် ၂၀၈ ဒသမ ၃၅ ဧကကို တောင်သူများလက်ဝယ်သို့ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)ဖြင့် ယနေ့လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိသည့် စွန့်လွှတ်မြေ ၁၁၂၀ ဒသမ ၉၄ ဧကကိုလည်း မှန်မှန်ကန်ကန်စိစစ်ပြီး အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လယ်သမားများအတွက် လယ်ယာမြေသည် အသက်သွေးကြောဖြစ်ကြောင်း၊ ထို့ကြောင့် လယ်သမားများအတွက် အသက်တမျှ အရေးကြီးလှသည့် လယ်ယာမြေများ ပြန်လည်ရရှိရန် အစိုးရအနေဖြင့် ဦးစားပေးအထူးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေပါကြောင်း၊ မူလပိုင်ရှင်တောင်သူများထံ လယ်ယာမြေများ ပြန်လည်လွှဲပြောင်းနိုင်ရန် ကျင့်သုံးနေသည့် လုပ်ငန်းစဉ်အဆင့်များ များနေခြင်းကိုလည်း အတတ်နိုင်ဆုံး ဖြေလျှော့ရန် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယသမ္မတက မြေယာစီမံခန့်ခွဲမှုသည် ပြည်သူများ၏ လူမှုစီးပွားမြှင့်တင်ရေးနှင့် တိုက်ရိုက်ဆက်စပ်ပတ်သက်နေသည့်အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း မှန်ကန်စွာ လုပ်ဆောင်ပေးရန်ဖြစ်ကြောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်လည်း ညီညွတ်ရန်လိုအပ်သကဲ့သို့ ကရုဏာနှင့် ယှဉ်သည့် တရားမျှတမှုလည်းဖြစ်ရန်လိုကြောင်း၊ ထို့ပြင် အဂတိတရားလည်းကင်းစင်ရန်လိုအပ်ကြောင်း၊ လယ်ယာမြေများ လက်ဝယ်ပြန်လည်ရရှိပြီးဖြစ်ကြသည့် တောင်သူများအနေဖြင့်လည်း မိမိတို့ တစ်ကိုယ်ရေ တစ်မိသားစု ဝမ်းစာဖူလုံရေးမှနေပြီး နိုင်ငံ့စီးပွားတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် ကုန်ထုတ်လယ်ယာမြေများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးဇော်မင်းအောင်က မူလတောင်သူများထံ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)များ ပေးအပ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ကျန်းမာရေးဝန်ကြီးဌာန အမြတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းတို့က ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)များကို တောင်သူများထံ လွှဲပြောင်းပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီပန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံ မြို့နယ်ရှိ ပြည်သူ့ဝန်ဆောင်မှုရုံးသို့ရောက်ရှိပြီး ဌာနဆိုင်ရာ ၁၃ ခုမှ လာရောက်ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်း ၂၅ ကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်ရှိ ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေးတာမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအမံနှင့် မုံရွာမြို့ ကမ်းနားလမ်းကျောက်စီတာရိုးအားဖြည့်ခြင်းလုပ်ငန်း၊ ထပ်ပိုးကျောက်စီနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရန်ပုံငွေရရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေးတာတမံသည် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်အတွင်း လူနေအိမ်များ၊ လယ်ယာမြေများ ရေလွှမ်းမိုးမှုကြောင့် လူမှုရေး၊ စီးပွားရေး ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ထားသည့် အရေးကြီးသောတာတမံဖြစ်သည်။ ယင်းတာတမံကို ၁၉၆၄ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ချင်းတွင်းမြစ်၏ ရေကြီးရေလျှံမှုကြောင့် စိုးရိမ်ရေမှတ်အောက်ရောက်ရှိနေသည့် မုံရွာမြို့ပေါ် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၁ ရွာနှင့် ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာကို ရေဘေးကာကွယ်နိုင်ရန်၊ မုံရွာမြို့နယ်အတွင်းရှိ လယ်မြေ ၈က ၅၁၅၄ ဧကနှင့် ချောင်းဦးမြို့နယ်ရှိ လယ်မြေ၈က ၂၇၄၇၄ ဧကအား ရေကြီးချိန်တွင် ရေနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် ရေလိုအပ်ချိန်တွင် ရေတံခါးမှ ထိန်းညှိ၍ ရေပေးသွင်းနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် မုံရွာမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop)ရုံးခွဲ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုလေ့လာပြီး မုံရွာမြို့ လယ်ဇင်စံပြကျေးရွာပြည်သူများအား မြေဌားဂရန်စာချုပ်များ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

◆ အဋ္ဌမအကြိမ်မှ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဘောလုံးအသင်းမှ လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲက ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်း(၃)၌ အုပ်စု(ခ)မှ ပညာရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲရလဒ်ဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း(၄)၌ ကျင်းပသော အုပ်စု(ခ)မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းမှ ၁၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၀ ရက် ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲ ပွဲစဉ်မှာ အုပ်စု(ဂ)မှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များအဖြစ် အုပ်စု(ဂ)မှ နေပြည်တော်စည်ပင်သာယာရေးအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေး ကွင်းအမှတ်(၃)၌လည်းကောင်း၊ အုပ်စု(ဃ)မှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အဋ္ဌမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက် ညနေပိုင်းက နေပြည်တော်ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ကျင်းပခဲ့ပြီး အဖွင့်ပွဲစဉ်အဖြစ် အုပ်စု(က)မှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

MNL ပြိုင်ပွဲတွင် မကွေး၊ ရန်ကုန်နှင့် ဟံသာဝတီတို့ နိုင်ပွဲရ

ရန်ကုန် ဇူလိုင် ၉

၂၀၁၆ ရာသီ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၇)ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက Horizon အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ရန်ကုန်အသင်းသည် ဦးဆောင်ဝိုး ပေးခဲ့ရသော်လည်း ကျော်ကိုကိုဇ၏ ဟက်ထရစ်အပါအဝင် ဂိုးပြတ်အနိုင်ရကာ နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရရှိခဲ့သောကြောင့် ဒုတိယနေရာ ဆက်လက်မျှော်လင့်နိုင်ခဲ့သည်။ ရန်ကုန်အတွက် အနိုင်ဂိုးများကို ၂၇ မိနစ်နှင့် ၂၈ မိနစ်တို့တွင် အက်ဒီဆင်၊ ၃၆ မိနစ်၊ ၅၆ မိနစ်နှင့် မိနစ် ၆၀ တို့တွင် ကျော်ကိုကို၊ မိနစ် ၅၀ တွင် ဇွန်မိုးအောင်တို့က သွင်းယူခဲ့သည်။ Horizon အသင်းအတွက်ဂိုးများကို ၁၁ မိနစ်တွင် အားနက်စ်၊ ၃၈ မိနစ်တွင် အောင်ကျော်ထွေးတို့က သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက Southern အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဒုတိယနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ မကွေးအတွက် အနိုင်ဂိုးကို ၃၉ မိနစ်တွင် စိုးမင်းနိုင်ကသွင်းယူခဲ့သည်။ တောင်ငူကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းက ရခိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။ ဟံသာဝတီအတွက် အနိုင်ဂိုးကို ၆၆ မိနစ်တွင် ဘမ်ဘာက သွင်းယူပေးခဲ့သည်။

ဒုတိယနေ့ပွဲစဉ်များကို ဇူလိုင် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မုံရွာကွင်း၌ ဇေယျာရွှေမြေနှင့် ရတနာပုံ၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်၊ ပုသိမ်ကွင်း၌ ဧရာဝတီနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်ရွှင်း

❍ မြန်မာအမျိုးသမီးမှ

အိမ်ရှင်မြန်မာအသင်းကို ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ခံစစ်ပိုင်း အမှားနည်းခဲ့၍သာ ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ မိနစ် ၂၀ နောက်ပိုင်းတွင် မြန်မာအသင်းကစားကွက်ချိတ်မိလာပြီး ဂိုးပေါက်ဒြမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ မြန်မာအသင်း ဂိုးရရှိင်သည့် အခွင့်အရေးများရခဲ့သော်လည်း နော်အား လိုဝါးဖောနှင့် ခင်မိုးဝေတို့ အသုံးမချနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းအစတွင် မြန်မာအသင်းတစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မျှော် ရီရီဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။ ထိုင်းအသင်းသည် ကစားသမားများအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း မြန်မာနောက်တန်း အမှားအယွင်းမရှိဘဲ ဖျက်ထုတ်နိုင်ခဲ့သည်။ လက်ရွေးစင် ကစားသမားဘဝမှ အနားယူပြီး ပြန်လည်ကစားနေသည့် စန်းစန်းမော်နှင့် မြဖူးငုံ(ဂိုး)တို့ အကောင်းဆုံး ကစားနိုင်ခဲ့ကြောင်း သိရသည်။

(ရွှင်းထက်ဇော်)

စကော့တလန်နိုင်ငံ Kilmarnock မြို့ Barassie ဂေါက်ကွင်း၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်ထိ ကျင်းပမည့် THE JUNIOR OPEN CHAMPIONSHIP 2016 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဂေါက်သီးအားကစားသမားများဖြစ်ကြသော ဟိန်းစည်သူ၊ ဖူးပွင့်ရတီခိုင်တို့အား ဇူလိုင် ၈ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ ဖိုးသော်ဇင်

လယ်ဝေးမြို့တွင် အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

လယ်ဝေး ဇူလိုင် ၉

ပြည်ထောင်စုနယ်မြေ ဒကွိုဏာခရိုင် လယ်ဝေးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဇူလိုင် ၇ ရက် နံနက် ၉ နာရီက အထက(၂)လယ်ဝေး ဝင်းသီရိခန်းမ၌ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ် အခွန်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးအောင်နိုင်က အခွန်ကောက်ခံခြင်းသည် ပြည်သူ့အကျိုးဆောင်ရွက်ရသည့် လုပ်ငန်းများတွင် ကျခံသုံးစွဲနိုင်ရန် ကောက်ခံခြင်းဖြစ်ကြောင်း၊ အများပြည်သူ အကျိုးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရှိန်မြှင့်တင်ရမည်ဖြစ်ရာ ရသင့်ရထိုက်သော အခွန်များကို အပြည့်အဝရရှိရေးကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် အသစ်ပြဋ္ဌာန်းသည့် အထူးကုန်စည်ခွန်ဥပဒေများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား ပြည်တွင်းအခွန်ဦးစီးဌာနအကြောင်း သိမှတ်ဖွယ်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်/ကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုရွှေ(နေပြည်တော်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

လားရှိုး ဇူလိုင် ၉

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် နောင်မွန် အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကျင်းပသည်။

အဆိုပါအခမ်းအနားတွင် လားရှိုးမြို့ အမှတ်(၂၀)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ရဲအုပ်နေဝင်းလှိုင်နှင့် ရဲအုပ်ကျော်ခိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပညာပေးဟောပြောကြသည်။ ဆက်လက်၍ အသိပညာပေးလက်ကမ်းစာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဝေဌပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ပုသိမ်	၇ အသမ ၁၇ လက်မ
ကျိုက္ခမီ	၅ အသမ ၂၄ လက်မ
မော်ဘီ	၅ အသမ ၁၂ လက်မ
ရေး	၅ အသမ ၀၀ လက်မ
မြောင်းမြ	၄ အသမ ၁၇ လက်မ
သံတွဲ	၄ အသမ ၁၀ လက်မ
ဟိုင်းကြီးကျွန်း	၄ အသမ ၀၂ လက်မ
မာန်အောင်	၃ အသမ ၈၂ လက်မ
ဝ	၃ အသမ ၅၄ လက်မ
ကျိုက်မရော	၃ အသမ ၅၀ လက်မ
ကိုကိုးကျွန်း	၃ အသမ ၂၃ လက်မ
မုဒုံ	၃ အသမ ၁၅ လက်မ
ချောင်းဆုံ	၃ အသမ ၁၅ လက်မ
တောင်ကုတ်	၃ အသမ ၀၇ လက်မ
မြစ်ကြီးနား	၂ အသမ ၇၆ လက်မ

တရုတ်ငွေကြေးအဆမတန်ကျဆင်းနေသော်လည်း ပြည်တွင်းသွင်းကုန်ပစ္စည်းများ ဈေးကျဆင်းမှုမရှိ

မန္တလေး ဇူလိုင် ၉

တရုတ်ငွေစျေးအဆမတန်ကျဆင်းနေသော်လည်း ပြည်တွင်းသို့ ဝင်ရောက်နေသည့် တရုတ်သွင်းကုန်ပစ္စည်းများ ဈေးကျဆင်းမှုမရှိကြောင်း မန္တလေးမြို့ စျေးချိုရှိ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များနှင့် ကုန်သည်များထံမှ သိရသည်။

လက်ရှိတွင် တရုတ်ငွေကြေး အဆမတန်ကျဆင်းနေပြီး ဇူလိုင် ၉ ရက်အထိ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ဒသမ ၅၈၀ အထိ ရောက်ရှိနေသော်လည်း ၎င်းတို့နိုင်ငံမှ တင်သွင်းလာသည့် လူသုံးကုန်၊ အိမ်သုံးကုန်နှင့်ဆေးဝါးပစ္စည်းများမှာ လုံးဝကျဆင်းခြင်းမရှိကြောင်း စျေးချိုတွင်လူသုံးကုန်ပစ္စည်းရောင်းဝယ်ဖြန့်ချိနေသည့် ကိုမျိုးဝင်းက ပြောသည်။

"မြန်မာငွေကြေးကတော့လက်ရှိအချိန်မှာ အခိုင်အမာရပ်တည်နေတယ်။ တရုတ်ကုန်ပစ္စည်းတွေ အများဆုံးဝင်ရောက်နေတဲ့ မန္တလေးစျေးချိုမှာတော့ တရုတ်ကုန်စည်တွေ စျေးမကျပါဘူး။ ဒါပေမယ့် ပြည်တွင်းကတင်ပို့တဲ့ ကုန်တွေကိုတော့ သူတို့ငွေကြေးနဲ့ကိုက်ညီအောင်စျေးချပြီး ဝယ်ယူနေပါတယ်" ဟု ၎င်းကဆိုသည်။

လက်ရှိဖြစ်ပေါ်နေသောတရုတ်ငွေစျေးအပြောင်းအလဲတွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အဓိကတင်ပို့ကုန်ဖြစ်သည့် ပဲတီစိမ်းစျေးနှုန်းများမှာ တရုတ်ယွမ်စျေးဆက်တိုက်ကျဆင်းမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ နှုန်းမှ ငွေကျပ် ၈၇၀၀၀နှုန်းအထိ လျှော့ချဝယ်ယူနေကြောင်း မန္တလေးမြို့မှ ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ဆက်လက်ပြောကြားသည်။

"ယွမ်စျေးအတက်အကျအပေါ်မှာ ကျွန်တော်တို့ ပို့ကုန်တွေကို စျေးကစားပေမယ့် သူတို့သွင်းကုန်တွေကိုတော့ အပြောင်းအလဲမလုပ်ဘဲ မူလစျေးအတိုင်း စျေးကွက်ကိုတစ်ဖက်စောင်းနင်း ခြယ်လှယ်လုပ်ဆောင်နေတဲ့ပုံစံမျိုး ဖြစ်နေပါတယ်"ဟု ၎င်းကသုံးသပ်ပြောကြားသည်။

အောင်ရဲသွင်

မိုးအေးအေးမှာ တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်ရှုခံစားနိုင်မည့် ဇော်မောင်၏ တစ်ကိုယ်တော် အခရိုင်းလစ် ပန်းချီပြပွဲ

ရန်ကုန် ဇူလိုင် ၉

ဦးဝိစာရအဝိုင်းသို့ အရောက်တွင် သဲသဲမဲမဲရွာသွန်းနေသည့် မိုးက ရုတ်တရက် ရပ်ဆိုင်းသွားပြီး ပြည်သူ့ရင်ပြင်အတွင်းရှိ The Rangon Gallery အနီးရောက်မှ ရေပုံးသွန်ချသလို မိုးရေစက်များ ကျဆင်းလာပြန်သည်။

လေအေးပေးစက်တပ်ဆင်ထားသော ပန်းချီပြခန်းအတွင်း အပြေးအလွှားဝင်ရောက်သွားတော့ စိမ့်ခနဲ့အေးသွားသည်။

ပြပွဲနံရံများထက်တွင် အခရိုင်းလစ်ပန်းချီကားများစွာ ချိတ်ဆွဲပြသထားသည်ကို ဖြူဝင်းသော မီးရောင်အောက်တွင် မှုန်မှိုင်းတင်းမာစွာတွေ့လိုက်ရသည်။

မျဉ်းများ၊ အရောင်များဖြင့် ပုံအချီးဖျက် ဖွဲ့စည်းရေးဆွဲထားသာ ခေတ်ပေါ်(Modern) ပန်းချီကားချပ်များကို တစ်ကားပြီးတစ်ကား ခံစားကြည့်ရှုမိသည်။ ဤပွဲကား "ဇော်မောင်၏ တစ်ကိုယ်တော် အခရိုင်းလစ် ပန်းချီပြပွဲ -၂၀၁၆" ဤဆရာ၏ နဝမမြောက် တစ်ကိုယ်တော်ပွဲမို့ မရည်ရွယ်ဘဲ ရောက်ဖြစ်သည်။

ပြပွဲသို့ဝင်လျှင်ဝင်ချင်း လက်ဝဲဘက်နံရံတွင် ချိတ်ဆွဲပြသထားသည့် သိဒ္ဓတ္ထမင်းသား တောထွက်ခန်းကို သရုပ်ဖော်ထားသည့်ကားက ပထမဆုံး ဆွဲယူဖမ်းစားလိုက်သည်။ မြင်တွေ့နေကျ တောထွက်ခန်း ပန်းချီကားများစွာထဲမှ သိသာစွာခွဲထွက်သွားသည်ဟု ထင်မိသည်။ တင်းတင်းမာမာ ခုခံထားသော နတ်သားတို့ ကြာဖူးကြာပွင့်များအပေါ်၌ နင်းဖြတ်သွားသော ကဏ္ဍကမြင်း၊ မြင်းပေါ်မှ အလောင်းတော်မင်းသား၊ မြင်း၏ ကိုယ်ခန္ဓာက နွဲ့ပျောင်းနေမည်။ မြင်းခွာလေးဖက်ကိုခံယူနေသည့် နတ်သားလေးပါးကိုသာ ထည့်ဆွဲထားသည်။ ငြိမ်လည်းငြိမ် လှုပ်လည်းလှုပ်နေသည်ဟု ခံစားမိသည်ကား။

ဒုတိယကားကတော့ ရဟန်းသံယာစီတန်းကြွချီနေပုံ၊ ဂျန္ဒြေသမ္ဘတ္တိကြီးစွာ အရောင်က ရင့်ရင့်မှိုင်းမှိုင်း၊ နောက်ခံ ဖွဲ့စည်းမှု ဘာမျှထည့်သွင်းမထား၊ ပုံကအကျပ်၊ တွေးစရာတွေအများကြီး ရသွားသည်။ ကြည့်ပြီးရင်း နောက်တစ်ခါပြန်ကြည့်မိသည်။ မျဉ်းတွေ၊ အရောင်တွေဖွင့် အချိုးဖျက်ပုံ ရေးဆွဲထားသော်လည်း ယင်းပန်းချီကားနှစ်ချပ်ကတော့ မိမိအဖို့ ဘယ်လိုမှ အချိုးမပျက်။ ညီညွတ်မှုတခြင်းကို ခံစားရ၏။

ထောင့်မှန်စတုဂံဟန်ဖြင့် ဖွဲ့စည်းမှုနှင့် ရေးချယ်ထားသော ဘုန်းတော်ကြီးကျောင်းပုံ၏ စုလစ်မွန်းချွန်နှင့် ဘုံအဆင့်များ၊ တန်းစီကြွလှမ်းနေသည့် သံယာငါးပါးနှင့် ဌက်ပျောပင်အုပ် တစ်အုပ်ပါဖွဲ့စည်းထားသည့် တတိယမြောက်ကားကတော့ ထောင်လိုက်မြင်ကွင်းကို စုစည်းညီညွတ်စွာဖွဲ့စည်းထားသည့် အရောင်လွင်လွင် ပန်းချီကား၊ ခက်မာသောသဘောရှိသော်လည်း ပျော့ပျောင်းမှုကို ရှာဖွေတွေ့ရှိရသည်။ အသွင်မျိုးစုံသော ပန်းချီကား ၇၀ ကျော်ကို တစ်ကားစီခံစားရေးချရန် မဖြစ်နိုင်တော့။ ပန်းချီကားချပ်များကို ကိုယ်တိုင်လာရောက်ခံစားကြရန် သတင်းသာပေးလိုတော့သည်။

ပန်းချီဇော်မောင်၏ တစ်ကိုယ်တော် အခရိုင်းလစ် ပန်းချီပြပွဲကို ဇူလိုင် ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့အလုံလမ်း ပြည်သူ့ဥယျာဉ်အတွင်းရှိ The Rangon Gallery တွင် ခင်းကျင်းပြသလျက်ရှိနေသည်။ နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း လာရောက်ကြည့်ရှုခံစားနိုင်ကြပေပြီ။

သတင်း-ဇော်မိုးသောက်
ဓာတ်ပုံ-ခင်မောင်ဝင်း

ရောဝတီမြစ်ရေကြီးလာခြင်းကြောင့် အသက်ဘေးအန္တရာယ်မကြုံတွေ့နိုင်စေရန် အသိပညာပေးနှိုးဆော်ခြင်းဆောင်ရွက်

ကသာ ဇူလိုင် ၉

ကသာမြို့နယ်အနီးရှိ စီးဆင်းနေသောရောဝတီမြစ်ရေသည်သဘာဝပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များမှ ထိန်းသိမ်းနိုင်မှုအားနည်းလာခြင်းကြောင့် မြေနိမ့်ပိုင်းနေထိုင်သောကျေးရွာနေပြည်သူများ ရေဘေးအန္တရာယ်မကြုံတွေ့ရစေရန် ဇူလိုင် ၉ ရက်တွင် ကသာမြို့နယ်အတွင်း ဧရာဝတီမြစ်ရေကြီးမှုနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကို မြို့နယ်ထွေ/အုပ်ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ပြန်/ဆက်ဦးစီးဌာနနှင့် ရစကအဖွဲ့တို့ ပူးပေါင်း၍ နေ့ည ၂၄ နာရီလုံးကြည့်ရှုစောင့်ရှောက်ခြင်း၊ နယ်မြေသတင်းရရှိရေး ချိတ်ဆက်ခြင်းများကို စောင့်ဆိုင်းလျက် အသက်ကယ်ရေယာဉ်အကြီးအသေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့နောက် ဧရာဝတီမြစ်ရေတိုးခြင်းကြောင့် မြေနိမ့်ပိုင်းဒေသများရှိကျေးရွာ ၁၀ ရွာကျော်အား ရေဝင်ရောက်လျက်ရှိသောကျေးလက်ဒေသများရှိ ပြည်သူများအားတွေ့ဆုံ ၍ အသိပညာပေး လက်ကမ်းစာစောင်များပေးအပ်ခြင်းဆောင်ရွက်ရာတွင် "ယခုလိုရောဝတီမြစ်ရေတိုးဟာ နှစ်စဉ်တိုးမြင့်ဖြစ်တဲ့အတွက် စိုးရိမ်ထိတ်လန့်ခြင်းမရှိကြပါဘူး။ ဘာကြောင့်လဲဆိုတော့ ဖြစ်ရိုးဖြစ်စဉ်လို ဖြစ်နေတာကြောင့် ရွှေ့ပြောင်းမှုမရှိကြသေးပါဘူး"ဟု ဒုံးအော့ကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြခဲ့သည်။

ထို့ပြင်ကသာမြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ရေကြီးခြင်းကိုစိုးရိမ်စရာအခြေအနေမရှိသေးသော်လည်း ကသာမြို့ စိုးရိမ်ရေအမှတ် ၁၀၄၀ စင်တီမီတာအနီး အမှတ် ၉၇၉ စင်တီမီတာသို့ရောက်ရှိလာခြင်းကြောင့် အချိန်မီ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန် ကသာမြို့နယ်စီမံခန့်ခွဲမှုကော်မတီဖုန်း-၀၇၅ ၂၅၀၁၀ -၁၁၊ ရဲတပ်ဖွဲ့ရုံး ဖုန်း၀၀၇၅၂၅၀၁၉ ၊မီးသတ်ဖွဲ့ ဖုန်း-၀၇၅၂၅၀၃၉ များထည့်သွင်းပေးထားပြီး ရေဝင်ကျေးရွာများအသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

ငွေအိုး (ကသာ)

❖

တရားမဝင်လမ်းကြောင်းမှ ပြန်လည်ဝင်ရောက်လာသူအား ဖမ်းဆီးရမိ

မူဆယ် ဇူလိုင် ၉

မူဆယ်-မန္တလေး ခရီးစဉ်၏ မူဆယ်သူယာဉ်လိုင်းမှ ယာဉ်မောင်း ဖြိုးသူဆန်း မောင်းနှင်လာသည့် 5B/---မှန်လုံယာဉ်အား မူဆယ်မြို့ ၁၀၅မိုင် ကုန်သွယ်ရေးဇုန်၌ ဇူလိုင် ၈ရက်ညနေ ၆ နာရီတွင် လူဝင်မှုကြီးကြပ်ရေးဌာနခွဲ အမှတ်(၇) ယာဉ်ငယ် စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရုတ်နိုင်ငံသို့ တရားမဝင် သွားရောက်နေထိုင်ခဲ့ပြီး တရားမဝင်လမ်းကြောင်းမှ အထောက်အထားမဲ့ ပြန်လည်ဝင်ရောက်ခဲ့သော ဘစိန်(ခ) ကာမဟူစိန်(ခ) အဒူဟာမွတ် (၃၀)နှစ်ကို ဖမ်းဆီး၍ လဝကမှူး ဦးမြတ်ဇော်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်မြို့နယ်ဦးစီးမှူးရုံးသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ဘစိန်(ခ) ကာမဟူစိန်(ခ) အဒူဟာမွတ်သည် ၂၀၁၁ခုနှစ်တွင် ပေါက်တာမြို့နယ် ဆင်တက်မော်ကျေးရွာမှ ထိုင်းနိုင်ငံသို့ တရားမဝင် ထွက်ခွာခဲ့ရာ ဗန်ကောက်ဆိပ်ကမ်း၌ ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ်(၁)နှစ် ပြစ်ဒဏ်ပေးခြင်း ခံခဲ့ရသည်။ ထောင်မှလွှတ်ပြီး ဗန်ကောက်မြို့အနီးရှိ UNHCR ဒုက္ခသည်စခန်းတွင် (၄)နှစ်နေထိုင်ကာ ၂၀၁၆ ခုနှစ် မတ်လတွင် မဲဆောက်မြို့ အိုပီယမ်း ဒုက္ခသည်စခန်း၌ (၁)လ နေထိုင်ခဲ့ကြောင်း သိရသည်။

ဧပြီလတွင် မြဝတီမြို့မှ ဘားအံ-မန္တလေး-မူဆယ်မြို့များသို့ အဆင့်ဆင့်သွားရောက်၍ မူဆယ်မှ တရုတ်ပြည် ရွှေလီမြို့သို့ တရားမဝင်လမ်းကြောင်းက တစ်ဆင့်သွားရောက်ခဲ့ကြောင်း စစ်ဆေးချက်များအရ သိရသည်။ ရွှေလီတည်းခိုခန်းတွင် တည်းခိုနေစဉ် တရုတ်ရဲများက တရားမဝင် ဝင်ရောက်ခဲ့သည့်အတွက် တရုတ်ပြည် လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် ဖမ်းဆီးကာ ထောင်ဒဏ်(၂)လ အပြစ်ပေးခဲ့သည်။

ဇူလိုင် ၇ ရက်တွင် တရုတ်ပြည် ထောင်မှ လွှတ်မြောက်ချိန်တွင် တရုတ်ပြည် နယ်ခြားစောင့်ရဲများက မူဆယ်-ကြယ်ဂေါင် နယ်စပ်ခြံစည်းရိုး တစ်နေရာရှိ တရားမဝင် ခိုးပေါက်မှ မူဆယ်ဘက်သို့ သွားခိုင်းခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။ ဇူလိုင်၈ ရက်တွင် မူဆယ်မှ မန္တလေးသို့ မူဆယ်သူ ယာဉ်လိုင်းဖြင့် သွားနေစဉ်ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

မူဆယ်မြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးဇော်မင်းသိန်းက တရားလိုပြု တိုင်ကြားလာသဖြင့် မူဆယ်မြို့မ ရဲစခန်းက (ပ)၂၇၇/၁၆ လဝက အက်ဥပဒေ ပုဒ်မ ၁၃(၁)ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက မြန်မာနိုင်ငံအတွင်း ၎င်း ဝင်ရောက်ရခြင်း၏ ရည်ရွယ်ချက်နှင့် နောက်ကွယ်ရှိ သံသယဖြစ်ဖွယ် ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား အချိန်နှင့် တစ်ပြေးညီဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဝ၁၁၂)

ချင်းတွင်းမြစ်ရေ ခန္ဓီးမြို့၌ ပြန်လည်ကျဆင်း

ခန္ဓီး ဇူလိုင် ၉

ခန္ဓီးမြို့တွင် ဇူလိုင် ၇ ရက်မှစတင်၍ မိုးရွာသွန်းမှုနည်းသွားခြင်းကြောင့် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက အမြင့်ဆုံးစံချိန် ၁၄၁၇ စင်တီမီတာသို့ရောက်ရှိခဲ့သော်လည်း ဇူလိုင် ၇ ရက် မွန်းတည့် ၁၂ နာရီတွင် ၁၃၉၅ စင်တီမီတာသို့လည်းကောင်း၊ ဇူလိုင် ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ခန္ဓီးမြို့၏ စိုးရိမ်ရေအမှတ်ဖြစ်သော ၁၃၆၀ စင်တီမီတာသို့လည်းကောင်း ကျဆင်းရောက်ရှိနေကြောင်း သိရသည်။ **(စန်းလွင်ဦး)**

တိုက်ပွဲဖြစ်ပွားရာဒေသမှ လာရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့လျှာ်ခိန်း

ကျောက်မဲ ဇူလိုင် ၉

ကျောက်မဲမြို့နယ် တိုက်ပွဲဖြစ်ပွားရာဒေသမှ ကျောင်းများဖွင့်လှစ်နိုင်ခြင်းမရှိသေးဘဲ ကျောက်မဲမြို့ အေးမေတ္တာဘုန်းကြီးကျောင်း အောင်ဆုပန်ကျောင်း တိုက်နှင့် ကျားငါးကောင်ဆေးတိုက်တို့တွင် လာရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူ ၁၁၉ ဦးအား ရှမ်းပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်း သည် ဇူလိုင် ၈ ရက်ကဆန် ၁၆ အိတ်နှင့် အဆင့်မြင့်သက်ကြီးစောင့်ရှောက်ရေး စင်တာမှ ဘိုးဘွားများအတွက် ဆန်လေးအိတ်တို့ကို ပေးအပ်လျှာ်ခိန်းကာ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး အထက(၂)ပတ္တမြားခန်းမတွင် အသိပညာပေးဟောပြောပွဲကျင်းပရာ အမှတ်(၂၄)မူးယစ်တပ်ဖွဲ့စု (လားရှိုး)မှ ဒုရဲမှူး သင်းအောင်က ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး သိကောင်းစရာများကို လည်းကောင်း၊ ခရိုင်ဆရာဝန်ကြီးဒေါက်တာအောင်အောင်က ကျန်းမာရေးဆိုင်ရာအသိပညာများကို လည်းကောင်း ဟောပြောကြပြီး လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အထက(၂) ကျောင်းအုပ်ဆရာမကြီးထံ အားကစားပစ္စည်းများပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက တိုက်ပွဲများဖြစ်ပွားမှုကြောင့် ကျောင်းပိတ်ထားသည့် အထက(ခွဲ)တော့ဆန် အတွက် ကျောင်းထောက်ပံ့ကြေး ငါးသိန်းကျပ်ကိုလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက အမကညောင်မောင်းအတွက် တစ်သိန်းကျပ်ကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က အမက(ခွဲ) ဇာတိတောင်အတွက် တစ်သိန်းကျပ်ကိုလည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်ကြသည် ။

ကျောက်မဲမြို့နယ်တွင် စစ်ပွဲများဖြစ်ပွားခဲ့မှုကြောင့် ကျောင်းမဖွင့်နိုင်သေးသည့် အထက(တော့ဆန်)၊ အမက(ညောင်မောင်း)နှင့် အမက(ခွဲ) ဇာတိတောင် ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၀၆ ဦးတို့သည် ဘုန်းကြီးကျောင်းများ၊ ကျားငါးကောင်ဆေးတိုက်နှင့် နီးစပ်ရာဆွေမျိုးသားချင်းများထံတွင် လည်းကောင်း၊ အိမ်ငှား၍လည်းကောင်း နေထိုင်ကြကာ ကျောက်မဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာဆက်လက်သင်ယူနေကြကြောင်း သိရသည်။ **မလတ်(ကျောက်မဲ)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

မုံရွာ ဇူလိုင် ၉

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသည် ရွှေ့ပြောင်းအလုပ်သမားနှင့် ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း၊ အသက်(၁၀) နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းများကို ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် ပြည်သူများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ဇူလိုင် ၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်ရှိ အေးငြိမ်းသီတာ ဆေးဝါးထုတ်လုပ်ရေးစက်ရုံနှင့် မြတ်ဇော်နှင့် ညီများ သစ်အခြေခံ စက်မှုလက်မှုအချောထည်စက်ရုံတို့သို့ မုံရွာမြို့နယ် လဝကရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းနှင့် ဝန်ထမ်းများက ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့်အဖွဲ့က လာရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

မိတ္ထီလာတွင် လေကြောင်းအီလက်ထရွန်နစ်ပရောဂျက် ပြပွဲကျင်းပ

မိတ္ထီလာ ဇူလိုင် ၉

မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် လေကြောင်း အီလက်ထရွန်နစ် (Avionics)ဌာန၏ လေကြောင်း အီလက်ထရွန်နစ် ပရောဂျက် (Avionics Project Show 2016) ပြပွဲကို ဇူလိုင် ၈ ရက် မွန်းတည့် ၁၂ နာရီက ယင်းတက္ကသိုလ် ဦးခေါင်းပိုင်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

"လေကြောင်းအီလက်ထရွန်နစ် ပရောဂျက် (Avionics Project Show) ပြပွဲကို နှစ်စဉ်ကျင်းပလာခဲ့တာ ဒီနှစ်ဆို လေးနှစ်မြောက်ဖြစ်ပါတယ်။ ဒီပြပွဲမှာ GSM ဖုန်းလိုင်းသုံး မီးဘေးလုံခြုံရေးစနစ်၊ FM ရေဒီယိုဆက်သွယ်ရေးနဲ့ ထုတ်လုပ်မှုစနစ်၊ ဝေဟင်မြေပြင်နှစ်မျိုးသုံး မောင်းသူမဲ့လေယာဉ်၊ ကယ်ဆယ်ရေးစက်ရှပ်၊ ရှုပ်ပြေးယာဉ်၊ GPS သုံး ထောက်လှမ်းရေးနဲ့ ရာသီဥတုဆန်းစစ် လေ့လာရေးယာဉ် စတဲ့ ပရောဂျက်အမျိုးအစား ၃၀ ကို ပြခန်းတွေနဲ့ ခင်းကျင်းပြသတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် လေကြောင်း အီလက်ထရွန်နစ် (Avionics)ဌာန ဌာနမှူး ဒုတိယပါမောက္ခ ဒေါက်တာစိုးဝင်းက ပြောသည်။

လေကြောင်းအီလက်ထရွန်နစ် ပရောဂျက် (Avionics Project Show 2016)ကို လေကြောင်းအီလက်ထရွန်နစ် နည်းပညာများ တွယ်ကျယ်လာစေရန်၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ကူးနှင့် တီထွင်ကြံဆမှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် ကျွမ်းကျွမ်းကျင်ကျင် အသုံးချတတ်စေရန်နှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်း ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်သည်။

ယင်းပြပွဲတွင် လေကြောင်းအီလက်ထရွန်နစ် (Avionics) ဌာန ဌာနမှူး ဒုတိယပါမောက္ခဒေါက်တာစိုးဝင်းက ပြပွဲရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြခန်းအလိုက် တာဝန်ယူပြသကြသည့် ကျောင်းသား ကျောင်းသူများက ပြခန်းတွင် ခင်းကျင်းပြသထားသည့် ပရောဂျက်များကို စာတမ်းများဖြင့်ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြခန်းတွင် ပြသထားသည့် လေကြောင်းအီလက်ထရွန်နစ် ပရောဂျက်ပြကွက်များကို မိတ္ထီလာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

ဒေသပွံ့ဖြိုးမှု ကူညီရေးအဖွဲ့ ပင်လောင်းမြို့နယ်တွင် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၉

၁၉၆၇-၈၄ ခုနှစ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံ အ-သုံးလုံးအဖွဲ့ဝင်များကြီးမှူးသော စာတတ်မြောက်ရေးနှင့် ဒေသပွံ့ဖြိုးမှုကူညီရေးအဖွဲ့သည် တတိယအကြိမ်မြောက် စေတနာ့ဝန်ထမ်းခရီးစဉ်အဖြစ် ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအထူးဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့နယ်(၃)သို့ သွားရောက်၍ ကျန်းမာရေးနှင့် ပညာရေးအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အကျိုးပြုလုပ်ငန်းကို ဥက္ကဋ္ဌ(အငြိမ်းစား) မြန်မာစာတွဲဖက်ပါမောက္ခ ဆရာဦးမျိုးသန့် ဦးဆောင်၍အဖွဲ့ဝင် ၂၉ ဦးက ဆောင်ရွက်ခဲ့သည်။ ယင်းတို့အနက်မှ အသင်းနာယက ပါမောက္ခ သမားတော်ကြီး ဒေါက်တာ ဒေါ်ခင်မေအုန်းနှင့် အငြိမ်းစားဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်မေစုတို့ ခေါင်းဆောင်သော ဆရာဝန်ကြီးများက အထွေထွေရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် သွားရောဂါဝေဒနာရှင် စုစုပေါင်း ၄၀၀ ခန့်အား အခမဲ့စောင့်ရှောက်ပေးခဲ့ပြီး ကျန်းမာရေးပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။ ဆရာဦးသိန်းထိုက် ဦးဆောင်သော ပညာရေးအဖွဲ့က နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား သင်ကြားမှု အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ကျွမ်းကျင်သူများက အိမ်တွင်းမှုပညာရပ်များကို လက်တွေ့သင်ကြား ပို့ချပေးခဲ့ကြသည်။

နောင်တရားရှိ ရွှေဘုန်းပွင့်ပညာဒါနသင်တန်းကျောင်းသို့လည်း စာအုပ်စာတမ်း၊ စာရေးကိရိယာများ၊ အဝတ်အထည်များနှင့်အလျှင်ငွေများ ပေးအပ်လျှာ်ခိန်းခဲ့ကြောင်း သိရသည်။

ယင်းဒေသပွံ့ဖြိုးမှု ကူညီရေးအဖွဲ့သည် မြန်မာနိုင်ငံအနှံ့ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တိုင်းရင်းသားပြည်သူများအတွက် ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေသော စေတနာ့ဝန်ထမ်းအဖွဲ့တစ်ခုဖြစ်သည်။

သတင်း-ခင်ဇာလီ
ဓာတ်ပုံ-မျိုးသန္တာအောင်

အော်တစ်ဇင်ကလေးငယ်များအား ပြုစုပျိုးထောင်နည်းဆွေးနွေးပွဲ မြန်မာ- ထိုင်းနှစ်နိုင်ငံ ပညာရှင်များဆွေးနွေး

မန္တလေး ဇူလိုင် ၉

မြန်မာနှင့်ထိုင်း နှစ်နိုင်ငံပညာရှင်များ ပါဝင်ဆွေးနွေးကြသည့် အော်တစ်ဇင်ကလေးငယ်များ ပြုစုပျိုးထောင်နည်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၆၆) လမ်း(၂၇) နှင့် (၂၈) လမ်းကြားရှိ ခုတင် (၅၅၀) ဆံ့ ကလေးအထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခဒေါက်တာစန္ဒာနှင့် မြန်မာနိုင်ငံအခြေစိုက်ထိုင်းနိုင်ငံ သံအမတ်ကြီး၏ဇနီး Thipayasuda Suvanajata တို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှ ပညာရှင်ခုနစ်ဦးက အော်တစ်ဇင်ကလေးငယ်များအား ပြုစုပျိုးထောင်စောင့်ရှောက်နည်းများအား ဆွေးနွေးပို့ချရာ အော်တစ်ဇင်ကလေးများ ပြုစုပျိုးထောင်ပေးကြသူများ၊ အော်တစ်ဇင်ကလေးဓိဘများ တက်ရောက်ကြသည်။

"ထိုင်းနိုင်ငံအစိုးရနှင့်စီးပွားရေးလုပ်ငန်းရှင်များ ကူညီပံ့ပိုးတဲ့ ရန်ပုံငွေနဲ့ ချင်းမိုင်မှပညာရှင်တွေက အော်တစ်ဇင်ကလေးငယ်များ ပြုစုပျိုးထောင်ရာမှာ အခက်အခဲတွေ ကျော်ဖြတ်နိုင်ရန် ပြုစုပျိုးထောင်ပေးရခြင်းဖြစ်ပါတယ်။ ဒီလိုသင်တန်းမျိုး ရန်ကုန်၊ မန္တလေးမြို့တွေမှာ ပြုလုပ်ခဲ့တာ အခုဆိုလေးနှစ်ရှိခဲ့ပါပြီ"ဟု ထိုင်းနိုင်ငံသံအမတ်ကြီး၏ဇနီးက ပြောသည်။

အော်တစ်ဇင်ကလေးများ ပြုစုစောင့်ရှောက်ရာတွင် သာမန်ကလေးများထက် ပိုမိုဂရုစိုက်ကြရပြီး နည်းစနစ်မှန်ကန်စွာဖြင့် ပြုစုတတ်ရန်လိုအပ်ကြောင်း သိရသည်။

"အခုပွဲက ထိုင်းနိုင်ငံသံရုံးကကြီးမှူးပြီး ချင်းမိုင်ပညာရှင်တွေက အော်တစ်ဇင်ကလေးငယ်တွေကို ဂရုတစိုက်သင်ကြားပို့ချဖို့ လိုအပ်ချက်တွေကို သင်ကြားပို့ချ ပေးခဲ့တာပါ။

အော်တစ်ဇင်ကလေးတွေက အသက်နှစ်နှစ်အရွယ်ကစပြီး သိနိုင်ပါတယ်။ အခြားကလေးတွေနဲ့ မတူတာတွေ့ရတာကြောင့် အော်တစ်ဇင်ကလေးတွေအတွက် နားလည်တတ်ကျွမ်းတဲ့ဆရာဝန်တွေကိုပြသပြီး ကလေးငယ်တွေရဲ့ ဉာဏ်ရည်ဖွံ့ဖြိုးမှုတိုးတက်စေဖို့ အထူးဂရုစိုက်သင်ကြားပေးရန် အထူးလိုအပ်ပါတယ်"ဟု မန္တလေးအော်တစ်ဇင်အသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်းက ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲအား ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပခြင်းဖြစ်ပြီး ရန်ကုန်ကလေးဆေးရုံတွင် ဇူလိုင် ၄ ရက်နှင့် ၅ ရက်တို့က ကျင်းပခဲ့ကြောင်း သိရသည်။ **(ဝေ၂)**

အချို့လုပ်ထုံးလုပ်နည်းများအား သုံးသပ်၍ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ပြောင်းလဲရန်ရှိပါက ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်

ရန်ကုန် ဇူလိုင် ၉

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနရုံးချုပ် ဇေယျာသီဟ အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ခံညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံခဲ့သည်။

ဒုတိယဝန်ကြီးက အကောက်ခွန်ဦးစီးဌာနသည် ရှင်းလင်းလွယ်ကူသော အကောက်ခွန်လုပ်ထုံးလုပ်နည်းများဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန်နှင့် ရသင့်ရထိုက်သော အခွန်ငွေများပြည့်ဝစွာ ရရှိစေရန်ဆိုသည့် မူဝါဒနှင့်အညီ ဆောင်ရွက်နေသည့် ဌာနတစ်ခုဖြစ်၍ မိမိတို့ဌာနက ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများသည် အခွန်ထမ်းဆောင်သူ (Customer) များအတွက် နားလည်လိုက်နာဆောင်ရွက်နိုင်စေရန်အတွက် လွယ်ကူရှင်းလင်းဖို့လိုပါကြောင်း၊ အချို့လုပ်ထုံးလုပ်နည်းများအား သုံးသပ်၍ ခေတ်စနစ်နှင့်အညီပြင်ဆင်ပြောင်းလဲရန်ရှိပါက ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အတွင်းသို့ တင်သွင်းလာသော ပစ္စည်းများ၊ နိုင်ငံတော်ပြင်ပသို့ တင်ပို့သောပစ္စည်းများနှင့်စပ်လျဉ်း၍ လည်း သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အခွန်အကောက်များ ကြီးကြပ်ကောက်ခံရန်လိုပါကြောင်း၊ တင်သွင်း၊ တင်ပို့မှုများအား တည်ဆဲဥပဒေစည်းမျဉ်း၊ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုရှိမရှိ ကြပ်မတ်စစ်ဆေးခြင်း၊ စုံစမ်းဖော်ထုတ်အရေးယူခြင်း စသည့်တာဝန်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ UMFCCI အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ မိမိတို့ဌာန၏ ဆောင်ရွက်ချက်များကိုလည်း အများပြည်သူသိရှိအောင် မီဒီယာမှတစ်ဆင့် တင်ပြဖို့လိုပါကြောင်း၊ ထူးခြားဖြစ်စဉ်များ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများရှိပါကလည်း အချိန်နှင့်တစ်ပြေးညီတင်ပြရန်နှင့် ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးများသည် ပေးအပ်သော တာဝန်များကို အလေးထားဆောင်ရွက်ခြင်းဖြင့် တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းများဖြစ်စေရန်၊ တာဝန်များ ထမ်းဆောင်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရန်၊ မိမိတာဝန်ကို မှန်ကန်စွာဖြင့် တာဝန်ယူစိတ်၊ တာဝန်ခံစိတ်ဖြင့် ရဲရဲဝံ့ဝံ့ဆောင်ရွက်ရန်၊ ပြည်သူ့ဝန်ထမ်းများဖြစ်၍ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် ယဉ်ကျေးပြေပြစ်စွာ ပြောဆိုဆက်ဆံရန်၊ မိမိဌာန၏ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များကို မိမိကိုယ်တိုင်သာမက လက်အောက်ဝန်ထမ်းများကိုလည်း တတ်ကျွမ်းနားလည်အောင် လေ့ကျင့်သွားရန်နှင့် စံနမူနာပြဖြစ်အောင် နေထိုင်သွားကြရန်၊ အဂတိကင်းရှင်းရေးအတွက် ဆောင်ရွက်ကြရန်၊ စည်းလုံးညီညွတ်သောဌာန၊ အဖွဲ့အစည်းတစ်ခုဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

(ကြေးမုံ)

ငါးနှစ်အောက်ကလေးသေနှုန်းကျဆင်းရေး အဓိကထားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၉

အခြေခံမွေးကင်းစ ကလေးပြုစုစောင့်ရှောက်ခြင်းနှင့် မကျန်းမာသော မွေးကင်းစကလေးနှင့် ကလေးအားပေါင်းစည်းကုသခြင်းလုပ်ငန်း(တိုင်းအဆင့်) ဆရာဖြစ် သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှလှကြည်က အမှာစကားပြောကြားသည်။

သင်တန်းတွင် အသက်(၂)လမှ (၅) နှစ်အရွယ် မကျန်းမာသောကလေးအားဆန်းစစ်ခြင်း၊ ရောဂါအဆင့်ခွဲခြားခြင်း၊ ကုသမှုရွေးချယ်ခြင်း၊ ကုသပေးခြင်း၊ ကလေးများ၏မိခင်အားအကြံပေးဆွေးနွေးခြင်း၊ ရက်ချိန်းပြန်ပြခြင်း၊ မွေးပြီးပြီးချင်းမွေးကင်းစကလေးအား ပြုစုစောင့်ရှောက်ခြင်း၊ မွေးကင်းစကလေး အပူဓာတ်ဆုံးရှုံးပုံနှင့် အသက်ကယ်ပြုစုခြင်း၊ မိခင်အားမွေးကင်းစကလေး၏ ပြဿနာကို မေးမြန်းခြင်း၊ မွေးကင်းစကလေးအား ဗက်တီးရီးယားရောဂါပိုးဝင်နိုင်ခြေရှိမရှိဆန်းစစ်ခြင်းနှင့် ရောဂါဆန်းစစ်ခြင်း၊ မကျန်းမာသောမွေးကင်းစကလေးအား ညွှန်းပို့ခြင်းစသည့် ဘာသာရပ်များကို သင်တန်းဆရာခြောက်ဦးဖြင့် စာတွေ့၊လက်တွေ့သင်ကြား ပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းကို နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ဆေးရုံအုပ်များ၊ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြို့နယ်သူနာပြု အဆင့်(၁)များနှင့် မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁)များ တစ်မြို့နယ်လျှင် သုံးဦးနှုန်းတက်ရောက် သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ ခုနစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သန့်မောင်(ပြန်/ဆက်)

ပြင်စည်ရွာတွင် လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်မည်

နွားထိုးကြီး ဇူလိုင် ၉

နွားထိုးကြီးမြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေးအတွက် လျှပ်စစ် ၁၁ ကေဗွီ လိုင်းဆွဲ၍ ကျေးရွာ ၈၀ ခန့်ကို လျှပ်စစ်မီးပေးနိုင်ပြီဖြစ်ရာ လျှပ်စစ်လိုင်းများ ထိန်းချုပ်ရန် ပြင်စည်စံပြကျေးရွာတွင် လျှပ်စစ်ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးရန် တင်ပြထားကြောင်း နွားထိုးကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်ကပြောသည်။

နွားထိုးကြီးမြို့နယ်တွင် ကျေးရွာ၊ ရပ်ကွက် ၁၈၆ ရွာရှိရာ ကျေးရွာ ၁၅၆ ရွာ လျှပ်စစ်မီးလင်းရန်ရှိနေသည်။ ယခုအခါ ကျေးရွာ ၈၀ ၌ ၂၄ နာရီ လျှပ်စစ်မီးလင်းနေပြီ ဖြစ်သည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

မိုးစပါး ဧကတစ်သိန်းခွဲကျော် စိုက်ပျိုးရန်လျာထား

ဖြူး ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်သည် တောင်ငူခရိုင် ခြောက်မြို့နယ်အတွင်း ဆောင်းသီးနှံပဲမျိုးစုံနှင့် မိုးစပါးများကို အများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် မြို့နယ်ဖြစ်ပြီး ယခုမိုးရာသီတွင် မိုးစပါး ၁၅၁၄၅၅ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့သည်။

အဆိုပါ သတ်မှတ်လျာထားသော မိုးစပါးများကို ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၉ အုပ်စုနှင့် မြို့ပေါ် အချို့ရပ်ကွက်များမှ လယ်သမားများက ရာသီအမီ စိုက်ပျိုးသွားနိုင်ရေးအတွက် မိုးရေရရှိမှုအပေါ် မူတည်၍ ကွဲ၊ နွားများ၊ လယ်ယာသုံးလက်တွန်းထွန်စက်၊ လယ်ထွန်စက်များနှင့် ဇွန်လ ဒုတိယပတ်မှ စတင်၍ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက် လုပ်ကိုင်နေကြပြီဖြစ်သည်။

ယင်းသို့ လယ်ယာလုပ်ငန်းခွင် ဝင်ရောက် လုပ်ကိုင်ဆောင်ရွက်နေကြသော်လည်း လွန်ခဲ့သည့် ၁၀ နှစ်ခန့်မှ စ၍လယ်ယာလုပ်သားရှားပါးမှုပြဿနာနှင့် တွေ့ကြုံနေကြရသဖြင့် အချို့ကျေးရွာများတွင် စပါးစေ့ကို ရေစိမ်အညောင့်ဖောက်၍ ထွန်ယက်ပြီး သောလယ်မြေများတွင် ကြဲခင်းစနစ်ဖြင့် စိုက်ပျိုးလျက်ရှိသည်။

"ပျိုးမထောင်တော့ဘဲ ကြဲခင်းစနစ်နဲ့ ကြေပက်စိုက်ပျိုးသူတွေအနေနဲ့ ကောက်စိုက်သမ မလိုအပ်တော့ဘဲ ကောက်စိုက်ခတစ်ဧက ကျပ်ငါးသောင်းသက်သာတော့ အထွက်နှုန်း လျော့ခြင်းအပေါ် ကာမိပါတယ်"ဟု ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

(ဖြူးမြင့်ဦး)

အခြေခံလူတန်းစားများ အရင်းအနှီးပြုရန် ချေးငွေကျပ်သန်း နှစ်သောင်းကျော် ထုတ်ပေးထား

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားအရင်းအနှီးချေးငွေ ကျပ် ၂၂၆၅၅ ဒသမ ၂၀၈ သန်းကို ထုတ်ပေးလိုက်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်မှ သိရသည်။

အဆိုပါချေးငွေသည် China EXIM Bank ၏ ဆဋ္ဌမအကြိမ်မြောက် ငွေထုတ်ပေးခြင်းဖြစ်သလို အခြေခံလူတန်းစားများအတွက် အရင်းအနှီးငွေများအဖြစ် အထောက်အကူလည်းဖြစ်ပြီး ယခင်ဆောင်ရွက်ခဲ့သည့် နည်းလမ်းများအတိုင်း အကြေ ပြန်ဆပ်သွားရမည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူကလည်း ယင်းထုတ်ချေးထားသော ချေးငွေများကို သတ်မှတ်ကာလရောက်သောနေ့တွင် ယခင်ကဆောင်ရွက်ခဲ့သည့်အတိုင်း အကြေပြန်ဆပ်နိုင်ရေးအတွက် မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ အသင်းစုဒါရိုက်တာများမှ သတ်မှတ်လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်နှင့်အညီ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနား၌ လမ်းညွှန်မှာကြားထားကြောင်း သိရသည်။

(စန်း)

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၀- ၇ -၂၀၁၆ (တနင်္ဂနွေနေ့)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ကာတွန်းအစီအစဉ် "The Little Prince" (အပိုင်း-၂)
၇း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ဝှက်စကား ချစ်သူကြားစေ"
၉း၁၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉း၃၀ မြန်မာရုပ်ရှင် "ကြိုက်တာစား ဦးနှောက်တော့ ဖောက်မစားနဲ့"
၁၂း၀၀ -အစီအစဉ်ပြီး၏

၁၁-၇-၂၀၁၆(တနင်္လာနေ့)
*** မနက် (၀း၃၀)နာရီ -Live: EURO 2016 Final " Portugal Vs France"**
တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။

မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ Business News
၈း၃၅ "ပိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများ၏ စာပန"
၉း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၉း၅၀ ကဗျာရိပ်မြဲ "ဇူလိုင်မိုးနှင့်လဝါဆို"
၁၀း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၁း၁၅ ဂီတတံခါးလေးဖွင့်ပါဦး
၁၂း၅၀ ဆေးရောင်စုံရုပ်ရှင် "တစ်ခါကဧရာဝတီညများ" (လွင်မိုး၊ ညွှန့်ဝင်း၊ ထွန်းအိန္ဒြာပို၊ မေသန်းနု)(ဒါရိုက်တာ-မီးပွား)
၃း၁၅ Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဇေယျာရွှေမြေ FC အသင်းနှင့် ရတနာပုံ FC အသင်း)
၅း၅၅ "သံတွဲခရိုင်အတွင်းလမ်းပန်း ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားဖူလုံစွာဖြန့်ဖြူးပေးလျက်ရှိခြင်း"
၅း၅၀ "အခြေခံပညာကျောင်းများ အရည်အသွေးမြင့်မားရေး မိဘဆရာအသင်း ပူးပေါင်းဆောင်ရွက်ရေး"
၆း၃၀ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၁၅ "သူ" (အပိုင်း-၃) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မှုန့်သာ) (ဒါရိုက်တာ-ဘိုသန့်)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း -တစ်ခါက အနုပညာမှတ်တမ်းများ "ရာသက်ပန်ပြဇာတ်" -နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား" (အပိုင်း-၁၄) -ပြည်သူ့နီတိ "လက်လှန်" (ညီညီမင်း၊ ဦးဝင်းမြိုင်၊ သူရဇ၊ မင်းနိုင်) (ဒါရိုက်တာ-မိုးဇော်ကို)

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

MRTV-4

၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "ပဋ္ဌိစ္စသမုပ္ပါဒ်တရားနှင့် ဝိပဿနာ အခြေခံသင်တန်း" (အပိုင်း-၆) တရားတော် [ဆရာတော်အရှင်ဝိသေဋ္ဌ (ဗြိုဠီးစေတီ)]
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (JVC KENWOOD Anxen Myanmar Dealer Meeting)
၈း၀၀ Cartoon Series (Go Go Giggles)
၉း၀၀ Weekly Sports Diary
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၀း၀၅ Star တို့ရဲ့လက်ရာ
၂း၂၀ World of Knowledge (Naked Science: Death of the Earth)
၄း၃၀ ရန်ကုန်မြင်ကွင်းကျယ် (သားအိမ် ခေါင်းကင်ဆာကာကွယ်ဖို့ တို့တွေ အားလုံးလက်တွဲစို့)
၅း၃၅ Food & D'ecor
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၁၁၈)
၇း၁၅ Fashion Week
၇း၄၀ Myanmar's Got Talent
၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၄၅)
၉း၃၅ MUSIC LIVE Tonight
၁၀း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၁၁၃+၁၁၄)
၁၁း၃၅ MRTV-4 Stage
၀၀း၀၅ World of Knowledge (Naked Science : Death of the Earth)

မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၅ ဓမ္မဟူဇာတေး
၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ ဟော်ရွှင်လေ့လာနွေရာသီမှာ
၉း၁၀ World Wide Web
၉း၂၅ စာပေအလင်းစာပေသတင်း
၉း၄၅ အမှတ်တရနေ့ရက်လေးများ
၁၀း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၀း၂၀ Guide For You
၁၀း၃၀ Cooking Art
၁၀း၄၅ မြန်မာသံစဉ်ချိန်းဝင်
၁၁း၀၀ English For Myanmar
၁၁း၁၅ Lucky Door
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်ဦးပုံပြင်"
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာအသခ်ေ" အပိုင်း(၇၇)
၂း၃၀ အိမ်ရှင်မတို့ရဲ့ အချစ်ဆုံး
၄း၂၅ သာယာသီကြွေးခေတ်ဆန်းတေး
၄း၃၅ ပျိုပျိုမေ
၄း၅၀ Run & Cook
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဖေဖေကြီးကို ချစ်တယ် " အပိုင်း(၃၇)
၅း၄၅ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သောကေရီ" အပိုင်း(၄၇)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ပဟေဠိနန်းတော်
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အနားမညီတြဲ"အပိုင်း(၁၄)

တေးသီချင်းဗီဒီယိုရိုက်ကူးစဉ်အတွင်း ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရသည့် STELLAR ပေါ်ပ်အဖွဲ့

တောင်ကိုရီးယား အမျိုးသမီးပေါ်ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် STELLAR သည် ၎င်းတို့အဖွဲ့၏ အသစ်ထွက်ရှိမည့် အယ်လ်ဘမ်သစ်အတွက် တေးသီချင်းဗီဒီယိုရိုက်ကူးစဉ်အတွင်း ကားမတော်တဆမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမတော်တဆမှုဖြစ်ပွားရခြင်းမှာ တေးသီချင်းဗီဒီယိုအတွက် အဖွဲ့လိုက် ကားမောင်းနေသည့် ဇာတ်ဝင်ခန်းကို ရိုက်ကူးရာမှ ယာဉ်မတော်တဆဖြစ်ကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ STELLAR အဖွဲ့ဝင်များအားလုံး ပြင်းပြင်းထန်ထန်ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ဘဲ ဆေးရုံတွင် ကောင်းစွာ ဆေးကုသမှုခံယူပြီး အနားယူလျက်ရှိကြောင်းသိရသည်။

STELLAR အဖွဲ့သည် ၎င်းတို့၏ ဒုတိယမြောက်မီနီအယ်လ်ဘမ် Sting ကို ယခုနှစ်ဆန်းပိုင်းက ထွက်ရှိခဲ့ပြီး ယင်း၏ပရိုမိုးရှင်းပွဲစဉ်အဖြစ် ဂီတဖျော်ဖြေပွဲများကို ဧပြီလအတွင်းက ကျင်းပခဲ့ကာ ယင်းပွဲစဉ်များကို ဂျပန်၊ မလေးရှား၊ ဖိလစ်ပိုင်၊စင်ကာပူ၊ ထိုင်ဝမ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ယူအေအီးနိုင်ငံများသို့ live streamed ထုတ်လွှင့်ပေးခဲ့ကြောင်း သိရသည်

အကြိမ်(၆၀)မြောက် ကိုရီးယားအလှမယ်ရွေးချယ်ပွဲ ကျင်းပ

အကြိမ်(၆၀)မြောက် ကိုရီးယားအလှမယ်ရွေးချယ်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက်က တောင်ကိုရီးယားနိုင်ငံ Kyung Hee တက္ကသိုလ်ရှိ ခန်းမ၌ Peace Palace ကျင်းပရာ အလှမယ် ကင်မ်ဂျင်ဆိုးက မစ္စကိုရီးယားသရဖူကို ရရှိဆွတ်ခူးနိုင်ခဲ့ သည်။

အဆိုပါအခမ်းအနားတွင် ၂၀၀၀ ပြည့်နှစ်က ကိုရီးယားအလှမယ်ရွေးချယ်ပွဲတွင် 2nd Runner-up ဆု ရရှိခဲ့သူ မင်းသမီး ဆွန်တေးယောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး အမျိုးသားကေပေ့ါ်ပ်အဖွဲ့များဖြစ်သည့် seventeen (SVT) နှင့် အမျိုးသမီးကေပေ့ါ်ပ်အဖွဲ့ f(X) တို့က ဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

Decade Award ဆုဖြင့် ဂုဏ်ပြုခြင်းခံရမည့် တေးသံရှင် ဂျက်စတင်တင်မ်ဘာလိတ်ခ်

အမေရိကန်တေးသံရှင်နှင့် တေးရေးဆရာတစ်ဦးဖြစ်သူ ဂျက်စတင်တင်မ်ဘာလိတ်ခ်အား မကြာမီကျင်းပမည့် Teen Choice Awards ဆုပေးပွဲတွင် Decade Award ဆုကို ဂုဏ်ပြုခြီးမြှင့်သွားရန်စီစဉ်ထားကြောင်း သိရသည်။

တေးသံရှင် ဂျက်စတင်တင်မ်ဘာလိတ်ခ်၏ ၂၀၀၆ ခုနှစ်က ထွက်ရှိခဲ့ပြီး အအောင်မြင်ဆုံးဖြစ်ခဲ့ကာ ယနေ့ထက်တိုင်လူကြိုက်များနေသည့် Future Sex/LoveSounds အယ်လ်ဘမ်ဖြင့် ယင်းကဲ့သို့ ဂုဏ်ပြုခံရခြင်းဖြစ်ပြီး အဆိုပါအယ်လ်ဘမ်သည် ထိုနှစ်က ရောင်းအားအကောင်းဆုံးအယ်လ်ဘမ်နှင့် ဂျက်စတင်သည်လည်း ဝင်ငွေအကောင်းဆုံး တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သည်။

တေးသံရှင် ဂျက်စတင်တင်မ်ဘာလိတ်ခ်သည် ယခင်အကြိမ်များကတည်းက Teen Choice Awards ဆုပေးပွဲတွင် ရေပန်းစားနေသူ အနုပညာရှင်တစ်ဦးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လွဲချော်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယခုအသစ်ထွက်ရှိထားသည့် Can't Stop the Feeling အမည်ရှိ တစ်ကိုယ်တော်တေးသီချင်းသည်လည်း မကြာမီကျင်းပမည့် Teen Choice Awards ဆုပေးပွဲတွင် Choice Party Song, Choice Summer Song and Choice Song From a Movie or TV show ဆုများအတွက် ဆန်ခါတင်ရွေးချယ်ခံရဖွယ်ရှိကြောင်း သိရသည်။

Teen Choice Awards ဆုပေးပွဲကို ဇူလိုင် ၃၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး Fox ရုပ်သံလိုင်းမှ ဒေသစံတော်ချိန် ည ၈ နာရီတွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

တေးသံရှင် ဂျက်စတင်တင်မ်ဘာလိတ်ခ်၏ သရုပ်ဆောင်ပိုင်းဆိုင်ရာလှုပ်ရှားမှုများအနေဖြင့် ဟောလီဝုဒ်ဒါရိုက်တာ ဝူဒီအယ်လ်လန်၏ ဇာတ်ကားသစ်တွင် မင်းသမီးကိတ်ဝင်းစလက်နှင့်အတူ ပါဝင်သရုပ်ဆောင်သွားရန်ရှိကြောင်း သိရသည်။

အိုင်ယူပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားသစ်ထွက်ရှိ

တောင်ကိုရီးယားပရိသတ်ကြီးအား အပ်ြီးချိချို အသံချိချိလေးဖြင့် ဖမ်းစားထားခဲ့သူ တေးသံရှင်နှင့် ရုပ်ရှင်သရုပ်ဆောင် အိုင်ယူ ပါဝင်သရုပ်ဆောင်ထားသည့် ဒရမ်မာဇာတ်ကားသစ် Scarlet Heart: Ryeo ထွက်ရှိလာခဲ့ပြီဖြစ်ပြီး ယင်း၏ပိုစတာကို လှုပ္ပကွန်ရက်စာမျက်နှာတွင် တရားဝင်လွှင့်တင်ခဲ့သည်။

အက်စ်ဘီအက်စ်ရုပ်သံလိုင်း၏ ဇာတ်ကားသစ်ဖြစ်သည့် ယင်းဇာတ်ကားသစ်တွင် အိုင်ယူအနေဖြင့် ခေတ်ဆန်ဆန်အမျိုးသမီးငယ်လေးတစ်ဦးအသွင်ဖြင့် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို ဩဂုတ်လအတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင်-စုစည်းသည်

ဇူလိုင် ၁၀ ရက်နေ့ ညကစားပွဲ ယူရို ၂၀၁၆ ဗိုလ်လုပွဲ

ယူရို ၂၀၁၆ မှာချန်ပီယံဖြစ်မယ့် အိမ်ရှင်ပြင်သစ်

ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁၀ ရက် ညမှာ Stade de France ကွင်းအတွင်း ကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ အိမ်ရှင်ပြင်သစ်နဲ့ ပေါ်တူဂီတို့ ဆုံတွေ့ကစားသွားကြမှာဖြစ်လို့ စိတ်ဝင်စားဖို့ကောင်းနေကာ ဘယ်အသင်း ဗိုလ်စွဲနိုင်မလဲဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။

ပေါ်တူဂီ - ပြင်သစ်
၁၁-၇-၁၆ နံနက် ၁း၃၀

ဆီမီးဖိုင်နယ်အဆင့်မှာ ဝေလကို အနိုင်ရယူပြီး ဗိုလ်လုပွဲကိုတက်ရောက်လာနိုင်တဲ့ ပေါ်တူဂီဟာ ဒီယူရိုသမိုင်းကြောင်းမှာ တစ်ကြိမ်မျှချန်ပီယံဆုရယူနိုင်ခြင်းမရှိသေးပါဘူး။ ပေါ်တူဂီအနေနဲ့ ယူရိုပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို ၂၀၀၄ ခုနှစ်က တစ်ကြိမ်သာရောက်ရှိခဲ့ဖူးသလို အဆိုပါ ပြိုင်ပွဲမှာလည်း ဂရိကိုရှုံးနိမ့်ခဲ့ရတာကြောင့် ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပေါ်တူဂီဟာ ဒီပြိုင်ပွဲမှာယူရိုဆုဖလားကို ပထမဆုံးအကြိမ်ရယူနိုင်ဖို့အတွက် အားစိုက်ကစားသွားမှာလည်း သေချာနေပါတယ်။

ဒါပေမယ့်လည်း ဒီပြိုင်ပွဲမှာတော့ ပေါ်တူဂီရဲ့ခြေစွမ်းပိုင်းက ထင်ထားသလောက် ကောင်းမွန်မှုမရှိပါဘူး။ ဆီမီးဖိုင်နယ်အဆင့်မှာ ဝေလကိုနှစ်ဂိုးပြတ်နဲ့အနိုင်ယူနိုင်ခဲ့သလို အဆိုပါပွဲမှာ ရိုနယ်လ်ဒိုနဲ့ နာနီတို့က ဂိုးတွေသွင်းယူပေးနိုင်ခဲ့ကြပေမယ့်လည်း အဆိုပါ နာနီနဲ့ ရိုနယ်လ်ဒိုတို့ရဲ့ခြေစွမ်းပိုင်းက ပြိုင်ပွဲတစ်လျှောက်လုံး အဆိုပါတစ်ပွဲတည်းသာ ကောင်းမွန်မှုရှိခဲ့ပါတယ်။

ဒါကြောင့်လည်း ပေါ်တူဂီဟာ အဆိုပါ ဆီမီးဖိုင်နယ်အဆင့်ပွဲကလွဲလို့ ပွဲတိုင်းမှာ အနိုင်ရယူနိုင်ဖို့ ရုန်းကန်ခဲ့ရပြီး မိနစ် ၉၀ အတွင်းမှာ နိုင်ပွဲတစ်ပွဲမှယူဆောင်နိုင်မှု မရှိခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် ဒီနောက်ပိုင်းပွဲစဉ်တွေမှာတော့ ပေါ်တူဂီရဲ့ ခံစစ်ပိုင်းကစားပုံနဲ့ တန်ပြန်တိုက်စစ်ကစားပုံက ပိုမိုကောင်းမွန်လာသလို ရီနာတိုဆန်းချက်ဇလည်း ခြေစွမ်းပြနေကာ ဝီလီယံကာဗယ်ဟိုကလည်း ဒီပွဲမှာပြန်လည်ပါဝင်ခွင့် ရရှိမှာဖြစ်တာကြောင့် ပေါ်တူဂီရဲ့ကွင်းလယ်ကစားပုံကပါ ကောင်းမွန်မှုရှိလာနိုင်ပါတယ်။ ဒါကြောင့်လည်း ပေါ်တူဂီအနေနဲ့ ခံစစ်ပိုင်းကို အားပြုကာ ရိုနယ်လ်ဒို၊ နာနီ၊ ရီနာတိုဆန်းချက်ဇ်တို့ရဲ့ လျင်မြန်မှုကို အသုံးပြုပြီး တန်ပြန်တိုက်စစ်နဲ့ ရင်ဆိုင်လာမယ်ဆိုရင် ပြင်သစ်အနေနဲ့ ကစားရခက်ခဲနိုင်ပါတယ်။

ပြင်သစ်အနေနဲ့ ဒီယူရိုသမိုင်းအတွင်းမှာ ချန်ပီယံဆုကိုနှစ်ကြိမ်ရယူထားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ပြင်သစ်ရဲ့ ထူးခြားမှုကတော့ ဗိုလ်လုပွဲကို တက်ရောက်နိုင်တဲ့ အကြိမ်တိုင်းမှာချန်ပီယံဆုကို အရယူနိုင်ခဲ့တာဖြစ်သလို ဒီပြိုင်ပွဲမှာလည်း အိမ်ရှင်ဖြစ်နေပြန်တာကြောင့် ပြင်သစ်တို့ ချန်ပီယံဆုကို အရယူနိုင်ရေး ပိုမိုအားစိုက်လာဖို့လည်းရှိနေပါတယ်။

ဒါ့အပြင် ပြင်သစ်ဟာ ဒီပြိုင်ပွဲမှာသာ ဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် ယူရိုဆုဖလားကို သုံးကြိမ်မြောက်ရယူနိုင်မှာဖြစ်သလို ယူရိုသမိုင်းအတွင်းမှာ အအောင်မြင်ဆုံးအသင်းတွေအဖြစ် ရပ်တည်နေနိုင်တဲ့ စပိန်၊ ဂျာမနီတို့ရဲ့ စံချိန်နဲ့တူညီသွားမှာ ဖြစ်တဲ့အတွက်လည်း ပြင်သစ်အနေနဲ့ ဒီပြိုင်ပွဲမှာ ချန်ပီယံဆုဖလားကို အရယူနိုင်ဖို့ အတွက် ပိုမိုအားစိုက်လာမှာ သေချာပါတယ်။

ပြင်သစ်ရဲ့ခြေစွမ်းပိုင်းကလည်း ဒီပြိုင်ပွဲမှာ တစ်ပွဲထက်တစ်ပွဲ ပိုမိုကောင်းမွန်လာကာ ဂရစ်ဇ်မန်းခြေစွမ်းပြလာနိုင်တာကြောင့် တိုက်စစ်ပိုင်းကလည်း ပိုမိုထက်မြက်လာပါတယ်။ ပါယတ်၊ ပေါ့ဂ်ဘာတို့ကလည်း ခြေစွမ်းပြလာနိုင်သလို အီဗရာ၊ ကိုစီနီတို့ရဲ့ ခံစစ်ပိုင်းကလည်း တည်ငြိမ်ကောင်းမွန်လာပါတယ်။

အထူးသဖြင့် ပေါ့ဂ်ဘာ၊ မတ်တူဒီ၊ ပါယတ်၊ ဆစ်ဆိုကို၊ ဂရစ်ဇ်မန်းတို့ရဲ့ ပြင်သစ်ကွင်းလယ်ပိုင်းဟာ ပေါ်တူဂီရဲ့ ကွင်းလယ်ပိုင်းထက် ပိုမိုကောင်းမွန်မှုရှိနေတာကြောင့် ဒီပွဲစဉ်မှာပြင်သစ်ကသာ ကစားကွက်အသာနဲ့ ကစားသွားနိုင်ဖို့ရှိနေသလို ဂရစ်ဇ်မန်း၊ ပါယတ်တို့ရဲ့ထိုးဖောက်အားကလည်း ရိုနယ်လ်ဒို၊ နာနီတို့ရဲ့ ပေါ်တူဂီတိုက်စစ်ထက် ပိုမိုထက်မြက်နေတာကြောင့် ဒီပြိုင်ပွဲမှာတော့ အိမ်ရှင်ပြင်သစ်ကသာ နိုင်ပွဲနဲ့ အတူ ချန်ပီယံဆုဖလားကိုရယူသွားနိုင်ဖို့ရှိနေပါတယ်။ **ရွှင်မင်းမင်း**

ပရီမီယာလီဂ် ကစားသမားအပြောင်းအရွှေ့ဈေးကွက်တွင် တစ်ပတ်အတွင်း ပေါင်သန်း ၃၀၀ နီးပါးအသုံးပြုခဲ့

ပရီမီယာလီဂ်ကလပ်အသင်းတွေဟာ ယခု အပြောင်းအရွှေ့ကာလရဲ့ ပထမတစ်ပတ်ထဲမှာပဲ ကစားသမားခေါ်ယူမှုနဲ့ ပတ်သက်ပြီး ခန့်မှန်းခြေ ပေါင်သန်း ၃၀၀ နီးပါးအထိ အသုံးပြုထားခဲ့ပြီးဖြစ်ပါတယ်။

ပရီမီယာလီဂ်ကလပ်အသင်းတွေ အနေနဲ့ ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက သီတင်းပတ်ကိုးပတ်အတွင်းမှာ ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၈၇၀ အထိ အသုံးပြုခဲ့ပါတယ်။

အဲဒါကြောင့် စီးပွားရေးပိုင်းဆိုင်ရာသုံးသပ်သူတွေက အခု ၂၀၁၆-၂၀၁၇ ဘောလုံးရာသီအတွက် ကစားသမားအပြောင်း အရွှေ့ကာလ ပိတ်သိမ်းမည့် သြဂုတ် ၃၁ ရက်မတိုင်မီအတောအတွင်း ငွေကြေးသုံးစွဲမှုဟာ တစ်ဘီလီယံအထက်တောင် ကျော်သွားနိုင်တယ်လို့ မျှော်လင့်ထားကြပါတယ်။

ပရီမီယာလီဂ်ကလပ်အသင်းတွေဟာ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီအတွက် ကစားသမားခေါ်ယူမှုတွင် ပေါင် ၉၆၅ သန်းသာအသုံးပြုခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘောလုံးရာသီကစားသမားခေါ်ယူမှုတွင် ပေါင် ၁ ဒသမ ၀၄၅ ဘီလီယံအထိ သုံးစွဲခဲ့ပါတယ်။

မန်ယူအသင်းဟာဆိုရင် လက်ရှိ ပရီမီယာလီဂ်ကလပ်အသင်းတွေထဲမှာ အများဆုံးအသုံးပြုထားခဲ့ပြီး ဒေါ့မွန်ကွင်းလယ်ကစားသမားခစ်တာယန်ကို ပေါင် ၂၆ သန်း၊ ဗီလာရီးယဲလ် နောက်ခံလူ အဲရစ်ဘေလ်လီကို ပေါင်သန်း ၃၀ ပေးကာ ခေါ်ယူခဲ့တာပါ။

မန်စီးတီးအသင်းကတော့ ဒေါ့မွန်ကွင်းလယ်လူ ဝွန်ဒိုဂန်ကို ပေါင်သန်း ၂၀၊ ဆယ်လ်တာဗီဂိုတောင်ပံကစားသမား နိုလီတိုးကို ပေါင် ၁၃ ဒသမ ၈ သန်းပေးပြီး ခေါ်ယူခဲ့တာဖြစ်တယ်။

၂၀၁၄-၂၀၁၅ ဘောလုံးရာသီက ကစားသမားခေါ်ယူမှုအတွက် အများဆုံးသုံးစွဲခဲ့တဲ့ လီဗာပူးအသင်းဟာ ဆောက်သမ်တန်တိုက်စစ်မှူး ဆာဒီယိုမာနေးကို ပေါင် ၃၄ သန်းပေးပြီး ခေါ်ယူခဲ့ပါတယ်။

ပရီမီယာလီဂ်လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းကတော့ စီအက်စ်ကေအေမော်စကိုတိုက်စစ်မှူး အာမက်မူဆာကို ပေါင် ၁၆ သန်း၊ နိုက်စ်ကွင်းလယ်လူ မန်ဒီကို ပေါင် ၁၃ သန်း ပေးပြီးခေါ်ယူခဲ့ပါတယ်။

(ငွေကြယ်)

တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် ဇူလိုင် ၉

မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ Sports Complex ရှိ ဝူရှူးအားကစားခန်းမ၌ကျင်းပရာ ပြိုင်ပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြိုင်ပွဲကို စစ်တုရင်အကွက်ရွှေ့၍ စတင်ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲ အမျိုးအစားများမှာ ရိုးရာစစ်တုရင် (အလွတ်တန်း) တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် (အလွတ်တန်း) တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင် အသက်(၂၀)အောက် လူငယ်(အလွတ်တန်း) တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲတို့ဖြစ်ကြပြီး ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသား ၁၃၆ ဦး၊ အမျိုးသမီး ခြောက်ဦး ပါဝင်ယှဉ်ပြိုင် ကစားကြသည်။ အသက်အငယ်ဆုံး အားကစားသမားအဖြစ် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းအောင်ခန့် (၁၀)နှစ် ပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြောင်း သိရသည်။

(မောင်မောင်ဇော်)

ရပ်ကွက်ပေါင်းစုံ အမျိုးသား လူသစ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

အင်းစိန်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသားလူသစ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို အင်းစိန်မြို့နယ် ပင်မယန္တရားတောင်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၇ရက်မှ ၉ရက်အထိ အင်းစိန်မြို့နယ်အတွင်းရှိ (၂၁)ရပ်ကွက်မှ အသင်း ၂၁ သင်းပတ်လည်ယှဉ်ပြိုင်ခဲ့ပြီး ယနေ့ ဗိုလ်လုပွဲတွင် မြို့သစ် (က+ခ) ရပ်ကွက်အသင်းမှ အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသာအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အားကစားဦးစီးအရာရှိ ဦးသက်ထွန်းတို့က ဆုများကို အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပ

မန္တလေး ဇူလိုင် ၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးရုံးခွဲ အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ အသင်းလိုက် ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲကို ဇူလိုင် ၆ရက်မှ စတင်၍ မန္တလေးတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အထက်မြန်မာပြည်မှ (က) အုပ်စုတွင် နည်းပညာတက္ကသိုလ်အသင်း၊ လားရှိုးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်အသင်း၊ (ခ)အုပ်စုတွင် ဆေးတက္ကသိုလ်(မန္တလေး)အသင်း၊ တောင်ကြီးကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်အသင်း၊ (ဂ) အုပ်စုတွင် မန္တလာဒီဂရီကောလိပ်အသင်း၊ တောင်ကြီးတက္ကသိုလ်အသင်းနှင့် စစ်ကိုင်းသမဝါယမတက္ကသိုလ်အသင်း စုစုပေါင်း ပြိုင်ပွဲဝင် ၁၀ သင်းတို့မှ ကြက်တောင်ရိုက်အားကစားသမား ၇၀ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

လားရှိုးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

လားရှိုး ဇူလိုင် ၉

ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး လိုက်ပါကွပ်ကဲသော ရဲတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၂၀) မြို့ဂုဏ်ဆောင်ကားကြီးဝင်းအတွင်းရှိ အိမ်ငှားတန်းလျားဒ၌ ညွှန့်လွင်၏ နေအိမ်အတွင်း ဝင်ရောက်ရှာဖွေရာ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၄၄ ပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လားရှိုးနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက သက်သေများလိုက်ပါလျက် မူးယစ်ဆေးဝါးနေအိမ်ရှာဖွေခွင့်ဝရမ်းအမှတ် (၁၉/၂၀၁၆) ဖြင့် ညွှန့်လွင်၏ အိမ်ခန်းအား ဝင်ရောက်ရှာဖွေခဲ့ရာ ညွှန့်လွင်အား နေအိမ်တွင် အသင့်တွေ့ရပြီး အိမ်ခန်းတွင်းရှိ ပန်းကန်စင်အောက်ထပ်တွင် ထားရှိသော ထမင်းဘူးအတွင်းမှ အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ငယ်ဖြင့်ထည့်လျက် တစ်အိတ်လျှင် ၈၈ နှင့် ၁ စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၆၁ ပြားစီပါ လေးအိတ်စုစုပေါင်းဆေးပြား ၆၄၄ ပြား (အလေးချိန် ၆၄ ဒသမ ၄ ဂရမ်ခန့်) တန်ဖိုးငွေကျပ် ၁၂၈၀၀၀ အားတွေ့ရှိပြီး အိပ်ခန်းအတွင်း ဆက်လက်ရှာဖွေရာ သမံတလင်းအောက်တွင် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့်ရေဘူးခွံအဝတွင် အမည်ရောင်သံပိုက်လုံးတပ်ပြီး ရေဘူး၏အလယ်တွင် ဝါးရိုးပြောင်းတပ်ပေါ့ဘူး တစ်ဘူး၊ အချိုရည်ဘူးအလယ်တွင် အပေါက်ဖောက်၍ အစိမ်းရောင်အအေးစုပ်ပိုက်၌ ခဲပြားတပ်ထားသည့် အချိုရည်ပေါ့ဘူး တစ်ဘူး၊ ရေဘူးအလယ်တွင် အပေါက်ဖောက်၍ အနီရောင်အအေးစုပ်ပိုက်၌ ခဲပြားတပ်ထားသည့် ပေါ့ဘူး တစ်ဘူး၊ ရောင်စုံအအေးစုပ်ပိုက် ၄၂ ချောင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ခဲပြားအပိုင်းအစ နှစ်ခု၊ အသုံးပြုပြီးခဲပြား နှစ်ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း လားရှိုးနယ်မြေရဲစခန်းမှ ရဲအုပ်လှိုင်မင်းဆန်းက ပြောသည်။

စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲရောင်းချရန် အလို့ငှာ လက်ဝယ်တွေ့ရှိသူ ညွှန့်လွင် (၃၇)နှစ်ယာဉ်မောင်း မြို့ဂုဏ်ဆောင်ကားကြီးဝင်းနေသူအား လားရှိုးနယ်မြေရဲစခန်း၌ မယ(ပ) ၄၅/၂၀၁၆၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇာကီအောင်(လားရှိုး)

ငါးဖမ်းစက်လှေငယ် နစ်မြုပ်မှုဖြစ်ပွား

ရေတက်ကောင်း ဇူလိုင် ၉

ပုသိမ်ခရိုင် ရေတက်ကောင်းမြို့၌ ငါးဖမ်းရန်သွားသော စက်လှေငယ်မှာ ပင်လယ်ပြင်တွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဇူလိုင် ၈ ရက်က နစ်မြုပ်သွားခဲ့သည်။

အဆိုပါနစ်မြုပ်သွားသော ငါးဖမ်းစက်လှေငယ်တွင် ရေလုပ်သား သုံးဦးပါသွားခဲ့သည်။ ၎င်းသုံးဦးထဲမှ ဝရုတ်ကောင်းမြို့နေ ဦးရခိုင်မှာ စက်လှေနစ်မြုပ်စဉ် ကူးခတ်မှုကြောင့် သစ်ရောင်းရွာကမ်းနားသို့ ရောက်ရှိခဲ့သည်။

ထိုဖြစ်စဉ်များအား ရေတက်ကောင်းမြို့နေ ဦးရခိုင်သည် သစ်ရောင်းရွာမှ ဖုန်းဆက်ပြောဆိုသောကြောင့် နစ်မြုပ်သွားသောစက်လှေငယ်တွင် ပါသွားသော ဦးဆန်းသိန်းနှင့် ဦးဆန်းအေးအား မိသားစုများမှာ ငါးဖမ်းစက်လှေအကြီးများဖြင့် ပင်လယ်ပြင်သို့ သွားရောက်ရှာဖွေနေကြောင်း သိရသည်။

မြိုးမောင်မောင်(မြန်/ဆက်)

နိုင်ငံတကာ သတင်းဂျာနယ်
- မြိတိန်လူထုဆန္ဒခံယူပွဲကပေးတဲ့ သင်ခန်းစာ
- ဆက်ဒပ်ဟူစိန်ကိုချီးမွမ်းတဲ့ ထရန့်
- ဘဏ္ဍနိုင်း၏ အနာဂတ်စီးပွားရေးစိန်ခေါ်သံ
- ပင်လယ်နက်ဒေသလုံခြုံရေး အလေးပေး ဆွေးနွေးဖွယ်ရှိသည့် နေတိုးထိပ်သီးအစည်းအဝေး
- ဘဂ္ဂဒက်မှသည် ဘင်လားဒေ့ရှ်အထိကျယ်ပြန့်လာသည့် အကြမ်းဖက်မှုများ
- အမေရိကန်၏ (၅၁)ခုမြောက်ပြည်နယ် မြိုင်တော် ပါရှင်တန်ဒီစီ မြစ်လာမည်လော
- ဘာကြောင့် အစ္စရေး၏ပိတ်ဆို့မှုအောက်၌ ဂါဇာဒေသ ဆက်လက်တည်ရှိနေရသလဲ
- ဥရောပသမဂ္ဂမှ မြိတိန်ခွဲထွက်ခြင်းသည် ဂလိုဘယ်လိုက်ဇေးရှင်းအဆုံးသတ်ခြင်းပင်လော စသည့် သတင်းဆောင်းပါးများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ အမှုထမ်းများ၊ အင်္ဂလိပ်ဘာသာလိုက်စားသူများအတွက် အင်္ဂလိပ်ဘာသာသင်ခန်းစာနှင့် လေ့ကျင့်ခန်းများ ထည့်သွင်းဖော်ပြထားပါသည်။
နယ်စာဖတ်ပရိသတ်များ ကြိုတင်မှာယူပါက ကိုယ်စားလှယ်ကြီးများထံမှ တစ်ဆင့် ရောင်းရေး၊ ကျပ် ၃၀၀ ဖြင့် အရောက်ပေးပို့ပါမည်။
ကြော်ငြာထည့်သွင်းလိုပါက ရန်ကုန်မြို့- အမှတ်-၇၇၊ ၅၂ လမ်း ပဒုန်တောင်မြို့နယ်၊ ကြေးမုံသတင်းစာတိုက်၊ ရေနည်းတော်- ရုံးအမှတ်(၇)နှင့် ရေယာသိမ်ပြိုနယ်၊ ခရေပင်လမ်းဆုံ၊ ကြေးမုံသတင်းစာတိုက်တို့တွင် ရေးနန်းချိသာစာဖြင့် ထည့်သွင်းနိုင်ပါသည်။
ဖုန်း - ၀၁-၈၆၁၀၆၈၅၅၊ ၀၁-၂၉၂၅၃၁၀၊ ၀၆၇-၃၆၁၂၄

နွားထိုးကြီးမြို့တွင် မီးလောင်မှုဖြစ်ပွား

နွားထိုးကြီး ဇူလိုင် ၉

နွားထိုးကြီးမြို့နယ် အမှတ်(၁)ရပ်ကွက် လမ်းဦးစီးရုံး၏အရှေ့ဘက်ရှိ နီလာ လျှပ်စစ်နှင့် မိုဘိုင်းပစ္စည်းအရောင်းဆိုင်၌ ဇူလိုင် ၇ ရက် ည ၇ နာရီ မိနစ် ၅၀ က လျှပ်စစ်ဝါယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မီးသတ်ဦးစီးဌာနမှ တာဝန်ခံ ဦးကျော်ဇင်လင်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်မှုဖြင့် ည ၁၀ နာရီ မိနစ် ၂၀ တွင် မီးလုံးဝင်ငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်မှုမရှိဘဲ မိုဘိုင်းဆိုင်နှစ်ခန်း၊ အထည်ဆိုင်တစ်ခန်း၊ ဆေးဆိုင်တစ်ခန်းရှိ ပစ္စည်းများမီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် နှစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

(သန်းအောင်ဇော်)

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သမိုင်း (၁)ရပ်ကွက်၌ ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် သမိုင်း (၁)လမ်းနှင့် မြို့သစ်ဘူတာအနီးရှိ သစ်ပင်ကြီးများပြိုလဲ၍ လမ်းများပိတ်ဆို့ခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့များနှင့် လမ်းသူလမ်းသားများက စုပေါင်းရှင်းလင်းခဲ့ကြရကြောင်း သိရသည်။

ညီညီ(သမိုင်း)

ရန်ကုန်မြို့၊ သယံနိုးကျွန်းမြို့နယ်၊ သုမင်္ဂလလမ်း
ကျိုကြွစ်-ဓမ္မပိယသာသနာ့ရိပ်သာ
၂၄ ကြိမ်မြောက် ဝါဆိုသက်နိုးဆက်ကပ်ပွဲ
ဖိတ်ကြားလွှာ
၁၃၇၈ ခု၊ ဝါဆိုလဆန်း ၁၃ ရက်
(၁၇. ၇. ၂၀၁၆) တနင်္ဂနွေနေ့၊ နံနက် ၉ : ၃၀ နာရီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၃၇၊ မြေကွက်အမှတ် (၁၁၆၈)၊ မြေကွက် တည်နေရာအမှတ် (၁၀၆၈)၊ မင်းဘုရားလမ်း(၃၇) ရပ်ကွက်၊ဝင်မြောက်ပိုင်း၊ ဦးတင်လတ် အမည်ပေါက် နေ(၆)ဂဏန်း ရေတွေး(MTA-ဝ၉၉၇၇၃) အမည်ပေါက် ဦးတင်လတ်နှင့် ထင်းထမ် အရပ်ကတ် စာချုပ်ဖြင့် ၁၆၊ယူထားသူ ဒေါ်သီတာဆွေတို့ အမေ၊ တရားမြင့်ဘားကာ ဒေါ်သာဝင်းမှ တရားလိုပြုရန် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတွင် မှတ်ပုံတင် စာချုပ်ဆိုသေး လိုမျှမြင့် အများနွံတို့ ခံရာအနင်္သီကရဲ့ ရပ်ခိုခဲ့သမြင့် တရားရုံး ကိုယ်စား ဘီးလစ်ဒေါ်အိမ်ရှေ့ (၁/)၁၀တ (နိုင်)၁၆၃၉၃၃) မှ တရားမကြီးမှုအမှတ် (၆၃၇/ ၂၀၁၅) ၏ (၁၈.-၁-၂၀၁၆)၏စွဲပါ စီစဉ်ချက်၊ ဇဝရီမှုအမှတ် (၆/ ၂၀၁၆)၏ ရွေ့ဝင်မှုတ်တမ်းနှင့် ဘီလစ်ခန့် အပ်ကြောင်းအကြောင်းကြားစာတိုတင်ပြုရန်အရောင်း အယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားတက် ခိုင်လုံသောထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့စဉ်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်ရဲသင်္ကတ်သာယာဧရိယာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ကမာရွတ်မြို့နယ်မြေတိုင်းရပ်ကွက်အမှတ် (၃၆.D)၊ မြေကွက်အမှတ်(၈၀၇/ ၂)၊ (Portion)မြေကွက်တည်နေရာအမှတ် (၄၄/ဘီ)၊ ဗဟင်းသားလမ်း(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်(ဒေါက်တာနော်မာစော (၁)ဒေါ် ခင်ပြုနယ်အမည်ပေါက်)မြေပိုင်မြေ (မစ်တပ်ချူးမြေ)အားအမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်(၃၃/ ၂၀၁၆) (၁၁. ၂. ၂၀၁၆)မြန်ပိုင်ဆိုင်သူဒေါ် ရင်ရင်မြေ ဒေါ် တူင်လှိုင်တို့ထံမှအထူးကိုယ်စားလှယ် လွှဲစာအမှတ်(၄၈ ၆/ ၂၀၁၆)(၁၃. ၅. ၂၀၁၆) မြင့်SP ရသုဒေါ် ဆွေလမြည်ဦး(၁ ၂/ မရက (နိုင်)၁၃၆၀၅)မှပါဝါပေးသူသက်ဝိုဏ်ရှားရှိကြောင်းနှင့် ပါဝါရှယ်သိမ်းခြင်းမပြုကြောင်း ကျမ်းကျိန်လွှာ(၂၀. ၁. ၂၀၁၆)ရက်စွဲဖြင့် ထုတ်ယူထားသည့်အရောင်းအယ်မြေပုံကူးနှင့်ပတ်သက်၍(၂)တွက်ခွဲစိတ်ရောင်းချမည်ဖြစ်သဖြင့်ထပ်တိုးအရောင်းအဝယ်မြေပုံကူးလျှောက်ထားကြောင်း ရှင်းလင်းတင်ပြချက်တို့ကိုတင်ပြ၍အရောင်းအယ်စာချုပ်ဆိုဆန်ပြုပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားမှာမတွေ့ကြုံ၍ကြော်ငြာပါသည့်နေ့စဉ်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်ရဲသင်္ကတ်သာယာဧရိယာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်မြို့ သင်္ကန်းကျွန်းမြို့နယ်၊ ရေတွင်းနယ်ကုန်းတော်ရပ်ကွက် အမှတ်(၁)ရပ်ကွက်ရှိ ကိုကိုမောင်(ခ)ကိုကိုမောင်(ခ)ကိုကိုမောင်(ခ)

ကျွန်းစုမြို့နယ်၌ ပင်လယ်ပြင်ငါးဖမ်းခြင်းအစား သိပ္ပံနည်းကျ မွေးမြူရေး လုပ်ငန်းများဖြင့် အစားထိုးရာ ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ရောင်းချနိုင်

ကျွန်းစု ဇူလိုင် ၉

ကျွန်းစုမြို့နယ်သည် ပင်လယ်ဒေသဖြစ်ပြီး ကျွန်းပေါင်း ၂၀၀ ကျော်ဖြင့် ကမ်းခြေအခြေစိုက်ကာ ကျေးရွာများဖြင့်တည်ရှိသော မြို့တစ်မြို့ဖြစ်သည့်အားလျော်စွာ မြို့ဖွဲ့စည်းပုံ၏ အပိုင်းသုံးပိုင်းတွင် ပင်လယ်အပိုင်း၊ လယ်တောအပိုင်း၊ ဥယျာဉ်အပိုင်းဟူ၍ လူအများ သိရှိထားကြသည်။ ကျွန်းစုမြို့နယ်၏ လူဦးရေအများဆုံးနေထိုင်သော ပင်လယ်ဒေသကျေးရွာများရှိ ပြည်သူများသည် စီးပွားရေးဖြင့် ရေလုပ်ငန်း၊ (ငါး၊ ပုဇွန်၊ ကဏန်း) အစရှိသည့် ပင်လယ်ရေအောက် သတ္တဝါများကို ဖမ်းဆီး၍ အသက်မွေးဝမ်းကျောင်းပြုကာ နေ့စဉ်နှင့်အမျှ လှုပ်ရှားအသက်ဝင်နေလျက်ရှိကြသည်။

နေ့စဉ်နှင့်အမျှ နှစ်ပေါင်းများစွာ ပင်လယ်ရေအောက်သယံဇာတများကို နည်းအမျိုးမျိုး ပုံစံအသွယ်သွယ်ဖြင့် ဖမ်းယူဆောင်ရွက်နေကြရာ ကျွန်းစုမြို့နယ်အတွင်းရှိ အများစု သောရေလုပ်ငန်းလုပ်ကိုင် နေသူများသည် ရေအောက်သယံဇာတများ ရှားပါးလာကာ ရေလုပ်ငန်းအား အဓိကစီးပွားရေးဖြင့် စီးပွားဖြစ်ထွန်းလျက်ရှိကြသော ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်တချို့သည် (၂၁)ရာစု၏ နောက်ပိုင်းကာလ သိပ္ပံခေတ်နည်းပညာပိုင်းများ တိုးတက်ပြောင်း လဲလာသည်နှင့်အမျှ နိုင်ငံတကာမှ ပညာရှင်များကို ခေါ်ယူကာ ရေလုပ်ငန်းကို သဘာဝအလျောက်ဖမ်းယူခြင်းမျိုးမဟုတ်ဘဲ သိပ္ပံနည်းကျမွေးမြူခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို ကျွန်းစုမြို့နယ်တွင် စတင်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

ကျွန်းစုမြို့နယ်တွင် သိပ္ပံနည်းကျ ငါးမွေးမြူခြင်းလုပ်ငန်းများ၊ ပုလဲမွေးမြူခြင်းများ၊ ရေမှော်မွေးမြူရေးလုပ်ငန်းများကို ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ၏ လမ်းညွှန်ချက်များဖြင့် ကုမ္ပဏီများပူးပေါင်းကာ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

ယခုအခါ ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ကတ္တလူကျေးရွာတွင် ပြည်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့၏ ပူးပေါင်းညွှန်ကြားချက်ဖြင့် ခေတ်မီရေငန် ပုဇွန်မွေးမြူရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၎င်းလုပ်ငန်းကို ပြည်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီ လီမိတက်က ယိုးဒယားကုမ္ပဏီမှ (CP)နည်းပညာဖြင့် ကတ္တလူကျေးရွာ၌ မြေရေယာ ၄၁၅ ဧကဖြင့် မွေးမြူရေး ကန် ၁၈ ကန်တူးဖော်ဆောင်ရွက်လျက်ရှိပြီး လက်ရှိ ရေနန်ပုဇွန်သားပေါက်မွေးမြူခြင်းကို မီတာ ၁၀၀ ပတ်လည်ရှိ မွေးကန်ခြောက်ကန်ဖြင့် စတင်အကောင်အထည်ဖော်လျက်ရှိသည်။ မီတာ ၁၀၀ ပတ်လည်ကန်တစ်ကန်တွင် ပုဇွန်သားပေါက်အကောင်ရေတစ်သန်းခန့် စတင်မွေးမြူပြီး မွေးမြူချိန်မှ ရက်ပေါင်း ၉၃ ရက်တွင် စတင်ဖမ်းယူနိုင်ကြောင်း မွေးမြူရေးတာဝန်ခံ ဦးကျော်လင်းထံမှ သိရသည်။

၎င်းပုဇွန်သားပေါက်များ ဖမ်းဆီးခြင်းကို ရက်ပေါင်း ၉၃ ရက်ပြည့်သည့် ဇူလိုင် ၆ ရက်တွင် အဆိုပါကန်များမှ ပုဇွန်ကြီးထွားနှုန်းမြင့်တက်လာရာ ကန်အရွယ်အစားနှင့် ပြည့်ကျပ်မှု လျော့သွားနိုင်စေရန် မွေးမြူထားသောကန်အသီးသီးမှ ပုဇွန်တန်ချိန် ၅ တန်ခန့်စီကို စတင်ထုတ်လုပ်လျက်ရှိရာ သိပ္ပံနည်းကျ ရေငန်ပုဇွန်မွေးမြူရေးကို စိတ်ပါဝင်စားသူများ၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ချင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများက အဆိုပါပုဇွန်ထုတ်လုပ်ရာသို့ လာရောက်လေ့လာလျက်ရှိသည်။ ၎င်းအပြင် ဒေသခံပြည်သူများမှ တစ်ပိုင်တစ်နိုင်မွေးမြူပေးနိုင်ရေးကိုလည်း ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်များ၊ ပုဇွန်သားပေါက်များ၊ မွေးမြူရေးအစာများကို စီစဉ်ဆောင်ရွက်ပေးကြောင်းလည်း တာဝန်ခံက ပြောကြားသည်။

၎င်းမွေးမြူရေး ဧရိယာအတွင်းတွင် မွေးမြူရေးကန်ပေါင်း ၇၀ ကျော်ခန့် တူးဖော်မွေးမြူရန်ရှိကြောင်း၊ လက်ရှိတွင် ကန်ပေါင်း ၁၈ ကန်ဖြင့် ပြည်ပကျွမ်းကျင်ပညာရှင်များနှင့် ဒေသခံအလုပ်သမားဦးရေ ၁၀၀ ကျော်ခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ထားကြောင်းနှင့် ဆက်လက်၍ မွေးမြူရေးကန်ပေါင်း ၇၀ ကျော်ကို အကောင်အထည်ဖော်ချိန်တွင် အလုပ်သမားဦးရေ ၃၀၀ ကျော်ခန့်အား ထပ်မံအလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ကျွန်းစုမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင်မွေးမြူလိုသူများသည် ပင်လယ်ရေပြင်ငါးဖမ်းခြင်းလုပ်ငန်းအစား သိပ္ပံနည်းကျမွေးမြူရေးလုပ်ငန်းမှသည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်ရေးကိုလည်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစံမွှေးတို့က ကျေးရွာ များရှိပြည်သူများ ဆောင်ရွက်နိုင်ရေးကိုကုမ္ပဏီနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်နိုင်(ပြန်/ဆက်)

မကွေးမြို့ညောင်ပင်သာကျေးရွာ မီးဘေးသင့်ပြည်သူများအား စိုက်ပျိုးရေးသွင်းအားစုများပေးအပ်

မကွေး ဇူလိုင် ၉

မကွေးမြို့ ညောင်ပင်သာကျေးရွာသည် မတ် ၁၆ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၂၁၁ စု မီးဘေးသင့်ခဲ့သည်။ မီးဘေးသင့်ပြည်သူများ အတွင်းရှိ စိုက်ပျိုးရေးလုပ်ကိုင်သူများအား စိုက်ပျိုးရာတွင် လိုအပ်သည့် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၇ ရက် မွန်းလွဲ ၁နာရီက ညောင်ပင်သာရွာ၌ ပြုလုပ်သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညိုက ရာသီဥတုပြောင်းလဲမှုများကြောင့် ရေဘေး၊ မီးဘေး၊ လေဘေးများ ဖြစ်ပေါ်နေသည့်အတွက် မိမိတို့အစိုးရအဖွဲ့နေဖြင့် ပြည်သူများ၏ စားဝတ်နေရေး၊ ဘဝလုံခြုံရေးများကို ဦးစားပေးဆောင်ရွက်ပေးနေသလို ထောက်ပံ့လျှာဒါန်းလျက်ရှိသည့် NGO အဖွဲ့အစည်းများလည်းပါဝင်ကြောင်း ၊ ယခု ညောင်ပင်သာကျေးရွာ မီးဘေးသင့်ပြည်သူများကို စိုက်ပျိုးချိန်အမီ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလျှုရှင်များက မြေပဲစိုက်တောင်သူပေါင်း ၆၈ ဦးအား စိုက်ပျိုးရန်အတွက် သီးနှံမျိုးစေ့များကို စိုက်ပျိုးချိန်အမီ ထောက်ပံ့ပေးအပ်ခဲ့ပြီး အပင်ဖြစ်ထွန်းချိန်မှာ လိုအပ်သည့် ဓာတ်မြေသြဇာများဖြည့်တင်းနိုင်ဖို့ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က အခုလိုထောက်ပံ့ပေးအပ်သော ဓာတ်မြေသြဇာနှင့် ကျောက်မှုန့်မြေသြဇာများလည်း အကျိုးရှိစွာသုံးစွဲပြီး လာမည့်ဆောင်းသီးထပ်စိုက်ပျိုးနိုင်အောင်လည်း ကြိုတင်ပြင်ဆင်မှုများပြုလုပ်သွားကြရန် ပြောကြားခဲ့သည်။

အဆိုပါ မီးဘေးသင့် ကျေးရွာဖြစ်သည့် မကွေးမြို့နယ် ကံသာကြီးအုပ်စု ညောင်ပင်သာကျေးရွာသို့ ဓာတ်မြေသြဇာ ၅၀ ကီလိုအိတ် ၃၅ လုံး၊ ကျောက်မှုန့် ငါးပိသာအိတ် ၁၃၆ လုံး၊ ဇီဝစူပါ (ရွက်ဖျန်းအားဆေး) ၁၃၆ ဘူး စုစုပေါင်းတန်ဖိုး ၁၁ သိန်းကျော် ဖိုးအား ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျေးရွာပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ မိသားစုတစ်ပိုင်တစ်နိုင်ဝင်ငွေရရှိရေးအတွက် အရိပ်ရသစ်သီးပင်ဖြစ်သည့် စိန်တလုံးသရက် ၆၈ ပင်ကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ညီညီမောင်(မကွေး)

အိမ်မဲမြို့တွင် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ရေနုတ်ပြွန်များဆောက်လုပ်

အိမ်မဲ ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့၏ စည်ပင်သာယာလှပရေး၊ မိုးရာသီတွင် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရန် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများတူးဖော်ခြင်း၊ ရေနုတ်ပြွန်များဆောက်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ အိမ်မဲမြို့ ချောင်းဝရပ်ကွက် မြို့ပတ်လမ်းနှင့် ၃ လမ်းထောင့်တွင် အလျား ၁၈ ပေ၊ အနံ ၅ ပေ၊ အနက် ၄ ပေရှိ ကွန်ဂရစ်ရေနုတ်ပြွန်ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေနုတ်ပြွန်တည်ဆောက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ခြင်းဖြစ်ပြီး ရပ်ကွက်နေပြည်သူများ၏ နေအိမ်များတွင် မိုးတွင်းကာလ ရေကြီးရေလျှံခြင်း၊ မကောင်းသောရေများ၊ အမှိုက်များ တင်ရှိနေပါက ခြင်များပေါက်ပွားပြီး ကူးစက်ရောဂါများရမည့် အန္တရာယ်များ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ် ပြန်/ဆက်

ပဲခူးမြို့တွင် နေ့စားလပေး မူလတန်းပြဆရာ၊ ဆရာမများခန့်အပ်

ပဲခူး ဇူလိုင် ၉

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း လိုအပ်လျက်ရှိသော ပညာရေးဝန်ထမ်း နေ့စား၊ လပေး မူလတန်းပြ ဆရာ ဆရာမ ၄၅၀၈ ဦး ခန့်ထားပေးမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ပဲခူးတိုင်းဒေသကြီးတွင် အခြေခံပညာအထက်တန်းကျောင်း ၁၈၇ ကျောင်း၊ အလယ်တန်းကျောင်း ၂၅၃ ကျောင်းနှင့် မူလတန်းကျောင်း ၄၅၉၇ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ကျောင်းနေအရွယ် ကလေးငယ် ၂၉၃၇၈၉ဦးတို့အား ဆရာ၊ ဆရာမ ၄၃၄၈၄ ဦးတို့က သင်ကြားပြသပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး (အရှေ့)တွင် နေ့စားလပေး (မူလတန်းပြ)ဖြေဆိုသူ ၆၁၃၅ ဦးအနက် ၃၆၀၀ ဖြေဆိုအောင်မြင်ခန့်ထားနိုင်ပြီး ပဲခူးတိုင်းဒေသကြီး (အနောက်)တွင် ဖြေဆိုသူ ၅၂၉၀ အနက် ဖြေဆိုအောင်မြင်ခန့်ထားနိုင်သူ ၇၀၈ ဦးဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး တစ်ခုလုံးတွင် နေ့စားလပေး (မူလတန်းပြ) ၁၁၄၂၅ဦး ဝင်ရောက်ဖြေဆိုရာတွင် အောင်မြင်ခန့်ထားနိုင်သူဦးရေမှာ ၄၅၀၈ ဦးဖြစ်ကြောင်း သိရသည်။

အလယ်တန်းပြနှင့် အထက်တန်းပြ သင်ကြားရေး ဆရာ၊ ဆရာမများခွဲဝေအချိုးများအရ ပြည့်စုံမှုရှိအောင် ဆက်လက်ခန့်ထားတာဝန်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

(၅၈၈)

မြစိမ်းရောင်စီမံကိန်းကြောင့်ကျေးရွာစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာ

တောင်တွင်းကြီး ဇူလိုင် ၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျွဲဖြူကန်ကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းဖြင့် အရင်းမပျောက်မတည်ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းရွာသစ်၊ ဂျုတ်ကုန်း၊ အင်းရွာကြီး စသည့်စုစုပေါင်း ၁၀ ရွာတို့အားတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၃၀၀၀ ထုတ်ချေးပေးခဲ့သဖြင့် ကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်၊ ကုန်စုံဆိုင်၊ ကွဲ၊ နွားစသည့်မွေးမြူရေးလုပ်ငန်းများအရင်းအနှီး ရရှိလာသဖြင့်ကျေးရွာနေ ပြည်သူများဝင်ငွေတိုးတက်လာပြီးပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကုတ္တိ၊ လှငွေဘို၊ သူရောင်ကန်၊ သဲဖြူအိုးကုန်း၊ အောင်းပေါက်၊ ရေဝေ စုစုပေါင်း ခုနစ်ရွာတို့အား မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၁၀၀ ထုတ်ချေးသွားမည်ဖြစ်၍ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များနှင့်အတူတာဝန်ရှိများမှ ဇူလိုင် ၈ ရက်က မြစိမ်းရောင်ကျေးရွာများသို့ ကွင်းဆင်း၍ ကော်မတီဖွဲ့စည်းကာ မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

၅၈၀

ကလေးတွေ စာဖတ်နိုင်ကြဖို့ဆိုရင်

ခ ၁၈ပေါင်ငဋ္ဌး(ပညာရေး)

တစ်နေ့က စတော်ဘိန့် သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရတယ်။ သတင်းက"ကလေးသူငယ်နဲ့ စာကြည့်တိုက် ဆွေးနွေးပွဲ" (Forum on Children & Library)အကြောင်း။ ပါဝင်ဆွေးနွေးသူတွေက စာရေးဆရာ မောင်ဇေယာ၊ ဦးမြင့်တွန်း(ဆုပြည့်စံတွန်းစာပေ)နဲ့ ဒေါ်ဆွေဝင်ထိုက်တို့ ပါဝင်တာတွေ့ရတယ်။

ဆွေးနွေးတဲ့အထဲမှာ ကလေးစာပေ ဖွံ့ဖြိုးဖို့ပါတယ်။ ကလေးစာပေ ဖွံ့ဖြိုးဖို့မှာ အဓိကအကျဆုံး အဖြစ် ကလေးတွေ စာဖတ်ချိန်ရဖို့ပဲ။ ခုဟာက ရပ်/ကျေးတွေ၊ မြို့နယ်တွေနဲ့ ကျောင်းတွေမှာ ထိုကဲသင့်တဲ့ စာကြည့်တိုက်တွေ လုပ်ပေးနိုင်တယ်ထားဦး၊ ကလေးစာပေတွေလည်း အတန်အသင့် ရှိတယ်ထားဦး။ ကလေးတွေ စာမဖတ်ကြဘူး၊ စာဖတ်ချိန်ကလည်းမရှိဘူး။

ခေတ်မီ အိုင်တီပစ္စည်းတွေပေါ်လာလို့ ကလေးတွေစာဖတ်ဖို့ အချိန်မရနိုင်တာလည်း ရှိတယ်။ အဓိကအကျဆုံးအချက်ကတော့ ကလေးတွေရဲ့ ပညာရေးစနစ်။ ဘာတွေပြင်ပြင်ပြောင်းလဲနေတယ်ပဲ ပြောပြော မပြောင်းလဲနိုင်သေးတာက ကျောင်းရယ်၊ ကျူရှင်ရယ်၊ အလွတ်ကျက်စနစ်ရယ်က အခြေခိုင်မြဲ နေဆဲပဲ။

KGလိုစာမေးပွဲ မရှိယဉ်ဘူးဆိုတဲ့ အတန်းတောင် ကျူရှင်တက်နေကြတယ်။ တက်အောင် စည်းရုံး ခေါ်ဆောင်နေသူအချို့လည်းရှိနေတယ်။ ဆိုရရင်အတန်းတိုင်းဟာ ကျောင်းသင်စာတွေနဲ့ စင်ပြိုးပဲဖြစ်နေ တယ်။ ဒီတော့ကျောင်းပြီးရင် ကျူရှင်၊ ကျူရှင်ပြီးရင် ဂိုက် (Guide)နဲ့ကလေးအတွက် အားချိန်၊ နားချိန်မရှိတော့ပါဘူး။ ဒီတော့ကျောင်းမှာရှိတဲ့ စာကြည့်တိုက်ကလည်း အလုပြသက်သက်ပါပဲ။ ရပ်ကွက်ထဲက စာကြည့်တိုက်တွေလည်း ကိုးနဲ့ဖတ်ဖတ်ပါ။

အခုလပတ်စာမေးပွဲတွေ ဖြေနေပါပြီ။ နှတ်တက်ရွတ်ဆိုနေကြတာ။ သင်ကြားရေးစနစ်ကလည်း ကျောင်းသားပတ်ပြီးချင်းကပဲဖို့ ဆိုတာ အိပ်မက်ထဲမှာပဲရှိသေးတယ်။ အတန်းတိုင်း အတန်းတိုင်းဟာ စီစဉ်နေအောင် အလွတ်ကျက်နေရတဲ့စနစ်ထဲက မရွန်းထွက်နိုင်သေးပါဘူး။

ဖကြေသေးခင်ကပဲ ကုန်သည်လမ်းရှိ စာပေဗီမာန်မှာ အဆင့်မြင့်ပညာအတွက် ပြောင်းလဲမှုတွေနဲ့ စိန်ခေါ်မှုတွေအကြောင်း (Changes and Challenges for Higher Education Sector) စာတမ်းဖတ်သွားတာ ကိုယ်တိုင်တက်ရောက်ဖြစ်ခဲ့သေးတယ်။ အဲဒီမှာ မန္တလေး ဘုန်းတော်ကြီးပညာရေး (ဖောင်တော်ဦး) ဆရာတော်၊ ဒေါက်တာ ဒေါ်ခင်မေတို့နဲ့ The Voice ပင်တိုင် ဆောင်းပါးရှင် ဆရာတင်ညွှန့်တို့ ဖတ်ကြား ရှင်းလင်းသွားတဲ့ စာတမ်းတွေ ကောင်းလွန်းလှပါတယ်။ ကျန်တာတွေ ကတော့ အချိန်မရလို ပြန်ခဲ့ရပါတယ်။

ဒီကလေးတွေဟာ နိုင်ငံရဲ့အနာဂတ်၊ နိုင်ငံရဲ့မီးရှူးတန်ဆောင်တွေပါ။ ဒီကလေးတွေကိုထွန်းလင်းအောင်၊ တောက်ပအောင်၊ ထက်မြက်အောင်မှ မလုပ်ပေးနိုင်ကြရင် နိုင်ငံရဲ့အနာဂတ် ပျောက်နေတာပါပဲ။ အနာဂတ်ပျောက်နေတဲ့ နိုင်ငံဟာ စမ်းတပါးပါး လျှောက်နေရတာမို့...

တကယ်တော့ နိုင်ငံတကာအတွေ့အကြုံနဲ့ယှဉ်ပြီးပြောတဲ့အခါ စာမေးပွဲစနစ်ဆိုတာ မြန်မာနိုင်ငံမှာပဲ အမြစ်တွယ်နေတာ တွေ့ရတယ်။ ခေတ်အဆက်ဆက်က ပြုပြင်ပြောင်းလဲဖို့ မစဉ်းစားခဲ့ကြဘူး။ ကိုယ်တိုင်ကလည်း နှံ့နှံ့စပ်စပ်လေ့လာခဲ့ကြတာမျိုးမဟုတ်ပါ။ စာတမ်းဖတ်ရင်း ဖောင်တော်ဦးဆရာတော်က နိုင်ငံခြားရောက် မြန်မာပညာရေးခန့်ကြီးဟောင်းတစ်ဦးအကြောင်း ပြောပါတယ်။

နိုင်ငြားကကျောင်းတစ်ကျောင်းမှာ ဝန်ကြီးရောက်သွားတယ်။ ကလေးတွေကို နှုတ်ဆက်တယ်။ ဝန်ကြီးလည်း ရောက်တတ်ရာရာ ပြောရင်း"ကလေးတို့ မင်းတို့စာမေးပွဲ ဘယ်တော့လဲ"မေးတယ်။ စာတွေကျက်ပြီးပြီလား မေးတယ်။ ကလေးတွေက ဝန်ကြီးကို တဘုံတသြ ပြန်ကြည့်ကြတယ်။ အကြောင်းကတော့ သူတို့ဆီမှာ စာမေးပွဲမ မရှိတာ။ ဒါဆိုဘယ်လို အောင်/ရှုံး သတ်မှတ်လဲဆိုတော့ သူတို့လေ့ကျင့်ရတဲ့ စာအုပ်တွေ တစ်ပုံကြီး ထုတ်ပြသတဲ့။ ဒါကြောင့် သူတို့ဆီမှာ အတန်းတက်တယ်ဆိုတာ ဒီနှစ် ဒီအတန်းကနေ နောက်အနန်းတစ်ခုဆီ ပြောင်းလိုက်တာပါပဲတဲ့ဗျာ။

စာရေးသူတို့ဆီမှာလည်း အားကျပါးကျနဲ့ အားလုံးအောင်တဲ့ကတ် (CAP) စနစ် လုပ်လိုက်ကြပါသေးတယ်။ ဟုတ်တယ်ဗျာ အားလုံးတော့ အောင်သွားတယ်။ ဒါပေမယ့် အားလုံးတော့ စာတတ်မသွားကြဘူး။ ဒီလိုနဲ့ ဘွဲ့ရစာမတတ်တွေ မွေးထုတ်မိသွားတာပါပဲ။

တကယ်တော့ ပျိုးဆက်ပေါင်းများစွာ ကျောင်းစာတွေနဲ့ ပိုနေခဲ့တာ ကြာပါပြီ။ စာဖတ်တဲ့ အလေ့အထတွေ လျော့နည်းနေတာလည်း ကြာပါပြီ။ အဲဒီလို စာပေလောကကြီး ယုတ်လျော့နေတဲ့ ကြားထဲက စာပေအသိနဲ့ ကြိုးစားပြီး နေသားနေကြတာ၊ ထုတ်ဝေနေကြတာတွေဟာ ဂုဏ်ယူဖို့ ကောင်းပါတယ်။ ဒုါအပြင် ခုလိုဆွေးနွေးပွဲတွေလုပ်ပြီး ကလေးတွေ စာကြည့်တိုက်တွေထဲရောက်အောင် စာဖတ်ချိန်တွေ ရလာအောင် တစ်ပိုင်တစ်နိုင် ပါဝင်လာတာလည်း ဝမ်းသာလုပါတယ်။

ဒီကနေ မြန်မာနိုင်ငံမှာရှိတဲ့ မူလတန်းကနေ အထက်တန်းအဆင့်ထိ ပညာသင်နေတဲ့ ကျောင်းသား ကျောင်းသူပြီး ရေဟာ ၁၀ သန်းခန့်ရှိနေကြောင်း သိရပါတယ်။ ဒီကနေ့ ထုတ်ဝေနေတဲ့ကလေးစာပေ၊ ဂျာနယ်၊ မဂ္ဂဇင်းဟာ ၁၀ စောင်လောက်ပဲ နေ့ပါတယ်။ တစ်မျိုးစီရဲ့ ထုတ်ဝေအရေအတွက်ကလည်း ရာကဏန်းလောက်ပဲ။ တစ်ထောင်ထက်ပိုပြီး ထုတ်ဝေနိုင်တာ မတွေ့ရသလောက်ပါ။ ဒါဟာ ကလေးတွေရဲ့ စာဖတ်နှုန်း ဘယ်လောက်တောင်မှ နိမ့်ကျနေသလဲ ဆိုတာပါပဲ။

ဒီတော့ စာမဖတ်တဲ့ ကလေးတွေ ဒီထက်မျိုးလာရင် မြန်မာစာပေလောကအတွက်ပါ ကြီးမားလှတဲ့ အန္တရာယ်ကြီးပါ။ ကလေးတွေ စာဖတ်နိုင်ဖို့ လူကြီးတွေမှာ တာဝန်ရှိပါတယ်။ စာကြည့်တိုက်တွေ များများဖွင့်နိုင်ဖို့ ကလေးစာပေတွေ များများဖွံ့ဖြိုးလာဖို့ လူကြီးတွေအားပေးရပါလိမ့်မယ်။ ဒုါထက် ကလေးတွေ စာဖတ်ချိန်ရဖို့ တစ်ချိန်လုံး အလွတ်ရွတ်ပြီး စာမေးပွဲ ဖြေဆိုနေရတဲ့ စနစ်ကြီးကိုလည်း ပြုပြင်ပြောင်းလဲကြဖို့ အချိန်တန်ပါပြီ။

ဒါကြောင့် ဒီကလေးတွေဟာ နိုင်ငံရဲ့ အနာဂတ်၊ နိုင်ငံရဲ့ မီးရှူးတန်ဆောင်တွေပါ။ ဒီကလေးတွေကို ထွန်းလင်းအောင်၊ တောက်ပအောင်၊ ထက်မြက်အောင်မှ မလုပ်ပေးနိုင်ကြရင် နိုင်ငံရဲ့ အနာဂတ် ပျောက်နေတာပါပဲ။ အနာဂတ်ပျောက်နေတဲ့ နိုင်ငံဟာ စမ်းတပါးပါး လျှောက်နေရတာမို့ ခရီးတွင်လှမယ်တော့ မထင်ပါ။

စာဖတ်သည့်အလေ့အထရရှိစေရေးအတွက် နေရာအရောက် ပြည်သူ့မျက်နှာမူဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်

လှိုင်ကော် ၉လိုင် ၉

လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့ကိုမျက်နှာမူသည့် ပြည်သူ့ဆန်ဆောင်မှုလုပ်ငန်းများကို ရက်(၁၀၀) စီမံချက်ဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ လှိုင်ကော်မြို့နယ် အခြေခံညာအဆင့် (ထက် လယ် မူ) စာသင်ကျောင်းများတွင် စာသင်ခိုန်ဖြင့်ပင်ပ၌ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံနှင့်နံရံကပ် စာစောင်ပြသခြင်း၊ စာအုပ်ပြုပြု၊ ဟောပြောပွဲများကို ဇူလိုင် ၆ ရက်က လှိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရေးဒီးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဒေါ်စိုးစိုးထွန်းက လူတော်လူကောင်းဖြစ်စေဖို့စာတွေဖတ်ကြစို့ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူလေးများအား ဟောပြောခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူလေးများက နိုင်ငံတော်သမ္တ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ မြန်မာနိုင်ငံအတွက် ကဏ္ဍအသီးသီးမှ တစ်မြေညီ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံခြားသံတမန်များ နှင့်တွေ့ဆုံပွဲ မှတ်တမ်းဓာတ်ပုံများ၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက် မှတ်တမ်း ဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား ဝေဝေဆာဆာ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုကြသည်။

ထိုအပြင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်ကော်မြို့နယ် ဦးစီးမှူးဒေါ်သီတာနှင့် အဖွဲ့တို့က ကျောင်းသား ကျောင်းသူလေးများ စာအုပ်စာစောင်များ လွယ်ကူစွာဖတ်ရှုနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြိုးနယ်(မြန်/ ဆက)

ကျောင်းမုန့်ဈေးတန်းတွင်ရောင်းချနေသော မုန့်ပဲသရေစာများ ရက်လွန်နှင့် ဆိုးဆေးအသုံးပြုရောင်းချခြင်းမရှိစေရန်စစ်ဆေး

ရန်ကုန် ၉လိုင် ၉

စာသင်ကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းဝယ်နေသော မုန့်ပဲသွားသရေများတွင် ဆိုးဆေးအသုံးပြုထားသော မုန့်ပဲသရေစာနှင့် ရက်လွန်မုန့်ပဲသရေစာများ ရောင်းချခြင်းမရှိစေရန် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးဦးစီးဌာန၊ မြို့နယ်ဥပဒေရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းများအား လိုက်လံစစ်ဆေးနေကြောင်း ဇူလိုင် ၆ ရက်က ၁ဝ၇မြို့သစ်(မြောက်ပိုင်း)မြို့နယ် အထက(၄) အထက(၇) ကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းကို စစ်ဆေးနေသည့်လုပ်ငန်းခွင်မှ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြတ်မော်ဦးက "၁ဝ၇မြို့သစ် (မြောက်ပိုင်း) မြို့နယ်မှာ အထက်တန်းကျောင်း စုစုပေါင်း ငါးကျောင်းရှိတယ်။ ယခုကျောင်း ငါးကျောင်းလုံးက မုန့်ဈေးတန်းတွေကို စစ်ဆေးပြီးသွားပါပြီ။ ရက်လွန်မုန့်ပဲသရေစာတွေ၊ ဆိုးဆေးအသုံးပြုထားတဲ့ မုန့်ပဲသရေစာတွေကို မရောင်းနိုင်ဖို့ မှာကြားထားပါတယ်"ဟု ပြောကြားသည်။

အဆိုပါလုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝိုး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြတ်မော်ဦး၊ မြို့နယ်ဥပဒေရေးဦးစီးဌာန ဒုဦးစီးမှူး ဦးဖိုးမောင်မောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးအရာရှိ ဒေါက်တာနန်းခမ်းလောင်း၊ မြို့နယ်စည်ပင်သာယာ ကျန်းမာရေးမှူး(၃)နှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများက ဖူးပေါင်းဆောင်ရွက်ကြပြီး ရက်လွန်နှင့် ဆိုးဆေးအသုံးပြုထားသော မုန့်ပဲသရေစာများမှာ ကျန်မာရေးထိခိုက်နိုင်ကြောင်း အသိပညာပေး ဝိုဒီယိုစာတမ်း စိုက်ထူခဲ့ကြကြောင်း သိရသည်။

(မောင်သည်း)

အသက်ငါးနှစ်အောက်ကလေး သေနှုန်းကျဆင်းရေး အဓိကထားဆောင်ရွက်

ဓနုပြည်တော် ၉လိုင် ၉

အခြေခံမွေးကင်းစ ကလေးပြုစုစောင့်ရှောက်ခြင်းနှင့် မကျန်းမာသောမွေးကင်းစကလေးနှင့် ကလေးအား ပေါ်းစည်းကုသခြင်းလုပ်ငန်း(တိုင်းအဆင့်)ဆရာဖြစ်သင်တန်းမွေ့ဝှပ်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှလှကြည်က အမှာစကားပြောကြားသည်။

သင်တန်းတွင် အသက်(၂)လမှ(၅)နှစ်အရွယ် မကျန်းမာသောကလေးအားဆန်းစစ်ခြင်း၊ ရောဂါအဆင့် ခွဲခြားခြင်း၊ ကုသမှုလွှဲချယ်ခြင်း၊ ကုသပေးခြင်း၊ ကလေးများ၏မိခင်အားအကြံပေးဆွေးနွေးခြင်း၊ ရက်ရှိနံပြန်ခြင်း၊ ဖွေးပြီးပြီးချင်းမွေးကင်းစကလေးအား ပြုစုစောင့်ရှောက်ခြင်း၊ ဓမ္မကင်းစကလေးအပူဓာတ်ဆုံးရှုံးပုံနှင့် အသက်ကယ်ပြုနည်း၊ မိခင်အားမွေးကင်းစကလေး၏ ပြဿနာကိုမေးမြန်းခြင်း၊ ဓမ္မကင်းစကလေးအား ဘက်တီးရီးယားရောဂါပြီးဝင်ပိုင်ပေခြင်း၊ မရှိဆန်းစစ်ခြင်းနှင့် ရောဂါဆန်းစစ်ခြင်း၊ မကျန်းမာသောမွေးကင်းစကလေးအားညွှန်ပြခြင်း စသည့်ဘာသာရပ်များကို သင်တန်းဆရာ ခြောက်ဦးဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးမည် ဖြစ်သည်။

အဆိုပါသင်တန်းကို နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ဆေးရုံအုပ်များ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ် သူနာပြုအရာရှိ(၁)များနှင့် မြို့နယ်ကျန်းမာရေးမှူး အရာရှိ(၁)များ တစ်မြို့နယ်လျှင် သုံးဦးနှုန်းဖြင့် သင်တန်းသား ၂၄ ဦး တက်ရောက်သင်ကြားမည် ဖြစ်ပြီး သင်တန်းကာလမှာ တစ်ပတ်ကြာမြင့် မည်ဖြစ်သည်။

ဖြိုးနယ်(ပြန်/ ဆက)

မြန်မာနိုင်ငံ အမျိုးသမီး...ဆီသို့

ခ ဗနော(IR) (စီတွေ့နှိုယတိလောဂ)

ယနေ့ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ ပြောင်းလဲဖွံ့ဖြိုးတိုးတက်နေသည်မှာ ကျွန်မတို့မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။ ကျွန်မတို့၏ မြန်မာနိုင်ငံတော်သည်လည်း ယခင်ဆယ်စုနှစ်များနှင့်မတူ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစသည့် ကဏ္ဍတို့သည်လည်း ပြောင်းလဲမှုလမ်းမကြီးပေါ်တွင် ခရီးနှင်နေပြီဖြစ်ပါသည်။ နိုင်ငံတကာတွင်လည်း အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရင်ပေါင်တန်းပြီး နိုင်ငံရေး၊ စီးပွားရေးတို့တွင်လည်း ပါဝင်လာကြသည်မှာ စွမ်းစွမ်း တမ်းပင်ဖြစ်ကြသည်။ သို့သော်လည်း နိုင်ငံတကာ၏ ခေါင်းဆောင်နိုင်မှုနယ်ပယ်တွင် အမျိုးသမီးထုသည် အမျိုးသားထုနောက် တော်တော်များများလျော့နည်း နေပါသည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးတွင် ၁၄ ရာခိုင်နှုန်းခန့်သာ အမျိုးသမီး ပါဝင်မှု၊ ၂၀၁၆ ခုနှစ် Forbes မဂ္ဂဇင်းရဲ့စစ်တမ်းအရ ကမ္ဘာ့အရှေ့ဆုံးသာဆုံးပုဂ္ဂိုလ် ၁၈၁ ဦးတွင် ၁ဝ ရာခိုင်နှုန်းသာပါဝင်မှုနှင့် စီးပွားရေးလုပ်ငန်းအများစု၏ အလယ်အလတ်စီမံခန့်ခွဲမှုအပိုင်းတွင်သာ အမျိုးသမီးထုများနေပြီးခေါင်းဆောင်ပိုင်းတွင် အမျိုးသားသာဖြစ်ခေနခြင်းတို့ကိုကြည့်၍ သိနိုင်ပါသည်။

နိုင်ငံတကာကို ၁ဏာထားပြီး ကျွန်မတို့မြန်မာနိုင်ငံတွင်လည်း ဝန်ကြီးဌာနအချို့လောက်တွင်သာ အမျိုးသမီးခေါင်းဆောင်တွေရှိပါသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်ထောင်ကြေးအရာ သန်းခေါင်စာရင်းအရ ၅၂ သန်း ကျော်မှာ အမျိုးသမီး၉ဝ၆ရေသည် အမျိုးသားဦးရေထက်ပိုများပါသည်။ သို့ရာတွင် ခေါင်းဆောင်မယ်ယောကျာ်းတွင် ကြည့်ပါက အမျိုးသမီး ဦးရေသည်မည်သို့ကြောင့် အလွန်နည်းနေသည်။ ကျွန်မတို့ မေးခွန်းထုတ်နိုင်ပါသည်။ အကြောင်းပြချက်လည်း ပြန်ရမေးနိုင်ပါသည်။ ဥပမာ- ၁၉၂၀ ပြည့်နှစ်မတိုင်ခင်က အမေရိကန်နိုင်ငံတွင် အမျိုးသမီးများ မဲပေးခွင့်မရသဲကျား။ မရေးရာ ခွဲခြားဆက်ဆံခြင်းကိန္နမှား၊ ဘာသာရေးအစွန်းရောက်အဖွဲ့အစည်းများ၏ အမျိုးသမီးများ ပညာသင်ကြားခြင်းအပေါ် ဖိနှိပ်ခြင်း၊ မိမိတစ်ဦးတည်း လုံခြုံမှု၊ မိမိ၏ပတ်ဝန်းကျင်တွင် လုံခြုံမှုမရှိသောကြောင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ ကြုံတွေ့ရခြင်း စသော အကြောင်းခြင်းရာ အမျိုးမျိုးရှိနိုင်ပါသည်။ သို့မေပယ်လည်း ယခုအချိန်တွင် ထိုကဲ့သို့သော အခြေအနေမျိုးမှ ကျွန်မတို့ရန်းထွက်နိုင်သည့် အခြေအနေ ဖြစ်နေပြီ ဖြစ်သည်။ အိပ်မက်ဆိုးထဲကလည်း နိုးထသင့်သည့်အချိန်ရောက်နေပြီ ဖြစ်သည်။ အမျိုးသားများနှင့် "ကာယ" အားဖြင့် ယှဉ်လှုင်မသာနိုင်သော်လည်း "ဂဏာ" အပိုင်း ကို အသုံးမခရိုင်၍ "ဉာဏ်" အပိုင်းကို အသုံးချလျင်လည်း အသေခံဆုံးပြောပါက ရနိုင်ပါသည်။ ကျွန်မတို့၏ အမျိုးသမီးထုသည် အမျိုးသားလိုးရန် တစ်ခုတည်းသုံးနေကြသည်ကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်မတို့ ကမ္ဘာကြီးကို မျက်စိတစ်စုံလုံး ဖွင့်ပြီး ကြည့်မည်ဆိုပါက စံနမူနာအဖြစ် ကျွန်မတို့လေးစားအားကျရသည့် အမေစု (ခေါ်) ဒေါ်အောင်ဆန်းစုကြည်၊ တောင်ဂိုရီယားသားမှတဝ ပတ်ဝန်းပေး။ ဂျာမနီ ဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်တို့ကို ကြည့်မည်လော၊ အမျိုးသမီးရေးတက်ကြွလှုပ်ရှားသူ အသက် (၁၉)နှစ်ခန့်သာရှိသေးသည့် မာလလာလာယွတ်ဆိုင်း၊ မီးအိမ်ရှင်မလေး နိုက်တင်ဂေးလ်၊ မေတ္တာတရားကြီးမား

> "Leadership is action not position" "ခေါင်းဆောင်ဆိုတာ ရာထူးမဟုတ်ပါဘူး၊စွမ်းဆောင်မှုပါ"ဟုပြောပါသည်။ကျွန်မအနေဖြင့်အဆိုပါစကားကို အပြည့်အဝထောက်ခံပါသည်။ ကျွန်မတို့၏အမျိုးသမီးထုအားရပ်တွင် ကိုယ်စီကိုယ်စီစွမ်းဆောင်မှုများအသီးသီးရှိကြပါသည်။ထုတ်ဖော်ပြရန်အတွက် ယုံကြည်မှုအားနည်းနေ ခြင်း သာဖြစ်ပါလိမ့်မည်။ ဥပမာ အသားလိုးရမည်မား၊ကို ကြက်သွန်လိုးရန် တစ်ခုတည်းသုံးနေကြသည်ကို ဆိုလိုခြင်းဖြစ်

ထုထက်သာသည့်အချက်များ ရှိပါသည်။ ဥပမာ-စိတ်ပိုင်းဆိုင်ရာ အကောင်းမြင်တတ်မှု၊ နူညည်သိမ်မွေ့မှု၊ ဖော်ရွေချူလာမှု၊ တည်ငြိမ်အေးချမ်းမှု၊ နှစ်သက်မှု စသည့် အရာများကို လက်နက်သဖွယ် အသုံးပြုပြီး မရဲဝံ့မှု၊ ယုံကြည်မှုနည်းခြင်းနှင့် မနှက်သင့်၊ မကြောက်သင့်သည့် အရာများကို ရှက်ရွံ့နေခြင်းများကို တိုက်ထုတ်ရပါမည်။ ကျွန်မဟောပြောပွဲတစ်ခုကို တက်တုန်းက မှတ်သားဖူးသည့် စာသားလေးကို ကျွန်မရေးသားနေသည့် အကြောင်းအရာနှင့် သက်ဆိုင်မည်ထင်ခြင်းကြောင့် မျှဝေခြင်းဖြစ်ပါသည်။ ဟောပြောပို့ချသည့် ဆရာမက ပြောပါသည်။ "Leadership is action not position " "ခေါင်းဆောင်ဆိုတာ ရာထူးမဟုတ်ပါဘူး၊ စွမ်းဆောင်မှုပါ"ဟု ပြောပါသည်။ ကျွန်မအနေဖြင့် အဆိုပါစကားကို အပြည့်အဝထောက်ခံပါသည်။ ကျွန်မတို့၏ အမျိုးသမီးထုအားလုံးတွင် ကိုယ်စီကိုယ်စီ စွမ်းဆောင်မှုများ အသီးသီးရှိကြပါသည်။ ထုတ်ဖော်ပြရန်အတွက် ယုံကြည်မှုအားနည်းနေခြင်းသာဖြစ်ပါလိမ့်မည်။ ဥပမာ အသားလိုးရမည်စားကို ကြက်သွန်သည် မာသာထရီဇာတို့ကို ကြည့်မည်လော။ထို့အပြင် အခုလာမည့် ၂၀၁၇ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်မှုအတွက် အမျိုးသားတက်ပြီးဖြစ်သည့် ဒေါ်လိန်ယ် ထရန်နှင့် အပြိုင်ဝင်ရောက်ရွေးခံခေနရသည့် ဟီလာရီ ကလင်တန်ကို ကြည့်မည်လော။ ၎င်းတို့အသီးသီးသည် ကမ္ဘာ့နိုင်ငံရေးအင်းအကျင်းတွင် ရွှမ်ရွှမ်ခွဲချွန်ဆောင်ခဲ့ကြ စွမ်းဆောင်နေကြသူများဖြစ်ပါသည်။ အားကျဂုဏ်ယူဖွယ်အတိပင်ဖြစ်ပါသည်။ယနေ့ကမ္ဘာတွင်လည်း ထိုကဲ့သို့သော အမျိုးသမီးများကို ကျွန်မတို့မြန်မာနိုင်ငံ တမိန်းဝင်တွင်သာမက နိုင်ငံတိုင်းလိုအပ်ကြမည်မှာ ဧကန်ပင်ဖြစ်ပါသည်။

ကမ္ဘာသုတေသီများ၏ လေ့လာမှုအရလည်း ပြန်းချမ်း ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုသည် အမျိုးသားများထက် သာလွန်နိုင်ကြောင်း မှတ်သားဖူးပါသည်။ သို့ဖြစ်သောကြောင့် မိမိတွင်ရှိသည့် စွမ်းဆောင်နိုင်မှုများကို ယုံကြည်မှုဖြင့် မှန်ကန်စွာ အသုံးချကြရန် မြန်မာအမျိုးသမီးထုဆီသို့ တိုက်တွန်းလိုက်ချင်ပါသည်။ ။

ဖတ်စရာ

ရိုင်းပျမ္ဘမှသည် ယဉ်ကျေးသိမ်မွေ့မှုဆီသို့

ကြည်ဖုန်းဝင်း

လူမှုကွန်ရက်များသုံးရင်း ကျွန်ုပ်သည် စာရေးဆရာမတစ်ယောက်ဖြစ်ချင်လာပါသည်။ အကြောင်းမှာ ဆဲ ဆိုခြင်း၊ စာရိတ္တပျက်စီးခြင်းများကို ပြုပြင်ပေးပြီး အေးချမ်းသိမ်မွေ့သောလောကအဖြစ် ပြုပြင်မယ်ကိုးရာသို့ တစ်ထောင့်တစ်နေရာမှ ကြောင်ဖြစ်သည်။ ယနေ့ခေတ်လူငယ်များ၊ ကျောင်းသား ကျောင်းသူများ လူမှုကွန်ရက်များကို တွင်ကျယ်စွာသုံးလာသည်နှင့်အညီ ဗဟုသုတတိုးပွားလာခြင်းထက် စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာတွင် ဆိုးသွမ်းလာခြင်းကို ပိုချွေတ္တေ့ရပါသည်။

ယခင်က ဆဲဆိုခြင်း၊ မနှစ်သက်ဖွယ်သော မဖွယ်မရာစကားဆိုခြင်းကို လူရှေ့သူရှေ့တွင် ရှက်ကြောက် တတ်ကြသော်လည်း ယခုခေတ်တွင်မူ ထိုသို့စကားများကို လူမှုကွန်ရက်များ၊ ပြိမ်များ၊ မှတ်ချက်များတွင် တချို့သောလူကြီးများမှအစ ကလေးများပါ ထမင်းစားရေသောက်စကားလိုပင် အလွယ်တကူထုတ်ဖော်ရေးသားလာကြသည်။ တချို့ပြိမ်များ၊ မှတ်ချက်များကို မဖတ်ရဲလောက်အောင် မဖတ်သော်လည်းမြင်နေရသည်မှာ မျက်စိရှက်ဖွယ်ကောင်းလှသည်။ အရှက်အကြောက်တရားကင်းမဲ့လာခြင်းဟု ဆိုရမလိုပင်ဖြစ်နေတော့သည်။ တစ်နေ့ထက်တစ်နေ့ ဖေစ်ဘွတ်စသည့် လူမှုကွန်ရက်သုံးသူမှာလည်း တိုးပွားလာပါပြီ။ ဖေစ်ဘွတ်သုံးသူတိုင်း ဤအခြေအနေကို ရိပ်စားမိပါလိမ့်မည်။

ဖေစ်ဘွတ်သည် မီးကဲ့သို့ပင် သုံးတတ်လျှင် အကျိုးရှိသကဲ့သို့ မသုံးတတ်လျှင် ဆိုးကျိုးများစွာရှိပါသည်။ ဆယ်ကျော်သက် ကျောင်းသားလူငယ်အလေးများ ဖေစ်ဘွတ်မသုံးရဟု မဆိုလိုပါ။ ဗဟုသုတ ပြင်ပညာများ ရှာဖွေဖတ်သားမျှဝေနိုင်ပါသည်။ သို့သော်လည်း ကောင်းကျိုးဘက်သုံးသည့်ကလေးထက် အမေပျာ်ရွှင်ခြင်း၊ ရည်းစားထားခြင်း၊ ရိုင်းစိုင်းသည့် မနှစ်သက်ဖ

မေတ္တာလက်နက် တန်ခိုးတက် ဝရဇိန်ထက်သာသလား

à ကိုရင်ညြ

ဓာတ်ပုံ- independent.co.uk

၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲတွင် ဗြိတိန်နိုင်ငံ ပါဝင် ပတ်သက်ခဲ့မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာမှာ ဇူလိုင် ၆ ရက်တွင် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ ခုနစ်နှစ်တိုင်တိုင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ယင်းအစီရင်ခံစာက မီးမောင်းထိုးပြလိုက်သည့် သင်ခန်းစာတစ်ရပ်သည်ကား နိုင်ငံတကာ ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းကြရာတွင် ငြိမ်းချမ်းစွာ ဖြေရှင်းသော နည်းလမ်းများ အသုံးပြုကြရန်နှင့် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်သည့် နည်းလမ်းများ မရှိတော့မှသာ စစ်ရေးနည်းလမ်းကို အသုံးပြုသင့်သည်ဆိုသော အသိတရားပင် ဖြစ်လေတော့သည်။

အီရတ်စစ်ပွဲကြီးအတွင်း ထဲထဲဝင်ဝင် ပါဝင်ခဲ့သူသည်ကား ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲဖြစ်၏။ ဆာဂျွန်ချီကော့ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးမှူးများက ခုနစ်နှစ် ခုနစ်မိုး အပတ်တကုတ် စုံစမ်းလေ့လာဖော်ထုတ်လိုက်သော အစီရင်ခံစာကြီးတွင် ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲအား မည်သို့မည်ပုံ မြည်တွန်တောက်တီးထားသည်ကို အီရတ်စစ်ပွဲကြီး၏ ပုံရိပ်ဟောင်းများက ခြောက်လှန့်နေဆဲ ယနေ့ကာလတွင် ကမ္ဘာသူ ကမ္ဘာသားတို့က စိတ် ဝင်တစားလေ့လာ စောင့်ကြည့်နေခဲ့ကြ၏။

၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲကြီးတွင် အမေရိကန်နှင့် လက်တွဲ၍ ကျူးကျော်တိုက်ခိုက်ခဲ့သော ဗြိတိန်အစိုးရ၏ လုပ်ရပ်ကို ထိုစဉ်ကပင်လျှင် သန်းပေါင်းများစွာသော ပြည်သူ့ခပင်းတို့က ဘဝင်မကျခြင်းနှင့် အတူ ထောက်ခံခြင်းကင်းကာ ရိုးရိုးရွရွ ကန့်ကွက်ခဲ့ကြလေသည်။

ပြည်သူ့ခပင်းက မျက်ကလူးဆန်ပျာကန့်ကွက်နေသည့်ကြားမှ စစ်ရေးနည်းလမ်းကိုရွေးကာ ဆက်ဒမ်ဟူစိန်၏ တိုင်းပြည်ကို ယမ်းကုန်မီးကုန် တိုက်ခိုက်ခဲ့မှုတွင် သမ္မတကျော့ဂျ်ဒဗလျူဘုရ်ှနှင့်အတူ လက်တွဲခဲ့သူ တိုနီဘလဲမှာ ယနေ့ကာလတွင် အတိတ်သမိုင်းကြောင်းက တဝဲလည်လည် ရစ်သီရစ်သီ ရှိနေလိမ့်မည်ဟု ကျွန်ုပ်တွေးတောမိလေသည်။

တိုနီဘလဲ၏ နိုင်ငံခြားရေး မူဝါဒအပေါ် အရိပ်မည်းကြီး ထိုးထားဘိအလား အီရတ်စစ်ပွဲကြီးက ပြန်လည်၍ သင်ခန်းစာပေးသည့် အချိန်သို့ ရောက်လာပြန်ပေါ့ဟု ကျွန်ုပ် ဝေဖန်တိုက ပြုမိ၏။ စစ်ပွဲသံသရာ ဝက်ပါလေအလားဟု သံဝေဂပွားမိ၏။

အီရတ်စစ်ပွဲကြီးကို အကြောင်းပြု၍ ဘလဲ၏ လေဘာပါတီမှာ ယနေ့တိုင် နှစ်ခြမ်းကွဲလျက်ရှိနေသည်။ ထိုစဉ်အတွင်းပြီးခဲ့သည့် ဇွန်လက ဥရောပသမဂ္ဂ (အီးယို)မှ ဗြိတိန်နိုင်ငံခွဲထွက်ရန် ပြည်သူများက ဆန္ဒဖော်ထုတ်ခဲ့ကြလေရာ အနှီ ပါတီကြီးမှာ အက်ကွဲကြောင်းများ ပိုမိုနက် ရှိုင်းလာနေသည်ဟု ကျွန်ုပ် သတိပြုမိလေသည်။

အီရတ်စစ်ပွဲ ဖွာလန်ကြဲ

အီရတ်စစ်ပွဲကြီးသည်ကား ဖွာလန်ကြဲခဲ့သည့် စစ်ရေးပဋ္ဌိပဏ္ဍဟု ကျွန်ုပ်ဆိုလိုက်ချင်သည်။ အကြောင်းမူကား ယင်းစစ်ပွဲကြီး၏ အကျိုးဆက်များမှာ ယနေ့တိုင် ပေးဆပ်၍ မကုန်နိုင်လေသော ကြွေးမြီပမာ ပြည်သူ့ခပင်းတို့ ခါးစည်း၍ ခံနေကြရခြင်းကြောင့်ပေတည်း။

ဤတွင်ရွေ့ကား အမေရိကန် သမိုင်းပညာရှင် နိုအမ်းချိုစကီး၏ အဆိုအမိန့် တစ်ရပ်ကို ကျွန်ုပ်ကိုးကားလိုမိ၏။

သူက . . .

"အီရတ်နိုင်ငံအပေါ် စီးပွားရေးအရလည်းကောင်း၊ စစ်ရေးအရလည်းကောင်း အရေးယူဒဏ်ခတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသူ ဦးရေမှာ လူ့သမိုင်းတွင် အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များကြောင့် သေဆုံးခဲ့ရသူ ဦးရေစုစုပေါင်းထက်ပင် ပိုမိုသာလွန်မားပြားနေသည်" ဟု မော်ကွန်းရေးထိုးခဲ့လေသည်။

အီရတ်နိုင်ငံအပေါ် အမေရိကန်ဦးဆောင်သော နိုင်ငံများက ကျူးကျော်တိုက်ခိုက်ခဲ့ရာတွင် အကြောင်းပြချက်တစ်ရပ်မှာ ဆက်ဒမ်ဟူစိန်တွင် အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ (မြန်မာမှုပြု တင်စားဖွဲ့နွဲ့ရလျှင် 'ဝရဇိန်' လက်နက်များ) ရှိနေသည်ဆိုသော စွပ်စွဲချက်ဖြစ်၏။

ဆက်ဒမ်ဟူစိန်သည် ဓာတုလက်နက်၊ ဇီဝလက်နက်နှင့် ရျှကလိယလက်နက် အစီအစဉ်များမှတစ်ဆင့် ဝရဇိန်လက်နက်ကို ပိုင်ဆိုင်နိုင်ရန် ကျားကုတ်ကျားခဲ ကြိုးပမ်းနေသည်ဟု အီရတ်စစ်ပွဲကို ကြိုးဆွဲစီမံခဲ့ကြသူများက စွပ်စွဲခဲ့ကြပြီးလျှင် စစ်ဆင်နွှဲခဲ့ကြလေသည်။

ဆက်ဒမ်ဟူစိန်သည် အကြမ်းဖက်မှုကို ထောက်ခံအားပေးနေသဖြင့် အီရတ်နိုင်ငံကို အတင်းအကြပ် လက်နက်ဖျက်သိမ်းရေး လုပ်ဆောင်စေခြင်းမှာ အကြောင်းယုတ္တိရှိသည်ဟု ထိုနှစ်ဦးက ပြောကြားခဲ့ကြပြီးလျှင် 'တရားသော စစ်ပွဲ' ဟူ၍ ကြွေးကြော်ကြကာ စစ်ခင်းခဲ့ကြလေသည်။

အီရတ်နိုင်ငံ၌ ဝရဇိန်လက်နက်များကို မတွေ့ရပါဟူ၍ ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများက စစ်ပွဲကြီး မဖြစ်ပွားမီမှာပင် လောကကြောင်း၊ ဓမ္မကြောင်း (ဥပဒေကြောင်း)တို့အရ အခိုင်အမာ တင်ပြခဲ့ကြလင့်ကစား အာဏာပိုင်စိုးသူများက တယူသန်အတွေးအမြင်ဖြင့် ငါ့စကားနွားရ ပြောဆိုကာ အီရတ်စစ်ပွဲကို ဖြန်းဖြန်းကွဲ ဆင်နွှဲခဲ့ကြသည်ဟု ကျွန်ုပ်ရှုမြင်မိလေသည်။

ရာဇဝင်လူဆိုးကြီး အာဏာရှင်ကို ဖြုတ်ချရေး

ဆက်ဒမ်ဟူစိန်ဟူသည်ကား 'ရာဇဝင်လူဆိုးကြီး' ဟူ၍ သမုတ်ခံခဲ့ရသူတည်း။ အာဏာရှင် ဆက်ဒမ်သည် စစ်အာဏာရှင်အဖြစ် ရပ်တည်ရန် ဝရဇိန်လက်နက်များ ရရှိရေး ကြိုးပမ်းနေသည်ဟု အနောက်အုပ်စုက ကြိမ်ဖန်တလဲလဲ စွပ်စွဲခဲ့ကြလေသည်။

စစ်ကြီးမဖြစ်မီမှာပင် ဗြိတိန်နိုင်ငံရှိ အောက်လွှတ်တော်မှ အမတ် ၁၅၀ ကျော်က စုပေါင်းလက်မှတ်ရေးထိုးကာ စစ်ကို တားဆီးနိုင်ရန် ကြိုးပမ်းခဲ့ကြလေသည်။ ကုလသမဂ္ဂ၏ ထောက်ခံမှု (ခွင့်ပြုမှု) မရဘဲ အီရတ်ကို စစ်ခင်းခြင်းငှာ မသင့်ဟု အမတ်မင်းများက နိုင်ငံရေး အမြင်ရှိရှိဖြင့် ဟန့်ခဲ့ကြသည့်ကြားမှ အာဏာရှင်ကြီး ဆက်ဒမ်ပြုတ်ကျရေးကိုသာ ကျော့ဂျ်ဒဗလျူ ဘုရ်ှနှင့် ဘလဲတို့က သဲကြီးမဲကြီး ဇွဲနဲပဲကြီးကြီးဖြင့် သဝေထိုးခဲ့ကြသည်ဟု ဆိုသော် ကျွန်ုပ်လွန်အံ့ မထင်နိုင်ပေ။

အီရတ်ကို ကျူးကျော်တိုက်ခိုက်ရခြင်းနှင့် ပတ်သက်၍ ဘုရ်ှအစိုးရအဖွဲ့က ဆက်ဒမ်ကို အပြစ်တင်ပုံချခဲ့သည်။ ဆက်ဒမ်သည် အရှေ့အလယ်ပိုင်းဒေသရှိ စစ်သွေးကြွအုပ်စုများကို ထောက်ခံအားပေးနေသည်ဟု ဘုရ်ှနှင့် ဘလဲတို့က ဘယ်သို့ ဘယ်ညာ စွဲချက်တင်ခဲ့ကြလေသည်။

အီရတ်စစ်ပွဲကြီး အကျိုးဆက် ဆင်ခေါင်းကို ခွေးမချီနိုင်

၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်တွင် အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းအဖွဲ့က အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်မှု စတင်ခဲ့လေသည်။

စက်တင်ဘာ ၁၁ ရက် (၂၀၀၁ ခုနှစ်) အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်ပြီးချိန်ကတည်းကပင် အီရတ်ကို ကျူးကျော်တိုက်ခိုက်ရန် သင့်၊ မသင့် ဘုရ်ှအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေး သုခမိန်များက အချေအတင် ဆွေးနွေးနေခဲ့ကြ၏။

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က အီရတ်၏ 'ဝရဇိန်' လက်နက် အစီအစဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်ပြခဲ့ရာတွင် ဆက်ဒမ်၏ မောင်းသူမဲ့ ထောက်လှမ်းရေးလေယာဉ်များ (ယူအေဗွီများ) ကိစ္စကို အထောက်အထားပြ ပြောကြားခဲ့သည်။ သို့ရာတွင် အမေရိကန် စစ်ဘက်နှင့် ထောက်လှမ်းရေး အသိုက်အဝန်းတို့က အီရတ်၏ ယူအေဗွီလေယာဉ်များအရေးနှင့် ပတ်သက်၍ ဟုတ်မှုဟုတ်ပါလေစဟု သံသယပွားခဲ့ကြသည်။

အီရတ်နိုင်ငံအား အမေရိကန်က စစ်အင်အား အသုံးပြု၍ အရေးယူရေးဟူသော ဆုံးဖြတ်ချက်တစ်ရပ်ကို အမေရိကန်ကွန်ဂရက်ရှိ ပူးတွဲလွှတ်တော်နှစ်ရပ်က မဲပေးဆုံးဖြတ်ခြင်းမရှိမီ ရက်အနည်းငယ်အလိုတွင် ယူအေဗွီလေယာဉ်များ အရေးကို အထက် လွှတ်တော်၏ အမတ် ၇၅ ဦးအားကောလင်း ပါဝဲလ်က တင်ပြခဲ့သည်။ ဆက်ဒမ်ဟူစိန်သည် အမေရိကန်၏ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းဒေသကို ဇီဝ သို့မဟုတ် ဓာတုလက်နက်ဖြင့် တိုက်ခိုက်နိုင်ရန် မောင်းသူမဲ့လေယာဉ်များကို အသုံးပြုလိမ့်မည်ဟု ပါဝဲလ်က ဆိုသည်။

နောက်ဆုံးတွင် အမေရိကန်၏ ဥပဒေအရ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ရန် ဘုရ်ှအစိုးရအဖွဲ့ လမ်းပွင့်သွားခဲ့သည်။

အီရတ်နိုင်ငံအား ကြိုတင်လက်ဦးမှုယူ၍ တိုက်ခိုက်ခြင်းသည် နောက်ဆက်တွဲ ဘေးအန္တရာယ်များ ပြွမ်းတီးလှုသည်ဟု အမေရိကန် သမ္မတဟောင်း ဘီလ်ကလင်တန်က ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် အဖန်ဖန် သတိပေးခဲ့လေသည်။

စစ်ရေးနည်းလမ်းသည် အဆိုးရွားဆုံးသော ဖြေရှင်းချက်ဖြစ်သည်ဟု မိမိယုံကြည်ကြောင်း စစ်ကြီးမဖြစ်မီ နှစ်လအလိုတွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒေါမနစ် ဒီဗီလက်ပင်းက အတိအလင်း ကြေညာခဲ့သည်။ ထိုစဉ်အတွင်း ကမ္ဘာတစ်ဝန်းရှိ စစ်ဆန့်ကျင်ရေး အဖွဲ့အစည်းများက ဦးဆောင်၍ အီရတ်ကို စစ်ဆင်နွှဲတိုက်ခိုက်ခြင်းမပြုရန် ဘဝဂ်ညံမျှ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

'ဒုတိယမြောက် ပါရှားပင်လယ်ကွေ့စစ်ပွဲ' ဟုလည်း ခေါ်ဝေါ်သော စစ်ပွဲကြီးသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကြာမြင့်ခဲ့၏။ စစ်ပွဲကြီး၏ ပထမဆင့်အရ တိုတောင်းသောကာလအတွင်းမှာပင် အီရတ်စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များ ကျရှုံးခဲ့ရ၏။

သို့ရာတွင် အမေရိကန် အသိမ်းပိုက်ခံ အီရတ်နိုင်ငံ၌ ဆင်နွှဲရသော စစ်ပွဲ ဒုတိယအဆင့်မှာမူ ခုခံတိုက်ခိုက်မှုများနှင့် ကာလရှည် တွေ့ကြုံရပြီး စစ်ပွဲကြောင့် တိုက်ရိုက်သေဆုံးသူ ၁၈၉၀၀၀ အထိ ရှိသည်။ အမေရိကန်တပ်ဖွဲ့ဝင် ၄၄၈၈ ဦး၊ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၇၉ ဦး၊ အပြစ်မဲ့ အရပ်သူ အရပ်သား ၁၃၄၀၀၀ သေဆုံးခဲ့ ကြရသည်။ အီရတ်စစ်ပွဲကို အကြောင်းပြု၍ ဒေါ်လာ ၂ ထရီလီယံကျော် ကုန်ကျခဲ့ရလေသည်။

အီရတ်စစ်ပွဲကြီး၏ ဒဏ်ရာဒဏ်ချက်များသည်ကား ယနေ့တိုင် အနာမကျက်သေးသည့် အနေအထားတွင်ရှိနေဆဲဖြစ်သည်။ အီရတ်တွင် 'ဝရဇိန်' လက်နက်ရှိသည်ဆိုသော အကြောင်းပြချက်ဖြင့် အမေရိကန်နှင့် ဗြိတိန်တို့က စစ်ခင်းခဲ့သည်ဟု တော်ဝင် အကြံပေးသုခမိန် ဆာဂျွန်ချီကော့၏ အစီရင်ခံစာတွင် ဖော်ပြထားပြီး ထောက်လှမ်းရေးသတင်းမှား အပေါ်အခြေခံကာ စစ်တိုက်ရန် ဆုံးဖြတ်ခဲ့သည်ဟု သူက ကောက်ချက်ချလေသည်။

အစိုးရအဖွဲ့အတွင်းမှာပင် အကျေအလည် ဆွေးနွေးခြင်းမရှိဘဲ စစ်တိုက်ရန် ဘလဲက ဆုံးဖြတ်ခဲ့သည်ဟု ယင်းအစီရင်ခံစာတွင် ထောက်ပြထားသည်။

ယနေ့ကာလတွင် အီရတ်စစ်ပွဲက ပေးစွမ်းသော သင်ခန်းစာပေါင်းများစွာအနက် ကျွန်ုပ်အလေးမူမိသော သင်ခန်းစာတစ်ရပ်မှာ အမေရိကန်၏ ၁၆ ဦးမြောက် သမ္မတ အေဘရာဟမ်လင်ကွန်း၏ ဆိုရိုးစကားနှင့် ကိုက်ညီနေ၏။ သူက "အင်အားရှိသော် အလုံးစုံ အောင်နိုင်၏။ သို့တမူကား အင်အားရှင်၏ အောင်ပွဲများမှာ ရေပွက်ပမာ ခဏသာတည်း၊ ကျွန်ုပ်၏ ရန်သူများကို မိတ်ဆွေအဖြစ်သို့ ပြောင်းလဲနိုင်လျှင် ရန်သူများအားလုံးအပေါ် ကျွန်ုပ်အောင်နိုင်၏" ဟူ၍ သူက ဆိုမိန့်ခဲ့သည်ကို တွေးတောမိရင်း "မေတ္တာလက်နက် တန်ခိုးတက် ဝရဇိန်ထက် သာသလော" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

မြစ်မ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်

ပုလဲ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ဗုဒ္ဓဝိဟာရသာသနဇမာန်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့နည်းပယောက်စေရေးအတွက် မြစ်မ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သော လုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် မြစ်မ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က "ကျေးရွာတစ်ရွာချင်းစီက မြစ်မ်းရောင်အရင်းမပျောက်မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လေလွင့်ဆုံးရှုံးမှုမရှိအောင်၊ တိုးပွားလာအောင်၊ တိုးပွားလာသောငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် မြစ်မ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာ၀ါးရွာမှ ကြီးကြပ်မှုကော်မတီဝင် ၃၅ ဦးကို စီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ငွေစာရင်းထိန်းသိမ်းနည်းများကို စနစ်တကျ သင်ကြားပေးခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

မြစ်မ်းရောင်စီမံကိန်းကျေးရွာများတွင် နိုင်ငံတော်က ငွေကျပ်သိန်း ၃၀၀ ကို မတည်၍အရင်းမပျောက် လည်ပတ်ရန်ပုံငွေထူထောင်ကာ ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ စားနပ်ရိက္ခာဖူလုံစေရေး၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် တံခွန်ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်အတွက် ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစ်မ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အေးချမ်းသာကျေးရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖလံပင်၊ မိုးကောင်း၊ ဝမ်းဘဲချိုင့်၊ အင်းကန်၊ နွယ်အင်း၊ ဇီးဖြူကုန်း၊ ဇေတီယျံ၊ ကြောင်သန်း၊ ရွာနောင်ကျေးရွာနှင့် သပြေရေကျေးရွာများသို့ ထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပဲခင်းမ၊ ကံရိုး၊ ကြျုံ၌၊ လုပ်သားကျေးရွာနှင့် သရက်လှကျေးရွာများသို့ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုင်းအန္တရာယ်အသိပညာပေးအထောက်အကူပြုပစ္စည်းများ အသုံးပြုပုံ ရှင်းလင်းပွဲ လွိုင်ကော်မြို့၌ပြုလုပ်

လွိုင်ကော် ဇူလိုင် ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယားပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် DCA တို့ ပူးပေါင်းဆောင်ရွက်သော မိုင်းအန္တရာယ်အသိပညာပေးရာတွင် အသုံးပြုမည့် အတည်ပြုထုတ်ဝေခွင့်ရထားသည့် ပညာပေးအထောက်အကူပြုပစ္စည်းများ အသုံးပြုပုံကို မိုင်းအန္တရာယ်ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြသော သင်တန်းဆရာ၊ ဆရာမများသို့ ရှင်းလင်းပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး DCA မှ စီမံကိန်းအရာရှိ ဒေါ်အေးအေးဇော်က မိုင်းအန္တရာယ် အသိပညာပေးရာတွင် အသုံးပြုမည့် အတည်ပြုထုတ်ဝေခွင့်ရထားသည့် ပညာပေးအထောက်အကူပြုပစ္စည်းများကို မိတ်ဆက်ပြီး ပါဝင်သည့်အကြောင်းအရာများကို ရှင်းလင်း၍ အထောက်အကူပြုပစ္စည်းများ ပြုစုဖော်ထုတ်ရာတွင် အဓိကသိစေလိုသည့် အကြောင်းအရာများ၊ ရုပ်လှန်ကားချပ်အသုံးပြုပုံ၊ လက်ကမ်းစာစောင်များ၊ ကလေးများအတွက် ရုပ်ပုံစာအုပ်နှင့် ပိုစတာများ အသုံးပြုပုံ၊ လမ်းညွှန်စာအုပ်တို့အား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် သင်တန်းသူ၊ သင်တန်းသားများက အထောက်အကူပြုပစ္စည်းများ အသုံးပြုပုံအား လေ့ကျင့်ဆောင်ရွက်ပြီး အထောက်အကူပြုပစ္စည်းနမူနာများကို သင်တန်းတက်ရောက်လာသူများထံ ဖြန့်ဝေပေးခဲ့သည်။

ကယားပြည်နယ်(ပြန်/ဆက်)

ရေတံခွန်တောင်တွင် မိသားစုလိုက် ဘုရားဖူးလာရောက်ကာ မျောက်အစာကျွေးသူများပြား

မန္တလေး ဇူလိုင် ၉

ရှမ်းရိုးမတောင်တန်းနောက်ခံနှင့် ပြာလဲ့လဲ့တောင်တော်တွင် စိတ်ဝင်စားဖွယ်ရာကောင်းသော လေ့လာစရာမြောက်မြားစွာရှိသည့်တောင်ကို ပြပါဆိုလျှင် ရေတံခွန်တောင်ကိုပြရမည်ဖြစ်သည်။ ရေတံခွန်တောင်တော်ပေါ်တွင် မျောက်များစွာ သဘာဝအတိုင်း ကျင်လည်ကျက်စားနေသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

လူကိုအန္တရာယ်မပြုပေ။ ရေတံခွန်တောင်ခြေရှိ ကျောင်းထဲတွင် မျောက်ကလေးများကို ဘုရားဖူးများက မျောက်စာကျွေးမွေးကြသည်။ မျောက်များကို ကျွေးမွေးသည့်နေရာကို သတ်မှတ်ထားသည်။ စည်းကမ်းတကျဖြင့် ကျွေးမွေးခြင်းဖြင့် ဘုန်းတော်ကြီးကျောင်း သန့်ရှင်းမှုနှင့် ကျောင်းတွင်လျှပ်ဒါန်းထားသော ပစ္စည်းများ ပျက်စီးခြင်းကင်းအောင် ဆောင်ရွက်ထားခြင်းဖြစ်သည်။

လူနှင့်ယဉ်ပါးနေသော မျောက်များမှာ တောင်ပေါ်မှတောင်အောက်သို့ အုပ်စုလိုက်ခွဲကာ သူ့အချိန်နှင့်သူ ဆင်းသက်လာတတ်သည်။ အစာကျွေးသည်နှင့်ကြိုသည့်အခါ မျောက်များ အလုအယက် စားသောက်ကြသည်။ ဘုရားဖူးများ အစာကျွေးခြင်းနှင့် မကြုံသောမျောက်များမှာ လက်ကျန်အစားအစာများကို စားလေ့ရှိသည်။ မျောက်ထီး၊ မျောက်မ၊ မျောက်ငယ်များ စုံလင်သလိုသားသမီးမျောက်များကို မိခင်မျောက်များက စောင့်ရှောက်ကျွေးမွေးသည့် မေတ္တာဘွဲ့မြင်ကွင်းကို လက်တွေ့မြင်တွေ့နိုင်သောတောင်တော်ပင်ဖြစ်သည်။ သဘာဝအတိုင်းကျလာသော ရေများကို ပိုက်များဖြင့်သွယ်တန်းထားသည့်နေရာတွင် မျောက်များ အတက်အဆင်းပြုလုပ်ကာ ရေသောက်ဟန်၊ စားသောက်ဟန်၊ အော်မြည်သံနှင့်အတူ မျောက်များ၏ သဘာဝအတိုင်း လှုပ်ရှားစားသောက်မှုကို မြင်တွေ့ရသည်မှာ ကြည်နူးဖွယ်ပင်ဖြစ်သည်။

လက်ရှိကာလတွင် မန္တလေးမြို့အနီးမှ သဘာဝဂေဟာစနစ်နှင့် ရေတံခွန်တောင်တော်သို့ ဘုရားဖူးများ နေ့စဉ်သွားရောက်ဖူးမြော်သလို မျောက်များကို အစာကျွေးခြင်းများလည်း ပြုလုပ်ကြသည်။

ရေတံခွန်တောင်တော်ကို သွားရောက်ခြင်းဖြင့်တောတောင်ရေမြေသဘာဝ မျောက်သတ္တဝါတို့၏ နေထိုင်စားသောက်ဟန်၊ သားသမီးများကို ကျွေးမွေးစောင့်ရှောက် ထိန်းသိမ်းသည့် သဘာဝကျသည့် မိဘမေတ္တာဘွဲ့သရုပ်ဟန်ပန်များကို လက်တွေ့မြင်တွေ့နိုင်ပြီး ထူးခြားသောနေရာတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။ လက်ရှိကာလတွင် ရေတံခွန်တောင်၌ မိသားစုလိုက်ကားများဖြင့် ဘုရားဖူးလာရောက်၍ မျောက်အစာ ကျွေးသူများပြား လျက်ရှိကြောင်း သိရသည်။

တိမ်တမန်

မြစ်မ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းထိန်းသိမ်းရေးသွင်းခြင်းသင်တန်းဖွင့်

ညောင်လေးပင် ဇူလိုင် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော မြစ်မ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းထိန်းသိမ်းရေးသွင်းခြင်းဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲကို ဇူလိုင် ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမြင့်သိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် မြစ်မ်းရောင်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြော ကြားသည်။

ထို့နောက် သင်တန်းသားများအား မြို့နယ်ဦးစီးမှူး ဦးသန်းလွင်နှင့် ဝန်ထမ်းများက ရန်ပုံငွေစီမံခန့်ခွဲမှုတွင် ငွေထုတ်ချေးမှု၌ လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံ ငွေသုံးစွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းခြင်းဆိုင်ရာများအား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

မူဆယ် ဇူလိုင် ၉

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် ရက်(၁၀၀)သစ္စာ စီမံချက်ဖြင့် အခြေခံကျောင်းများရှိကျောင်းသား ကျောင်းသူများအတွက် အသက်(၁၀)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုမ့်နရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ခန်းမဆောင်၌ ကျောင်းသား ၄၉ဦး ကျောင်းသူ ၃၆ဦး စုစုပေါင်း၈၅ဦးအား အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်မြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဇော်မင်းသိန်း ဒု-လဝကမှူး ဦးခင်မောင်အေးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မူဆယ်ခရိုင်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက အသက်(၁၀)နှစ်ပြည့်ပြီး ကျောင်းသားကျောင်းသူများကို စာသင်ချိန် အနှောင့်အယှက် မဖြစ်စေဘဲ အချိန်တိုအတွင်းမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရန် ယခုကဲ့သို့ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မိမိခရိုင်အတွင်းမှာရှိသည့် အခြားမြို့နယ်ရှိ ကျောင်းများကိုလည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆရာမောင်(မူဆယ်)

အသိပညာပေးဟောပြောပွဲ ယင်းမာပင်မြို့နယ်တွင် ကျင်းပ

ယင်းမာပင် ဇူလိုင် ၉

အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်စစ္စည်းများ ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက ယင်းမာပင်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာ့ဇွဲမာန်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာခိုင်ရွှေရည်အောင်၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးလွင်၊ မြို့နယ်ဥက္ကဋ္ဌ ဒေါ်နန်းစံစံထွေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး အဆင့် (၁) ဦးစောလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်စစ္စည်းများဆိုင်ရာ အသိပညာပေး ဟောပြောကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ရွှေရည်အောင်နှင့်အဖွဲ့သည် ကျောင်းစျေးတန်းသို့ သွားရောက်စစ်ဆေးပြီး ဆိုးဆေးများအန္တရာယ် အကြောင်း ပညာပေးခဲ့သည်။

ဝဲလေး(ယင်းမာပင်)

မူးယစ်ဆေးဝါးပျောက်ရေး ပြည်သူများ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်

ခဲ့ စိုင်းလူမင်း

အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ကာလအတွင်းမူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဖမ်းဆီးအရေးယူမှုများပြားလျက်ရှိသည်ကို တွေ့နေရသည်။ ဘိန်းနှင့်ပတ်သက်၍ ဘိန်းဖြူ၊ ဘိန်းမည်းများအပြင် စိတ်ကြွဆေးများက အစဖမ်းဆီးရမိမှုသတင်းများကို သတင်းစာ၊ ဂျာနယ်နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ဖတ်ရှုနေရသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့ရာတွင် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများဥပဒေ၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေမှုရှိစေရန် ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။

ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့များကိုလည်း ၂၀၁၁ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ ရပ်ကွက်/ကျေးရွာအဆင့်ထိ အဆင့်ဆင့် ဖြည့်စွက်ဖွဲ့စည်းပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက် အစိုးရများကအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ပြည်သူလူထုကလည်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို သမိုင်းကြောင်းတွင် အထင်အရှားတွေ့ရသည်။

ထိုသို့အစိုးရနှင့် ပြည်သူပူးပေါင်းဆောင်ရွက်မှု၏ရလဒ်မှာ အောင်မြင်မှုပင်ဖြစ်သည်။ ယခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ မြို့နယ်များ၌ မြို့ပြနှင့် ကျေးလက်ဒေသများမှ မူးယစ်ဆေးဝါးသုံးစွဲသူအများစုမှာ အသက် (၁၈) နှစ်နှင့် အသက် (၃၀) အကြား လူငယ်၊ လူလတ်အရွယ်ကောင်းများဖြစ်သည်။မူးယစ်ဆေးစွဲသည့်လူငယ်များသည် မူးယစ်ဆေးဝါး သုံးစွဲမှုသက်တမ်းကြာလာသည်နှင့်အမျှ မူးယစ်ဆေးဝါးသုံးစွဲရာတွင် ကနဦးတွင် မိမိမှာရှိသော ငွေကြေးဖြင့်သုံးစွဲကြသည်။ ထို့နောက် မိမိငွေကြေးနှင့် မလောက်ဘ ၍ မတတ်နိုင်သည့်အဆုံး မူးယစ်ဆေးရောင်းချကာသုံးစွဲရသည့်ဘဝ ရောက်သွားခြင်း၊ အချို့မှာ သုံးစွဲမှုများပြားကာ ဒေသအဝေါ်ဖိုးရှော့ဖြစ်ပြီးသေဆုံးရသည့်သတင်းများ မကြာခဏကြားသိနေကြရသည်။

ယခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာပိုမိုများပြားလာလျက်ရှိပြီး ထိုသို့ဖြစ်လာရခြင်းမှာ ထုတ်လုပ်ဖြန့်ဖြူးနေမှုတွင်ပိုမို၍အတင့်ရဲလာသောကြောင့် ဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာဒေသများသည် များသောအားဖြင့် အုပ်ချုပ်မှုလျော့နည်းသော နယ်စပ်ဒေသများဖြစ်သည်။ ယခင်ကလူသူ အရောက်အပေါက်နည်းသော တောလမ်းဒေသများသည် ယခုအခါထင်သာမြင်သာရှိလာသည်။ သို့သော်လည်း မူးယစ်ဆေးဝါးသယ်ဆောင်သူများ အနေဖြင့်အတင့်ရဲကာ အဆိုပါလမ်းကြောင်းများမှ သယ်ဆောင်နေကြသည်ကိုလည်း ကြားသိနေကြရသည်။

နိုင်ငံတော်ပိုင်းမှ မူးယစ်ဆေးဝါးပျောက်ရေး ၁၅ နှစ်စီမံကိန်းကာလအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ယူမှု၊ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့်မှုခင်းများအနေဖြင့် သုံးစွဲမှုကို တားဆီးခြင်း၊ အရေးယူခြင်းများ တစိုက်မတ်မတ် စဉ်ဆက်မပြတ် အားသွန်ခွန်စိုက် လုပ်ဆောင်လာခဲ့သည်။ သို့ဖြစ်ရာပြည်သူများ၏အားကိုရယူပြီး မူးယစ်ဆေးဝါး ပျောက်ရေး နောက်ထပ်ငါးနှစ်စီမံချက်ဖြင့်လည်းကောင်း၊ ရက် ၁၀၀ စီမံချက် ကာလအတွင်း၌လည်းကောင်း ထိရောက်အောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ ။

ကော့သောင်းမြို့၌ ဆွေးမြည့်နေသည့်သစ်ပင် လမ်းပေါ် ပြိုလဲ

ကော့သောင်း ဇူလိုင် ၉

ကော့သောင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်သဖြင့် အများပြည်သူသွားလာရာလမ်းပေါ်လဲကျသည့် ဆွေးမြည့်နေသော သစ်ပင်အား ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းက မြို့ခံပရဟိတအဖွဲ့များ စုပေါင်းရှင်းလင်း ဖယ်ရှားခဲ့ကြောင်း သိရသည်။

အဆိုပါနေ့ မွန်းလွဲပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်သဖြင့် ကော့သောင်းမြို့ ရွှေဟာသ်ရပ်ကွက် နိဗ္ဗာန်လမ်းနှင့် မြရည်ပုလဲလမ်းဆုံရာ အများပြည်သူသွားလာရာ လမ်းပေါ်သို့ လမ်းဘေးရှိဆွေးမြည့်နေသည့် သစ်ပင်ကြီးတစ်ပင် လျှပ်စစ်ကြိုးများပေါ် ပြိုလဲရာ လမ်းသွားလမ်းလာ လူနှင့်ယာဉ်များထိခိုက်မှုမရှိဘဲ လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သဖြင့် မြို့ခံပရဟိတအဖွဲ့များ၊ ရပ်ကွက်ပြည်သူများက လျှပ်စစ်လုပ်ငန်းမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဖြတ်တောက်ရှင်းလင်းဖယ်ရှားကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မော်တော်ယာဉ်များဖြင့် သတ်မှတ်အမှိုက်စွန့်ပစ်သည့်နေရာသို့ သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း ပြန်/ဆက်)

ရွာမကျေးရွာ အ-ထ-က(၁၉)၌ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၉

နေပြည်တော်ကောင်စီနယ်မြေ ဒကွိုဏာသီရိမြို့နယ် ရွာမကျေးရွာ အ-ထ-က(၁၉) ကျောင်း၌ ဇူလိုင် ၆ ရက် မွန်းတည့် ၁၂ နာရီက ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဒကွိုဏာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

သုတ/ ရသစာအုပ်နှင့် ဂျာနယ်စာစောင် ၂၀၀ ကျော်အား ခင်းကျင်းပြသထားကာ မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာ၊ သတင်းစကားမူးယစ်လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၃၀၀ ကျော်တို့ စိတ်ဝင်စားစွာ တက်ရောက်ခဲ့ကြသည်။

ပညာရှာမီးသောအခါ ပြင်ပဗဟုသုတများ တိုးပွားပြည့်စုံစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပေါ်ပေါက်စေရန် ရည်ရွယ်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆုထက်လှိုင်

မြေဌားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ကျောက်မဲ ဇူလိုင် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင် နိုင်ငံတော်အစိုးရ၏ ပထမရက် ၁၀၀ ကာလအတွင်း ကျေးရွာမြေများ မြေဌားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့က ဇူလိုင် ၆ ရက် နံနက်ပိုင်းက ကျွဲကုန်းကျေးရွာအုပ်စု မွေတော်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကျေးရွာမြေများ မြေဂရန်ထုတ်ပေးနိုင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်နှင့် အဖွဲ့ဝင်များသည် ကျေးရွာအုပ်စုလုပ်ငန်းအဖွဲ့နှင့် မြေဌားဂရန်လျှောက်ထားသူများကို မွေတော်ကျေးရွာ၌ တွေ့ဆုံခဲ့ပြီး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ပြောကြားရာတွင် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေနှင့် ကျေးရွာနယ်နိမိတ်ဧရိယာအတွင်း တည်ရှိပြီး လယ်ယာမြေဥပဒေပုဒ်မ ၃(က)ပါ လယ်ယာမြေတွင် အကျုံးမဝင်သည့် မြေများကိုစိစစ်၍ မြေဌားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် မြေဌားဂရန်ထုတ်ပေးနိုင်ရေးအတွက် ပြည့်စုံရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျွဲကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက မြေဌားဂရန်လျှောက်ထားမှုနှင့် ပတ်သက်၍ ကျေးရွာနေပြည်သူများ၏ သိလိုသည့်အချက်များကို မေးမြန်းစေပြီး မေးမြန်းချက်များကို မြို့နယ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

မြေဌားဂရန်ထုတ်ပေးခြင်းဖြင့် ကျေးရွာနေပြည်သူများ၏ စိတ်ပိုင်းလုံခြုံမှုများရရှိပြီး ခိုင်မာသော မြေပိုင်ဆိုင်မှုတစ်ရပ် ရရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းကျေးရွာအတွင်းမှ မူလရှိ လူနေအိမ်များကို မြေဌားဂရန်ထုတ်ပေးနိုင်ရေးအတွက် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မွေတော်ကျေးရွာတွင် မြေဌားဂရန်လျှောက်ထားသူ ၁၇၅ ဦးရှိကြောင်း သိရသည်။

ကျောက်မဲခရိုင်(ပြန်/ဆက်)

မကွေးတက္ကသိုလ်အထူးပြုဘာသာရပ်အလိုက် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မကွေး ဇူလိုင် ၉

၂၀၁၅-၂၀၁၆ ပညာသင်နှစ် မကွေးတက္ကသိုလ် အထူးပြုဘာသာရပ်အလိုက် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက မကွေးတက္ကသိုလ် မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်လွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အထူးပြုဘာသာရပ်အသင်းများဖြစ်သည့် ရူပဗေဒ၊ ဓာတုဗေဒ၊ အင်္ဂလိပ်စာ၊ ဥပဒေ၊ သင်္ချာ၊ သတ္တဗေဒ အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး သုံးဦးအဖွဲ့လိုက်ပြိုင်ပွဲနှင့် တစ်ဦးချင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့သည်။

ၛင်းနောက် မကွေးတက္ကသိုလ် အထူးပြုဘာသာရပ်အလိုက် အမျိုးသမီး ကိုယ်ကာယ ကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ သုံးဦးအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမအင်္ဂလိပ်စာအသင်း၊ ဒုတိယ သင်္ချာနှင့် တတိယ ဥပဒေပညာ အသင်းတို့မှရရှိခဲ့ပြီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အင်္ဂလိပ်စာအသင်းမှ မနဒီ၊ ဒုတိယ သတ္တဗေဒအသင်းမှ မဝေဖူးလှိုင်နှင့် တတိယ သင်္ချာအသင်းမှ မအေးမွန်ကျော်တို့က ဆုအသီးသီးရရှိခဲ့ကြပြီး မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များဖြစ်သည့် ဒေါက်တာ သက်လွင်၊ ဒေါက်တာဝင်းဝိုးနှင့် ပါမောက္ခဌာနမှူး ဆရာကြီးဆရာမကြီးများက ဆုများချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

ဧယျတု(မကွေး)

နွေစပါး GW-1 အထူးအထွက်တိုးစပါးမျိုးစံကွက်ရိတ်သိမ်း

ရွှေဘို ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါကျေးရွာအုပ်စု ကွင်းအမှတ် ၃၀၂၆၊ ဦးပိုင်အမှတ် (၅၀) တောင်သူ ဦးဇော်လင်းဦး၏ နွေစပါး GW-1 အထူးအထွက်တိုးစပါးမျိုး စိုက်ပျိုးထားသော လယ်မြေ နှစ်ဧကတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် သုည ဒသမ ၁၀ ဧကကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက တောင်သူများရှေ့တွင် စံကွက်ရိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်။

ရွှေဘိုခရိုင်အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး ၂၄၃၉၆၉ ဧက စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးခဲ့သော စပါးမျိုးများမှာ ရွှေသွယ်ရင်၊ ရွှေဆယ်ရင်နှင့် ပုလဲသွယ်စပါးမျိုးများ ဖြစ်ကြောင်း၊ ယခုအချိန်တွင် နွေစပါးစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းပြီး တောင်သူများမှာ ရိတ်သိမ်းခြွေလှေ့စက်များကို အများဆုံးအသုံးပြုကြကြောင်း၊ စံကွက်ရိတ်သိမ်းရာတွင် နွေစပါး GW-1 အထူးအထွက်တိုးစပါး သုည ဒသမ ၁၀ ဧကတွင် ၁၈ တင်းထွက်ရှိသည့်အတွက် တစ်ဧကလျှင် တင်း ၁၈၀ နှုန်းထွက်ရှိမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဆွေက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်စိုက်ပျိုးတိုးတက်မြင့်မားရေးအဖွဲ့များ၊ တောင်သူများ တက်ရောက် ကြည့်ရှုအားပေးခဲ့သည်။

ခင်ဦးစိုးဝေ

စစ်ကိုင်းမြို့မှ ဘီလူးရုပ်တုများစွာရှိသော လေးကျွန်းမာန်အောင်စေတီတော်

စစ်ကိုင်း ဇူလိုင် ၉

စစ်ကိုင်းမြို့သည် ထင်ရှားသောသမိုင်းဝင် မြို့တစ်မြို့ဖြစ်သလို စိတ်ဝင်စားဖွယ်ရာများစွာဖြင့် လှပသော မြို့တစ်မြို့ပင်ဖြစ်သည်။ သမိုင်းပြောင်မည့်း စစ်ကိုင်းတောင်တော်ရိုးဟုပင် တင်စားဖွဲ့ဆိုထားကြသည်။ ရှေးခေတ်အခါကပင် စစ်ကိုင်းမြို့သည် ဗျာဒိတ်ရနယ်မြေအဖြစ် ထင်ရှားခဲ့သည်။

စစ်ကိုင်းအစ ပန်းရမ္မသည်ဟု အစခေါ်ထားသလို စစ်ကိုင်းဒေသသည် အောင်မြေအဖြစ် လူသိများသည်။ လူသိများသောစစ်ကိုင်းသည် ခေတ်အဆက်ဆက် ရာဇဝင်တွင်စေသော ဖြစ်ရပ်များစွာရှိခဲ့သော မြို့ပင်ဖြစ်သည်။ ရှေးခေတ်ကစစ်ကိုင်း၊ ရတနာပုံခေတ်ကစစ်ကိုင်း၊ ကိုလိုနီခေတ်ကစစ်ကိုင်းအဖြစ် ဧရာဝတီမြစ်ကမ်းနံဘေးတွင် သမိုင်းတွင်စေသော အကြောင်းအရာများစွာဖြင့် ထုံမွှမ်းထားသော မြို့တစ်မြို့ပင်ဖြစ်သည်။

ရှေးခေတ်ကတည်းက ခေါ်ဝေါ်လာခဲ့သည့် ချောင်ဆိုသောအသုံးအနှုန်းများနှင့်အတူ ချောင်များစွာ တရားအားထုတ်ရာ ကျောင်းတိုက်များစွာ တည်ရှိပြီး သမိုင်းဝင်တန်ခိုးကြီးဘုရားများစွာကို ဖူးမြော်နိုင်သောနေရာပင်ဖြစ်သည်။ မြန်မာ့စက်မှုလုပ်ငန်းရှေ့ဆောင် ကနောင်မင်းသားကြီးတို့ တည်ထောင်ကြိုးပမ်းခဲ့သော သံချက်ဖိုကြီးနှင့်အတူ အစေခံ ခံတပ်အင်းဝခေတ်မှ နံရံဆေးရေးပန်းချီများ၊ စေတီပုထိုးများစွာဖြင့် ထင်ရှားသောနေရာများစွာကို လေ့လာနိုင်သည်။

ဧရာဝတီမြစ်၏ ကမ်းနှစ်ဖက်ကို ကမ်းလက်များဖြင့် ဆက်သွယ်ပေးထားသော တံတားညီနောင်မြစ်ညီမဟု တင်စားနိုင်သည့် ဧရာဝတီတံတား၊ ရတနာပုံတံတား၊ မြစ်ငယ်မြစ်နှင့် ဧရာဝတီမြစ်တို့ဆုံရာ အလှဝေဖြာသော နေရာတစ်ခုပင်ဖြစ်သည်။

ဖူးမြော်စရာစေတီများထဲတွင် စစ်ကိုင်းတောင်ရိုး သောတာပန်ရပ် ဧရာဝတီမြစ်ကမ်းဘေးရှိ သရက်ပင်ဆိပ်ကမ်းတွင်တည်ရှိသော လေးကျွန်းမာန်အောင်စေတီလည်း ပါဝင်သည်။ လေးကျွန်းမာန်အောင်စေတီကို ဘီလူးရုပ်တုများစွာရှိသော ဘုရားဟုလည်း ညွှန်းဆိုကြသည်။ ဘုရားသမိုင်းမှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ လေးကျွန်းမာန်အောင် ဘုရားနေရာကို ဘုရားရှင်ဝါတော် ၂၀ အရောက် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်လာပြီး ဇေတာဘီလူးနှင့်အတူ ၉၉ ဦးသော ဘီလူးများကို တရားဟောပြီး သောတာပန်ဖြစ်စေခဲ့သော နေရာဟု ဆိုထားသည်။

လေးကျွန်းမာန်အောင်စေတီတွင် ဘီလူး ၉၉ ဦး တရားဟောနေဟန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို လိုဏ်အတွင်း ပူဇော်ထားသည်။ စေတီမှာ ထူးခြားဆန်းကြယ်ပြီး ယနေ့တိုင်ကြည်ညိုဖွယ် ဖူးမြော်နိုင်သည်။ စေတီတော်၏ဘုဏ်တော်မှာ ၁၀၃ ပေရှိပြီးအတွင်း ရုပ်ပွားတော်မှာ ၁၃ ပေ ၁ လက်မရှိသည်။ စေတီတော်ကို သက္ကရာဇ် ၁၀၇၆ ခုနှစ်တွင် နန်းတက်သော သီရိပဝရ မဟာဓမ္မရာဇာဓိပတိဘွဲ့ခံ တနင်္ဂနွေမင်း(အင်းဝ ဆင်ဖြူရှင်မင်း)က သက္ကရာဇ် ၁၀၈၆ တွင် တည်ထားကိုးကွယ်ခဲ့သည်။ ဘုရားပွဲကို နှစ်စဉ်တော်သလင်းလဆန်း ၈ ရက်တွင် ကျင်းပသည်။ လက်ရှိကာလတွင် လေးကျွန်းမာန်အောင်စေတီကို ဘီလူးရုပ်တုများစွာရှိသော ဘုရားအဖြစ် ထင်ရှားလျက်ရှိသည်။

တိမ်တမန်

မြစ်သားမြို့ ဆင်ခြေကျေးရွာတွင် 'ရတနာဥယျာဉ်' ကျန်းမာရေးစောင့်ရှောက်မှုအသင်းဆေးခန်းဖွင့်လှစ်

မြစ်သား ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဆင်ခြေကျေးရွာတွင် တော်ဝင်အင်းဝကုမ္ဗဏီက ဆောက်လုပ်လျှက်ဒါန်းသော 'ရတနာဥယျာဉ်' ကျန်းမာရေးစောင့်ရှောက်မှုအသင်း ဆေးခန်းဖွင့်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက 'ရတနာဥယျာဉ်'၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆေးခန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းလွင်နှင့် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်တို့က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေက ဆေးခန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆေးခန်းဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဆေးခန်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးမှူး(၄)တစ်ဦးအား တာဝန်ချထားပေး၍ ကျေးရွာပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းထွန်း(မြစ်သား)

ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးလက်နေ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း လျင်မြန်လွယ်ကူစေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာသင်တန်းဖွင့်

ကျောက်ပန်းတောင်း ဇူလိုင် ၉

ကျေးလက်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် ခေတ်နှင့် လျော်ညီသော ကွန်ပျူတာအတတ်ပညာများကို တတ်ကျွမ်းနားလည်မှု ရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းနောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးက ယခုသင်တန်းကို ဌာနမှ အခမဲ့ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်သော်လည်း ဌာန၏စေတနာနှင့်အချိန်ကို အကျိုးရှိအောင် လေ့လာသင်ယူသွားကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးဒေါ်မြင့်ဝင်းက သင်တန်းအတွက်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်နေ့စဉ်ပို့ချမည့် အချိန်ဇယား၊ သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးဆွေဦး၊ ညောင်ဦးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးကျော်မင်းနောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသိန်းထွန်း၊ ပျားလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဦး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ဝင်း၊ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးတို့တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၅ ရက်မှ သြဂုတ် ၄ ရက်အထိဖြစ်သည်။

ကိုနေ(ကျောက်ပန်းတောင်း)

ပုသိမ်ကြီးမြို့နယ်တွင် နွေစပါးများလှိုင်လှိုင်ပေါ်၍ တောင်သူများ အဆင်ပြေ

ပုသိမ်ကြီး ဇူလိုင် ၉

မြန်မာနိုင်ငံသည်စိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးသောနိုင်ငံဖြစ်သောကြောင့် ဆန်၊ စပါးစိုက်ပျိုးခြင်းသည် အရေးကြီးသော ကဏ္ဍတစ်ရပ်အဖြစ်တည်ရှိနေသည်။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် နွေစပါးများကို ဆည်တော်ကြီး၊ ဆည်တော်လေး ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုအခါ နွေစပါးများ စတင်ရိတ်သိမ်းလျက်ရှိပြီး စပါးစေ့းကောင်း၍ တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒေသမှာ နွေစပါးတွေလှိုင်လှိုင်ပေါ်နေပါပြီ။ စပါးတင်း ၁၀၀ ခြောက်သိန်းကျော်လောက် စေ့းပေါက်နေတော့အဆင်ပြေပါတယ်။ တစ်ဧက ဒီနှစ်တော့ တင်း ၈၀ လောက်ပဲထွက်တယ်။ ဒီမှာတော့ နွေစပါးက ရွှေသွယ်ရင်ပဲစိုက်တာများတယ်။ သုခတို့၊ မဂျမ်းတောတို့၊ ရက် ၁၀၀ မျိုးတို့လည်းစိုက်ကြတယ်။ ရွှေသွယ်ရင်တို့၊ သုခတို့က မျိုးသုံးတင်းလောက်ပျိုးထောင်ရတာ။ သူတို့လည်းဒီနှစ် နွေစပါးအထွက်နည်းတယ်။ တစ်ဧက တင်း ၈၀ ကျော်လောက်ပဲထွက်တာ။ မဂျမ်းတောက မျိုးနှစ်တင်းပျိုးထောင်ရတာ တစ်ဧကကို တင်း ၈၀ လောက်ထွက်တယ်။ တစ်ဧကကို အရိတ်၊ အထမ်း လူ ၁၂ ဦးလောက်ဌားရတာ တစ်ဦးကို တစ်မနက် စပါးရှစ်ပြည်ပေးရတာ။ ခုနွေစပါးပြီးရင်လည်း မိုးစပါးစိုက်ကြတော့မှာ မိုးစပါးကတော့ မဂျမ်းတော စိုက်ကြတာများတယ်။ ဒီနှစ်နွေစပါးကတော့ အထွက်သိပ်မကောင်းပေမယ့်။ စေ့းကောင်းရတော့ စပါးစိုက်တောင်သူတွေ အဆင်ပြေတယ်" ဟု ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာမှ စပါးစိုက်တောင်သူဦးမြင့်အောင်က ပြောသည်။

ပုဂံခေတ်မှသည် ခေတ်အဆက်ဆက်တွင် စပါးကျီဟုတင်စားခေါ်ရသော ပုသိမ်ကြီးမြို့နယ်သည် ဆန်စပါးကိုအဓိက စိုက်ပျိုးကာ ပဲ၊ ပြောင်း၊ ကြက်သွန်၊ ငရုတ်၊ ပန်း၊ ကွမ်းရွက် အစရှိသော သီးနှံများစိုက်ပျိုးပြီး ဆည်တော်ကြီး၊ ဆည်တော်လေး ဆည်ရေသောက်စနစ်ဖြင့် သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိသောကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သန်းစော်မင်း(ပြန်/ဆက်)

ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားရေး ဟိုပန်၌ သင်တန်းဖွင့်လှစ်

ဟိုပန် ဇူလိုင် ၉

စိုက်ပျိုးရေးဝန်ထမ်းများသည် စိုက်ပျိုးရေးနည်းပညာများ၊ အတတ်ပညာများကို တောင်သူများအား အသိပညာပေး ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို '၀' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့၌ ဇူလိုင် ၇ ရက် နံနက် ၉ နာရီခွဲက စိုက်ပျိုးရေးဦးစီးဌာန ဘိန်းအစားထိုးခြံဦးစီးရုံးခန်းမ၌ ပြုလုပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးဝန်ထမ်းများ လုပ်ငန်းနယ်ပယ်၌ ကျွမ်းကျင်မှုရှိစေရန် စာတွေ့၊ လက်တွေ့ ဖြင့်နှစ်ရက်ကြာ သင်ကြားပေးပြီး ဟိုပန်နှင့် ပန်လုံမြို့တို့မှ စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် ရုံးဝန်ထမ်းများအတွက်

GETC
Building a better future

▲Communicative English
▲General English ▲FCE

Enroll Now for July Intake!

မြေနီကုန်း	တာမွေ	အင်းစိန်	မရမ်းကုန်း
01-537895, 09262963776	01-549590, 09254148006	09259822226/ 7	01-663960, 09259822220

MIC Myanmar Imperial College

edexcel
Approved Centre No. 93679

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်

HND
Business
Advertising & Branding
Hospitality & Tourism

BA
Business & Management
Marketing Management
Tourism Management

+ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူလူငယ်များအတွက် အခမ်းနားဆုံးအနာဂတ်ကိုဖန်တီးပေးနိုင်မည့် Northampton University - UK မှ တိုက်ရိုက်ပေးအပ်မည့် BA(Hons:) Business & Manage -ment, BA(Hons:) Hospitality Management, BA(Hons:)Marketing Mangement ဘာသာရပ်များ

◆◆◆ Leaders For Tomorrow ◆◆◆

 မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်

MBA | DBA

Working in Partnership with
THE UNIVERSITY OF NORTHAMPTON

+ ဘွဲ့ရမြန်မာ့အနာဂတ်လူငယ်ခေါင်းဆောင်များနှင့် လုပ်ငန်းခွင် ဂင်နေသူများအတွက်စာတွေ့လက်တွေ့ လေ့လာမှုများဖြင့် Northampton University (UK) မှ တိုက်ရိုက်ပေးအပ်မည့် စီးပွားရေးဆိုင်ရာ မဟာဘွဲ့ MBA
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေးပညာရှင်များ
+ နိုင်ငံတကာအဆင့်မှီ တက္ကသိုလ်ကျောင်းဝန်းနှင့် Facilities များ

July Intake!
09 732 10001
09 4211 00222
အမှတ် (၁) ဗျေးမြောက်လမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ပြန်ကြားရန်

ကျိုက်လတ်မြို့နယ်၊ ပရိုက်ဝကျေးရွာအုပ်စု၊ ဗမော်ကျေးရွာနေ ဖခင် ဦးစိုးသိန်း(၁)ဦးလှမြင့်၊ မိခင် ဒေါ်စန်းမြင့်(၁)ခင်စန်းမြင့်၏ သမီး [၁၄/ကလန(နိုင်)၁၃၀၉၅၂]၏ အမည်ခွန်မှာ မသန္တာစိုး(၁) မသီတာဦးဖြစ်ပြီး မွေးသက္ကရာဇ်အမည်မှန်မှာ (၁၁-၈-၁၉၈၈)ဖြစ်ပါသည်။

မွေးသက္ကရာဇ်နှင့် အမည်မှန်

မီးသတိပြု

Building a Brighter FUTURE

Since 2007

VALUESTAR
EDUCATION CENTRE

14.Jul.2016 စမည်။

ရုံးလုပ်ငန်းပင်ရန် ပြင်ဆင်နေသူများ၊တက္ကသိုလ်ဝင်တန်း ဖြေဆိုထားဖူးသော ကျောင်းသား/သူများ ၊ ရုံးလုပ်ငန်း အတွေ့အကြုံ မရှိ၍ အလုပ်အကိုင် ရရှိရန် ခက်ခဲနေသူများအတွက်ရုံးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုများကို နားလည် ကျွမ်းကျင်စေရန်၊ဂါရင့် ဆရာဆရာမကြီးများမှ သင်ကြားပေးမည်ဖြစ်ပြီးသင်တန်းပြီးဆုံးသည်နှင့် On JOB Training ဆင်းနိုင်ရန် ကုမ္ပဏီ များနှင့် ချိတ်ဆက်ပေးပါမည်။

• Office Operation Management

Office Staff / Reception / Supervisor / Admin

Course Outlines :
Organizational Behavior / Essential Skills / Office Management / Business English / Computer Skills / Personal Gromming

Day : Sat,Sun,Mon,Tue,Wed,Thurs & Fri / Time : 12:00 - 4:30 pm / Duration : 1 Month

09-5200 547, 09-45000 1145, 09-504 3580
https://www.facebook.com/Valuestar Education Centre

တိုက်(၁၅)၊ပထမထပ်၊ ဦးထွန်းလင်းခြံလမ်းထိပ်၊ Giordano ဖက်ရှင်ဆိုင်ရှေ့ကောင်းဆိုး၊လှည်းတန်း မှတ်တိုင်အနီး၊ တိုက်(၅)၊ပထမထပ်၊ For you & me Beauty Saloon အပေါ်ထပ်၊လှည်းတန်းယဉ်တိုက်၊ ဦးထွန်းလင်းခြံလမ်း၊လှည်းတန်း၊

City College Yangon

edexcel advancing learning, changing lives
BTEC PEARSON
Centre Number: 96045

Engineer ဖြစ်လိုသူများ

City College Yangon တွင် HND Engineering Program ဖြင့် အင်ဂျင်နီယာဖြစ်လိုသူများကို (၁၀)တန်းအောင် (သို့မဟုတ်) IGCSE O-Level ဖြေဆိုအောင်မြင်ပြီးသူတိုင်း တက်ရောက် သင်ယူနိုင်ခွင့်ရှိပါသည်။ လုပ်သက်ရင့်ကျွမ်းကျင်သောဂါရင့်ဆရာ၊ ဆရာမများက ထိရောက်သောနည်းစနစ်များဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပါသည်။ ပြည့်စုံသော Lab အခန်းများ နှင့် စက်ရုံ၊ အလုပ်ရုံများ၊ တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ လက်တွေ့ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများကိုပါ ထိရောက်စွာသင်ယူလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။ HND Engineering Diploma လက်မှတ်ရရှိပြီး နိုင်ငံတကာတက္ကသိုလ်များတွင် နောက်ဆုံးနှစ်တက်ရောက်ပြီး Bachelor of Engineering(B.E)ဘွဲ့ကို ရယူနိုင်ပါမည်။ စတင်တက်ရောက်မည့်ကျောင်းသူ၊ ကျောင်းသားများကို Foundation Course (၅)လ စတင် သင်ကြားပေးမှာ ဖြစ်ပါသည်။

A Higher National Diploma (HND) is a Higher Education Qualification of the United Kingdom

HND Engineering Course သည် ကမ္ဘာ့နာမည်အကြီးဆုံး World's Most Famous Applied Education Program တစ်ခုဖြစ်ပြီး United Kingdom မှ Diploma လက်မှတ်ချီးမြှင့်သော အဆင့်မြင့် ပညာရေး program တစ်ခုလဲ ဖြစ်ပါသည်။
HND လက်မှတ်သည် စာသင်နှစ် (၃)နှစ် သို့မဟုတ် (၄)နှစ် သတ်မှတ်ထားသော ဒီဂရီကောလိပ်များ၏ ဒုတိယနှစ် နှင့် ညီမျှပြီး HND လက်မှတ်ရရှိပြီးပါက ကမ္ဘာတက္ကသိုလ်ကြီးများတွင် အဆင့်မြင့်ပညာရပ်များကို ဆက်လက်တက်ရောက် သင်ယူခွင့် ရရှိမည်ဖြစ်ပါသည်။

City College မှ အောက်ပါ Engineering ဘာသာရပ်များကို သင်ယူလေ့လာနိုင်မည် ဖြစ်ပါသည်။

- Construction and Building Management (Civil Engineering)
- Mechanical Engineering
- Electrical & Electronic Engineering

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက် Scholarship အခွင့်အရေး

၁ဘာသာဂုဏ်ထူး (၁၀%)၊ ၂ဘာသာဂုဏ်ထူး (၂၀%)၊ ၃ဘာသာဂုဏ်ထူး (၃၀%)၊ ၄ဘာသာဂုဏ်ထူး (၄၀%)၊ ၅ဘာသာဂုဏ်ထူး (၅၀%)၊ ၆ဘာသာဂုဏ်ထူး (၈၀%)

YTU တွင်သင်ကြားမှုအတွေ့အကြုံအနစ် ၂၀အထက်ရှိပြီး HND သင်ကြားမှုအတွေ့အကြုံပြည့်ဝသော လုပ်သက်ရှိ ဂါရင့်ကျွမ်းကျင်သော ဆရာ၊ဆရာမများမှ ထိရောက်သောနည်းစံနစ်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို သင်ကြားခြင်း။ City College Yangon တည်နေရာသည် သွားရေးလာရေးလွယ်ကူသည့် ရန်ကုန်မြို့၏ အချက်အချာကျသော နေရာတွင်တည်ရှိခြင်း။ ခေတ်မီကောလိပ်ကျောင်းများနည်းတူ အဆင့်မြင့်စာသင်ခန်းများ၊ ကွန်ပျူတာ၊ အင်တာနက်၊ စာကြည့်တိုက်၊ e-book နှင့် သင်ယူလေ့လာစရာ Softwareများ ထားရှိပေးခြင်း။ IGCSE နှင့် HND တန်းများ တက်ရောက်နေစဉ်ကာလအတွင်း IELTS 4 Skills ကို ကျောင်းသား၊ ကျောင်းသူများအား သင်ကြားပေးခြင်း။ BE in Engineering, 1Year after HND Diploma in Singapore/UK or Myanmar.

www.citycollegeyangon.com
facebook.com/citycollegeyangon

Call : 09 450 634 402 ~ 3 ~ 4
Diamond Condo, Tower(A) 1st Floor, Hledan, Pyay Road, Yangon.

ကန်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈၊ မြေကွက်အမှတ် ၆၀၅၊ မြေကွက်တည်နေရာအမှတ် ၆၀၅၊ စွယ်တော်လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးမြင့်သန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်မျိုးအောင်(ခ)ဦးမျိုးအောင်[၁၂/ကတတ(နိုင်)၀၂၁၉၉၈]မှ တင်ပြပါမစ်မူရင်းတွင် မိသားစုစာတိပုံနှင့် ရွှေပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခြင်းခံရသူများ၏ ဗီဒီယိုနေထိုင်သူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်စာရွက်(၆၀)မြောင်းစာချုပ်(၇ရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-L-၁၇/၆၀၊ မြေကွက်အမှတ်-၄၈၊ မြေကွက်တည်နေရာအမှတ်(၄၈)(L-၁၇/၆၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (ဒေါ်ယုနန္ဒာမြင့်)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်ယုနန္ဒာမြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူ ဦးသက်လိုင်[၁၂/မရက(နိုင်)၀၃၀၃၀၂]မှ ပါမစ်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမျူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိုးနှိပ်ခချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ဌာနမှ ကွင်းဆင်းစိစစ်ရာ သုပ်မီးပျုံ့ကာအိမ်(၁)လုံးရှိ လူမနေ ကွင်းဆင်းစဉ်သော့ဖွင့်ပြပါသည်။ သို့ဖြစ်၍၎ ဦးသက်လိုင်၏ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တိုက်ခန်းရောင်းရှိသည်

ကျွန်ုပ်သယလမ်း၊ ကျောက်မြောင်း 2F, ၂ယောက်ခန်း၄ခန်း၊ ဝရန်တာ အကျယ်၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ကိုယ်ပိုင်မီးရေ အထူးပြင်ပြီး။
13', 60' 460 သိန်း
ညိုရိုင်းစေး
ဖုန်း-၀၉၅၀၇၁၃၆

ကန်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၄၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၅/ခ)၊ တိုးချဲ့(၄)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပ(ဦးချစ်ဟန်)(CA-003848)အမည်ပေါက် နစ်(၆၀)ဂရန်မြေအား ဒေါ်သြ၊ ဒေါ်သန်းပြိမ်းအား တရားပြိုင်ထား၍(တရားလိုဦးခင်မောင်ဖေမှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမမှုလမှုအမှတ်-၁၉၈/၀၆ဇလိုမှုအမှတ်-၅၇/၁၂၂ နှင့် အရောင်းအယ်စာချုပ်-၃၀၆(၂၈-၁-၀၃) ဖြင့်ဝယ်ယူထားသူ ဦးခင်မောင်ဖေ(EI-၀၆၂၁၅၅) [၁၀/မဒန(နိုင်)၀၆၄၄၃]မှ အရောင်းအဝယ်စာချုပ်မိတ္တူမှန်၊ ဂရန်မိတ္တူမှန်တို့တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂျပန်နိုင်ငံသို့ သွားရောက်လိုသူများအတွက်

TOKYO UNIVERSITY OF SOCIAL WELFARE MYANMAR JAPANESE LANGUAGE OFFICE

တည်ထောင်ခြင်း(၄)နှစ်ပြည့်မြောက်သည်ကို ကြိုဆိုသောအားဖြင့် အထူးအခွင့်ရေးအနေနှင့်

(၂၀၁၆) အောက်တိုဘာတန်း ကျောင်းလျှောက်လွှာများကို

အချိန်ကာလတိုးမြှင့်လက်ခံနေပါကြောင်းမင်္ဂလာသတင်းကောင်းပါးအပ်ပါသည်။

အသက် (၁၈)နှစ်မှစ၍ ကျား/မ မရွေး၊ အာမခံဝန်ဆောင်မှု၊ လေယာဉ်လက်မှတ်လက်ဆောင်၊ ပညာသင်ဝန်ဆောင်မှု
အလုပ်အကိုင်မိတ်ဆက်ပေးမှု အစရှိသဖြင့် ဝန်ဆောင်မှုများနှင့် အချို့သာဆုံးဈေးနှုန်းဖြင့် စီစဉ်ဆောင်ရွက်ပေးနေပါသည်။

- ဆက်သွယ်စုံစမ်းရန် -

TOKYO UNIVERSITY OF SOCIAL WELFARE MYANMAR JAPANESE LANGUAGE OFFICE

BUILDING NO . A-3-2, Room:102, MYANMA GONYI HOUSING, UPPER PANSODAN ROAD
MINGALAR TAUNG NYUNT TOWNSHIP, YANGON, MYANMAR.

TEL: 01-393 370, 09 – 4211 47070, 09-7814 35583. EMAIL: tokyo.fukushi.myanmar@gmail.com

တနင်္လာနေ့မှ စနေနေ့(နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း)

သွေးလွန်တုပ်ကွေး (DHF)၊ ဇီကာဗိုင်းရပ်စ် (Zika Virus) ခြင်အန္တရာယ်ကင်းဝေးဖို့ တီမီဂတ် 1% SG (Temeguard) ဖိုးလောက်လန်းသတ်ဆေး သုံးကြစို့

လူနှင့်ကျောရိုးရှိ တိရစ္ဆာန်များအား ဘေးဥပဒ်အန္တရာယ်မရှိပါ။

ဖြန့်ဖြူး-သည်ကုမ္ဏီ – **Eternal Victory General Trading Co., Ltd.**
Room No. 801/803, No. 310, Wardan st, Winshwewar Building, Lammadaw Tsp., Yangon, Myanmar.
Ph : 01 226744, 01 2300246, HP : 095118448, 095202427

ပြည်ထောင်စုပြန်ကိုင်း ပိုးသတ်ဆေးမှတ်ပုံတင်အမှတ် - Pa-ma-Pha 3/2015(897)

KKပွဲရုံ - ဈ/၃၇၊ ခတ္တာလမ်း။ ဘုရင့်နောင်ပွဲရုံတန်း။ ရန်ကုန်။
ကိုမိုးသူ - တိုက်-၃၊ အခန်း(၁)၊ နင်းဆီလမ်း။ ယုဇနပလာဇာအနီး။ ရန်ကုန်။
နေလအထူးကုဆေးခန်း - T4/5 အောင်ရတနာအိမ်ရာ၊ သံသုဟလမ်းမကြီး။ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ရွှေသိန်းပွဲရုံ - အဆောင်-၄ ၂ အခန်း(၂)၊ ကျွဲဆည်ကန်ပွဲရုံတန်း။ မန္တလေးမြို့။
အောင်မင်္ဂလာပွဲရုံ - အမှတ်- ၂၄၄ ၃ ၂ လမ်း။ ၇၄/၈၅ လမ်းကြား။ မန္တလေးမြို့။
ဦးတင်ဝေ - အမှတ်-၉/၃၇ ၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းသွယ်၊ ဥသာမြို့သစ်၊ ပဲခူးမြို့။
ဒေါ်ခင်လှပွဲရုံ - ရေးကြီးတန်း။ တောင်ငူမြို့။
ကိုလင်းခိုင် - အမှတ်-၁/၁၆၊ ရန်ကုန်-မန္တလေးလမ်း။ ကန့်ဦးရပ်၊ ဟူးပန်းမြို့။
ဝံပယ်ဖြူရိုက်ပျိုးရေးဆေးဆိုင် - ပဲတန်းကမြောက်ဘက်ထိပ်၊ ဗဟိုရေး။ မိတ္ထီလာမြို့။
ဒွဲမေတ္တာကုန်စုံဆိုင် - တရုတ်တန်းနှင့် ပန်းတိမ်တန်းလမ်းထောင့်၊ ရေးကြီးအနီး။ ပြည်မြို့။
ကိုကျော်ဝေယျ - အမှတ်-၁၁၊ သစ္စာလမ်း၊ တိုင်းကျွန်းမာရေးရုံးအနီး။ ၅-ရပ်ကွက်၊ ပုသိမ်မြို့။
ကိုဇော်မင်းနောင် - အမှတ်-၁ ၂ ရွှေဘိုတပ်၊ အပြင်လမ်း။ ၆/ရပ်ကွက်၊ ပုသိမ်မြို့။

ACE® PE WATER TANK
KOREA HI-TECH

- ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
- သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကုန်ကြမ်း)
- နှစ်(၃၀)အာမခံပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်

HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL

VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

Ph: 01 684743, 09 73094221, 09 450048469

အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

Armstrong
ဆေးရုံဆေးခန်း ကျန်းမာရေးဌာနများ အတွက် အသင့်တော်ဆုံး
HEALTHCARE SOLUTION FLOORING

Marketed by: Home Distribution Group
Building – N , Room No. (33,34) သီရိရတနာ လက်ကားရေး၊ သုမ္ဘာလမ်း၊ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအနီး၊ မြောက်ဥက္ကလာပ။
09 79 700 70 88
09 79 700 70 99

အထူးအကျိုးဆောင် အိမ်၊ ခြံ၊ မြေ (တောင်ဥက္ကလာပ)

- ရန်ကင်း ဖိုးကောင်းလမ်း ၂၅' × ၉၀' 2RC (ဝှား) ၂၂ သိန်း
- သုမင်္ဂလာလမ်း ၂၀' × ၆၀' 2RC (ဝှား) ၁၅ သိန်း
- ရတနာလမ်း ၂၀' × ၆၀' (ဝှား) ၈ သိန်း

အနေထားနဲ့ ကျွန်ုပ်၊ ဘိုက်ခန်းများ ခရောင်း/ငှား
အကျိုးဘူးဆောက်လုပ်မည့် မြေရှင်နှင့် အနီးဆိုက်တာများလည်း
ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၉ ၂၅၃၈၂၆၊ ၀၉ ၄၂၅၂၉၆၃၃။

အမည်ပြောင်း

ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း ဦးအောင်ကျော်ဇော(ခ)ဦးမြသိန်း [၁၁/စတန(နိုင်)၀၃၇ ၁၄၆၊၅ သမီးဖြစ်သူ Grade (10-C)မှ မမြတ်မဌာ(အောင်အား မဆုသိစ်နှင့် သားဖြစ်သူ မောင်ကောင်းခန့် ကျော်Grade(7-K) အား မောင်အောင်ပြည့်ဟိန်းဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဝါရန်။

ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမည်မှန်

ပုဇွန်တောင်မြို့နယ်၊ အထက(၄) သတ္တမတန်း(ဘီ)မှ မောင်ဥာဏ်လင်းထက်၏ဖခင်အမည်မှန်မှာ ဦးလွင်မြတ်မိုးဖြစ်ပြီး မွေးသက္ကရာဇ်မှန်မှာ ၈-၆-၂၀၀၄ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် (၆၈/ခ)၊ မြေကွက်တည်နေရာအမှတ် (၆၈/ခ)၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးမြအေး CE-022062) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြအေး ကွယ်လွန်သဖြင့် ဒေါ်ခင်သန်း(၁/ဥကတ(နိုင်)၁၁၁၃၂)က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

မြို့မြစ်မင်္ဂလာနှင့်မြစ်ဝန်ခဲ့ရေဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပိုင်ရှင်ကိုယ်တိုင် ရောင်း/ငှားမည်

၁။ ရွှေပြည်သာအမှတ်(၄)လမ်းမကြီး/ (လမ်းမတန်းမေးတင်)၊ မင်းမဟာဓာတ်ဆိပ်ဆိုင်အနီး၊ လယ်ဂရန်မြေ (လ. နှ လျှောက်၍ စက်ရုံ၊ အလုပ်ရုံများလုပ်ကိုင်ခွင့်ရှိ) စုစုပေါင်း ၁၂. ၅ကေ ပိုင်း၍ ရောင်းမည်။ တစ်ဧကကျပ်သိန်း-၃၅၀၀(ရောင်း) ညှိနှိုင်း (ငှား)

၂။ မရမ်းကုန်း၊ အောင်သိဒ္ဓိလမ်းမကြီးပေါ်ရှိ ပေ(၆၀×၅၂) ဂရန်မြေ၊ မင်းခမ္မလမ်းဘက်အခြမ်းနှင့်နီး၊ ကျပ်၁၅သိန်း(ငှား)

၃။ မင်္ဂလာဒုံကြိုဆင်းစု၊ သိဒ္ဓိလမ်းနှင့်သစ္စာလမ်းမျက်နှာနှစ်ဖက်ပွင့် ပေ(၇၅×၂၄၀) ညှိနှိုင်းစေျး(ငှား)

ဆက်သွယ်ရန်ဖုန်း-၀၉-၉၇၅၇၅၁၈၁၉

သီဟလင်း

အိမ်ကြီး/အိမ်ရှေ့ဝန်ဆောင်မှုလုပ်ငန်း

မြို့တွင်းနယ်ဝေး
အိမ်အပြောင်းအရွှေ့အတွက်
စီစဉ်ပေးပါသည်။

Ph : 01-570307,
09-5112729,
09-5126394

လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိခြင်း

